ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၂၀ ပြည့်နှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ

ပုံနှိပ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်**

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၁၃၀၀၀

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# ပြည်ထောင်စုတရားသူကြီးချုပ် နှင့်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

| | | | |
|---|---|---|---|
| ၁။ | ဦးထွန်းထွန်းဦး | B.A (Law),LL.B | ပြည်ထောင်စုတရားသူကြီးချုပ် |
| ၂။ | ဦးသာဌေး | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၃။ | ဦးမြင့်အောင် | B.A | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၄။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၅။ | ဦးမြဟန် | B.A.(Law).,LL.B<br>D.B.L, D.M.L | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |
| ၆။ | ဦးမျိုးတင့် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၇။ | ဦးစိုးနိုင် | B.A.(Law).,LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |
| ၈။ | ဦးခင်မောင်ကြည် | LL.B | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| | (၁၄-၆-၂၀၁၇ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ) | | |

၉။ ဦးမျိုးဝင်း LL.B, C.B.L ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၁၅-၁၁-၂၀၁၈ ရက်နေ့မှ ၄-၂-၂၀၂၁ ရက်နေ့အထိ)

၁၀။ဦးမျိုးမောင် LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၁။ဦးကြည်သိန်း LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၄-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၂။ဦးခင်မောင်ကြီး LL.B. ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၃။ ဦးတင်ဟုန် LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၄။ ဒေါ်ခင်မေရီ LL.B ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

(၇-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးမြင့်အောင် | B.A | ဥက္ကဋ္ဌ |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | |
| | တရားသူကြီး | | |
| ၂။ | ဦးအောင်ဇော်သိန်း | B.A.(Law).,LL.B | အဖွဲ့ဝင် |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | |
| | တရားသူကြီး | | |
| ၃။ | ဦးတင်ဟုန် | LL.B | အဖွဲ့ဝင် |
| | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | | |
| | တရားသူကြီး | | |
| ၄။ | ဦးစန်းလွင် | B.A.(Law).,LL.B | အဖွဲ့ဝင် |
| | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် | | |
| | ဥပဒေရေးရာဝန်ကြီးဌာန | | |
| ၅။ | ဦးမြသိန်း | B.Com, M.P.A,R.L, | အဖွဲ့ဝင် |
| | တရားလွှတ်တော်ရှေ့နေ | D.M.L | |
| ၆။ | ဒေါ်တင်နွယ်စိုး | LL.B,LL.M, | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူးချုပ် | M.A. Asian Law | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |

၇။ ဒေါ်ဖြူမာဝေ LL.B အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ် Dip in English,
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန Dip in French
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၈။ ဒေါ်ကြည်ကြည်စိန်း LL.B, D.B.L အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် Dip in English
(တရားစီရင်ရေး)
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၂၈-၉-၂၀၂၀ ရက်နေ့မှ ၃-၁၂-၂၀၂၀ ရက်နေ့အထိ)

၉။ ဒေါ်သီမာနွယ် LL.B အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး)
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
(၃-၂-၂၀၂၁ ရက်နေ့မှ ၁၅-၇-၂၀၂၁ ရက်နေ့အထိ)

၁၀။ ဒေါ်စုစုဝင်း
LL.B, LL.M အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
( ၂၇-၂-၂၀၂၀ ရက်နေ့မှ ၂၀-၄-၂၀၂၁ ရက်နေ့အထိ)

၁၁။ ဒေါ်ထားထား LL.B, LL.M အဖွဲ့ဝင်

ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၂၆-၄-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၂။ ဦးစောမျိုးမျိုး LL.B,LL.M အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

ပြစ်မှုတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၁၅-၂-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

၁၃။ ဒေါ်သန်းသန်းတင့် LL.B အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

တရားမတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၃-၁၁-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၁ ရက်နေ့အထိ)

၁၄။ ဒေါ်အေးအေးမော် LL.B,LL.M အဖွဲ့ဝင်

ညွှန်ကြားရေးမှူး

တရားမတရားစီရင်ရေးဌာန

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(၃-၅-၂၀၂၁ ရက်နေ့မှ ယနေ့အထိ)

| | | | |
|---|---|---|---|
| ၁၅။ | ဒေါ်မိမိစိန် | LL.B | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူး | | |
| | စာချုပ်တော်ဌာန | | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| ၁၆။ | ဒေါ်ဥမ္မာအေး | LL.B, LL.M | အဖွဲ့ဝင် |
| | ညွှန်ကြားရေးမှူး | D.B.L, Master of | |
| | ဥပဒေလုပ်ထုံးလုပ်နည်းဌာန | International and Business Law | |
| | ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | | |
| | (၂၆-၄-၂၀၂၁ ရက်နေ့မှ ယနေ့အထိ) | | |

“တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည်”

**(ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရွှေ ပါ ၂ )** [၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

## မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | က-ည |
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | နှင့် | ဒေါက်တာသန်းထွန်း | ၁ |
| ဦးဖရယ်ဒီစိန် | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ | ၂၀ |
| ဦးဖရယ်ဒီစိန် | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ | |
| ဦးလှဝင်း | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ | ၃၆ |
| မအေးသီတာစိုး | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | ၅၅ |
| မအေးသီတာစိုး | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် | |
| မအိမ့်သက်ပိုင်မှူး | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ | ၈၁ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | ကက-ကခ |
| ဦးစိုးမြင့် | နှင့် | ဒေါ်ခင်နှင်းသက် ပါ ၆ | ၁ |

## မာတိကာ

## စီရင်ထုံးပြုသောစာချွန်တော်မှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| ညွှန်းချက် | | | ၁က-၁ဈ |
| မောင်ကျော်မင်း | နှင့် | မြို့နယ်တရားသူကြီး ကော့မှူးမြို့နယ်တရားရုံး ရန်ကုန်တိုင်းဒေသကြီးပါ-၂ | ၁ |
| ဒေါ်ချစ်ပုံ့ပုံ့ထွေး | နှင့် | ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပါ-၄ | ၁၆ |
| ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ | နှင့် | မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မင်းလှမြို့ | ၄၃ |

# ၂၀၂၀ ပြည့်နှစ်

# ရာဇဝတ်ဆိုင်ရာအမှုများ

ညွှန်းချက်                                    (က)

**ရာဇဝတ်ဆိုင်ရာမှုခင်းများ**                    စာမျက်နှာ

ဥပဒေများ -

- ကရင်နီပြည်နယ်(ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
- ရာဇဝတ်ကျင့်ထုံးဥပဒေ
- ရာဇသတ်ကြီးဥပဒေ
- သက်သေခံဥပဒေ

**ကယားပြည်နယ်အတွင်း ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေအရ ရုပ်သိမ်းခွင့် ပြုရန်သင့်မသင့် သို့မဟုတ် ကရင်နီပြည်နယ် (ဥပဒေများ တိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေအရ ကျေအေးခွင့်ပြုရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများ တိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းရှိ ဒေသတစ်ခုဖြစ်သည့် ကယားပြည်နယ်အတွင်း တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသောပြစ်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒေသန္တရဥပဒေဖြစ်သည်။

ညွှန်းချက်

ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများနှင့် အကျုံး စာမျက်နှာ မဝင်သည့် အခြားသောပြစ်မှုများအတွက် ပြဋ္ဌာန်းထားသော တစ်နည်းအားဖြင့် သီးခြားအကြောင်းအရာ တစ်ခုခုနှင့်သာ သက်ဆိုင်သော အထူးဥပဒေမဟုတ်ပေ။

၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (ဆ) တွင် ရှေးဦးကျသောဥပဒေပြဋ္ဌာန်းချက် တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသောဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ရှေးဦးကျသော ရာဇဝတ်ကျင့်ထုံးဥပဒေက ရာဇသတ် ကြီးပုဒ်မ ၂၉၄ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁) (၂) အရ ကျေအေးခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ပြီး နောက်ကျသည့် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေက ကျေအေးနိုင်ခွင့်ရှိကြောင်း အထူးပြဋ္ဌာန်းထားရာ ဥပဒေပါ ပြဋ္ဌာန်းချက် ၂ ခု ကွဲလွဲဆန့်ကျင်နေသည်မှာ ထင်ရှားသည့်အတွက် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၃ (ဆ) အရ နောက်ကျသောဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း)

ဥပဒေကို အတည်ဖြစ်စေရမည် ဖြစ်ပေသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။ ။** ရာဇဝတ်မှုတစ်ခုကို ကျေအေးခြင်းသည် နစ်နာသူ၏ သဘောထားအပေါ် အခြေတည်ပြီး၊ ရုပ်သိမ်းခြင်းသည် တရားစွဲအဖွဲ့အစည်း၏ သဘောထားအပေါ် မူတည်၍ တရားရုံးက အဆုံးအဖြတ်ပြုရခြင်းဖြစ်သည်။ နစ်နာသူကိုယ်တိုင် ကျေအေးခွင့်ရနိုင်မည့် အခြေအနေတွင် ရုပ်သိမ်းစေခြင်းဖြင့် နစ်နာသူရရှိနိုင်သော အခွင့်အရေးကို ငြင်းပယ်ရာရောက်မည်ဖြစ်သည်။

ကယားပြည်နယ်တွင် နေထိုင်၍ အချင်းချင်း မှုခင်းဖြစ်ပွားသော တရားလို၊ တရားခံများသည် အဆိုပါပြည်နယ်အတွက် သီးခြားပြဋ္ဌာန်းထားသော ဥပဒေပါ အခွင့်အရေးနှင့် ရပိုင်ခွင့်များကိုရရှိမှသာ တရားမျှတမှု ရှိမည်ဖြစ်သည်။

ဦးဖရယ်ဒီစိန် နှင့် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀
၂။ ဒေါ်မူထိုက်
၃။ ဦးစောမောင်

ဦးဖရယ်ဒီစိန် နှင့် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
၂။ ဖိလစ်ပို

(ဃ) ညွှန်းချက်

**အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာ ရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် မည်သည့်အမိန့်မျိုးကိုမဆို ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အရေးယူဆောင်ရွက်ခွင့် ရှိ၊ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ထုတ်ပြန်သော တစ်ဆင့်ခံဥပဒေဖြစ်သည့် အထူးအယူခံမှုစစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ပါ " မည်သည့် အမှုကိုမဆို " ဆိုသောစကားရပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပါ "အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို" ဟုသာ အနက်အဓိပ္ပာယ် ဖွင့်ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ မူလတရားရုံး၏ စွဲချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့် အမိန့်၊ တစ်နည်းအားဖြင့် ကြားဖြတ်အမိန့်သည် အပြီးသတ်စီရင်ထားသော အမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ်

စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ခြင်းမရှိသည်မှာ မြင်သာ စာမျက်နှာ ပေသည်။

ပြည်ထောင်စုသမ္မတ နှင့် ဒေါက်တာသန်းထွဋ် ၁

မြန်မာနိုင်ငံတော်

**မူလရုံးတရားလို၏ ပြန်ရှင်းစစ်မေးစဉ် ထွက်ဆိုသော ထွက်ချက်များကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့်အချက်ကိုသာ ထုတ်နုတ်သုံးသပ်သည့် အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိမရှိ။**

**ဆုံးဖြတ်ချက်။** မှုခင်းတစ်ရပ်တွင် အဓိကစစ်ဆေးခြင်းဖြင့် အမှု၏ ဖြစ်ရပ်ပေါ်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးခြင်းဖြင့်လည်း သက်သေများ၏အခြေအနေမှန်၊ ၎င်းအပေါ် ယုံကြည်ထိုက်ခြင်း ရှိ မရှိ စသည့် မျှတမှန်ကန်မှုကို အထောက်အကူပြုစေမည့်အချက်များ သိရှိနိုင်မည်ဖြစ်သည်။ ထပ်မံစစ်မေးခွင့်ပေးခြင်းဖြင့် အမှုမှန်ကို ပိုမိုရှင်းလင်းမြင်သာစေနိုင်မည်ဖြစ်ရာ သက်သေခံဥပဒေပုဒ်မ ၁၃၈ သည် တရားမျှတမှုဖြစ်စေရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်းပင် ဖြစ်သည်။

သို့ဖြစ်၍ သက်သေတစ်ဦး၏ ထွက်ဆိုချက်ကို သုံးသပ်ရာတွင် စာမျက်နှာ ထွက်ဆိုချက်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်မှသာ ပြည့်စုံမှန်ကန် နိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ဦးလှဝင်း၏ ထွက်ဆိုချက်တစ်ရပ်လုံး ကို သုံးသပ်ပါက ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရန်မရိုးမဖြောင့် သောသဘောဖြင့် လှည့်ဖြားကြောင်း ထွက်ဆိုသည့် တရားလို ဦးလှဝင်း၏စွပ်စွဲချက်ကို ပျက်ပြယ်စေသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မူလ ရုံးတရားလို ဦးလှဝင်း၏ ထပ်မံစစ်မေးစဉ် ထွက်ဆိုသော ထွက်ချက်ကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ မျက်ကွယ်ပြု၍ ဦးလှဝင်း၏ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့်အချက်ကိုသာ ထုတ်နုတ်သုံးသပ်ကာ အမှုတွဲချေဖျက်ခြင်းဖြစ်သဖြင့် အဆိုပါ အမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဦးလှဝင်း နှင့် ၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၃၆

၂။ ဦးစိုးမြင့်

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ခ)ပါ " retrial " ဟူသော စကားရပ်ကို စွဲချက်တင်သည့်အဆင့်က ပြန်လည် စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁)(ခ) ပါ **"retrial"** ဟူသော အသုံးအနှုန်းကို တရားရုံးများလက်စွဲအပိုဒ် ၁၁၂၇ တွင် ပြဋ္ဌာန်းထားသည့် အယူခံရုံး၊ ပြင်ဆင်ရုံးတို့၏ အမိန့် အရ အမှုသစ် **(new trial)** ဖွင့်လှစ်ရာတွင် ဆောင်ရွက် ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ယှဉ်တွဲဖတ်ရှုမည်ဆိုပါက **"retrial"** ဟူသောစကားရပ်ကို စွဲချက်တင်သည့်အဆင့်က ပြန်လည် စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူရန်သင့်မည်မဟုတ် ဘဲ **"new trial"** အသစ်ပြန်လည်စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူမှ သာ သဘာဝကျပေမည်။

ထိုသို့စစ်ဆေးရန်မှာ အောက်ရုံး၏ ပြစ်မှု ပြစ်ဒဏ်ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ၊ လုပ်ထုံး လုပ်နည်းအရ လွန်စွာလွဲမှားနေသည့်အပြင် အမှုသည်တစ်ဦးဦး အပေါ် နစ်နာစေသော၊ တရားမျှတမှုကို ထိခိုက်စေသော စီရင်မှု

မျိုးအတွက်သာဖြစ်သင့်ပေသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားလိုဘက်အနေဖြင့် စွဲချက်အဆင့်တွင် ပြင်ဆင်မှုတက်ရောက်ရန် အချိန်လုံလောက်စွာ ရရှိပါလျက် မူလရုံးက ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက်ပိုမိုကြီးလေးသော သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးပါရန် ပြင်ဆင်မှု လျှောက်ထားချက်အပေါ် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပြင်ဆင်မှုကို ခွင့်ပြု၍ မူလခရိုင်တရားရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်သော အမိန့်ကိုပယ်ဖျက်ပြီး တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင် ပြန်လည်စစ်ဆေးစီရင်ရန် ညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မျှတ မှန်ကန်မှုရှိသည်ဟုမဆိုနိုင်။

မအေးသီတာစိုး နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၅၅

---

မအေးသီတာစိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**(၇)နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကို** စာမျက်နှာ **ကျူးလွန်စဉ် ဝင်ရောက်ကာကွယ်သူကို သေစေခြင်း၊ လူတစ်ယောက်အပေါ် သေစေသည့် ပြစ်မှုကို ကျူးလွန် စဉ် အချင်းဖြစ်နေရာ၌ပင် အခြားတစ်ယောက်ကို တစ်ပြိုင်တည်း မသေမချင်း ထုရိုက်သေစေအောင် ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှုအမျိုးအစားတွင် ငြိစွန်းအကျုံးဝင်ကြောင်း ရှေးဦးအမြင်အရ ပေါ်ပေါက်ခြင်းရှိမရှိ။**

**ဆုံးဖြတ်ချက်။ ။** တရားခံရဲဝင်းသည် ဦးစိုးလင်းသန်းအပေါ် (၇) နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကျူးလွန်စဉ် ဝင်ရောက်ကာကွယ်သူ ဒေါ်ချောစုစုလင်းကိုလည်း တစ်ဆက်တည်း ထပ်မံထုရိုက်၍ သေစေကြောင်း ပေါ်ပေါက်သည်။ လူတစ်ယောက်အပေါ် သေစေသည့် ပြစ်မှုကျူးလွန်စဉ် အချင်းဖြစ်နေရာ၌ပင် အခြားတစ်ယောက်ကို တစ်ပြိုင်တည်း မသေမချင်း ထုရိုက်သေစေခြင်းဖြစ်သဖြင့် ရဲဝင်း၏ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှု

(ည) ညွှန်းချက်

အမျိုးအစားတွင် ငြိစွန်းအကျုံးဝင်ကြောင်း ရှေးဦးအမြင်အရ စာမျက်နှာ ပေါ်ပေါက်သည်။

| | | | |
|---|---|---|---|
| မအိမ့်သက်ပိုင်မှူး | နှင့် | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၃ | ၈၁ |

+၂၀၂၀ ပြည့်နှစ်

ဒီဇင်ဘာလ ၁၁ ရက်

**ရာဇဝတ်အထူးအယူခံမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးမျိုးတင့်၊ ဦးစိုးနိုင် တို့ရှေ့တွင်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နှင့်**

**ဒေါက်တာသန်းထွဋ် ***

**အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် မည်သည့်အမိန့်မျိုးကိုမဆို ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၀ အရ အရေးယူဆောင်ရွက်ခွင့်ရှိ မရှိ။**

**ဆုံးဖြတ်ချက်**။ ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်အထူးအယူခံမှုအမှတ် ၂

\+ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၈၇ (ခ)

ထုတ်ပြန်သော တစ်ဆင့်ခံဥပဒေဖြစ်သည့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ ပါ "မည်သည့်အမှုကိုမဆို" ဆိုသောစကားရပ်သည် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပါ "အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို" ဟုသာ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ မူလတရားရုံး၏ စွဲချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့် အမိန့်၊ တစ်နည်းအားဖြင့် ကြားဖြတ်အမိန့်သည် အပြီးသတ် စီရင်ထားသော အမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စုတရား စီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံး ဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ခြင်းမရှိသည်မှာ မြင်သာပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဒေါ်သီသီရွှေ၊ ဥပ္ပန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| အယူခံတရားခံအတွက် | - | ဦးချစ်ကိုကို၊<br>တရားလွှတ်တော်ရှေ့နေ |

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာပင်

ရပ်ကွက်ရှိ နေအိမ်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများကို လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားပြု၍ ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ လက်ခံခဲ့သဖြင့် ဒေါက်တာသန်းထွန်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲချက်တင်သည့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် ရွာသစ်ကျေးရွာရှိ နေအိမ်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများအတွက် ကျသင့်ငွေကို မပေးချေဘဲ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြုသည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ စွဲချက်တွင် ဖြည့်စွက်ပြင်ဆင်ပေးရန် အမှုလိုက်ဥပဒေအရာရှိက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ လျှောက်ထားခဲ့ရာ ပယ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၈၇ (ခ) ဖြင့် တင်သွင်းရာ ပလပ်သဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးပေးပါရန် ဆက်လက်တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာအား ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၂၀၂၀ ပြည့်နှစ်

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
ဒေါက်တာသန်းထွဋ်

"မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁ တွင် ချမှတ်ခဲ့သည့် စွဲချက် အမိန့်တွင် "သင်၏ ရွှေကြာပင်ရပ်ကွက်ရှိ နေအိမ် အတွက် ငွေကျပ် ၅၀၄၆၆၉၇၆ တန်ဖိုးရှိ ဆောက်လုပ် ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်း များကိုလည်းကောင်း၊ ရွာသစ်ကျေးရွာရှိ နေအိမ် အတွက် ငွေကျပ် ၁၀၀၉၇၂၈၁၀ တန်ဖိုးရှိ ဆောက်လုပ် ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်း များကိုလည်းကောင်း၊ သင်၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး လက်ခံခဲ့သည်" ဟူသော စကားရပ် ကို ဖြည့်စွက်ပြင်ဆင်ပေးရန် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၂၇ အရ လျှောက်ထားချက်ကို ပယ်ခဲ့သည့် အမိန့်သည် ဥပဒေနှင့် ညီညွတ် မှန်ကန်ခြင်းရှိ မရှိ"

အမှုမှာ ၂၀၁၇ ခုနှစ်အတွင်း ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန FDA ခာတ်ခွဲခန်းအဆောက်အအုံ (၂) လုံး နှင့် ပြည် နယ်၊ တိုင်းဒေသကြီး၊ ခရိုင် (၁၂) ရုံး၊ ဆောက်လုပ်ခွင့်ရရှိခဲ့ သည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ

ဒက္ခိဏာသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်ရှိမြေကွက်နှင့် ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာအနောက်ဘက်ရှိ မြေကွက်ပေါ်တွင်အဆောက်အအုံအတွက်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများကို လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ လက်ခံခဲ့သူ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းထွဋ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူပေးရန် သတင်းပေးတိုင်တန်းစွဲဆိုမှုဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အမှုတွဲပါ သက်သေခံချက်များအရ ၂၀၁၇ ခုနှစ်၊ မတ်လတွင် ဒေါက်တာသန်းထွဋ်က နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်ရှိ အိမ်သို့ခေါ်၍ ၎င်းပိုင်ခြံဝင်း၌ ဖောင်ဒေးရှင်းချထားသော နေအိမ်ကို ဆက်လက်၍ ဆောက်လုပ်ပေးရန်၊ ဆောက်လုပ်ရာတွင် လိုအပ်သည့် ဆောက်လုပ်ရေးပစ္စည်းများပို့ပေးရန် ဦးညီညီကို တောင်းဆိုသဖြင့် တာဝန်ယူဆောက်လုပ်ပေးခဲ့ရကြောင်း၊ ကျပ်သိန်း ၅၀၀ ကျော်ခန့်တန်ဖိုးရှိ ပစ္စည်းများ ပို့ပေးခဲ့ရကြောင်း၊ ၂၀၁၇ ခုနှစ်၊ မေလတွင် ရွာသစ်ကျေးရွာရှိ မြေကွက်တွင် နေအိမ်ဆောက်လုပ်ရန်အတွက် လိုအပ်သောပစ္စည်းများနှင့်

နေအိမ်ဆောက်လုပ်ပေးရန် ဒေါက်တာသန်းထွဋ်က ထပ်မံတောင်းဆို၍ ဦးနေလင်းအား ဆောင်ရွက်ပေးရန် စေခိုင်းခဲ့ကြောင်း၊ သက်သေခံ (ဃ-၁) မှ (ဃ-၂၃)၊ (ဥ-၁)၊ (ဥ-၆၁) ပြေစာများဖြင့်၊ အုတ်၊ သဲ၊ ကျောက်များကို ဦးလှမျိုးထွန်းဆိုင်မှလည်းကောင်း၊ သက်သေခံ (ဥ-၆၂) မှ (ဥ-၉၀) ပြေစာများနှင့် ရွာသစ်ကျေးရွာအတွက် အုတ် ၊ သဲ ၊ ကျောက်များ၊ သက်သေခံ (ဃ-၂၄) မှ (ဃ-၃၀) ပြေစာများဖြင့် ရွှေကြာပင်အတွက် သစ်များကို ဦးမြင့်လွင်ဆိုင်မှလည်းကောင်း ပေးပို့ရမည့်နေရာတွင် ရွာသစ်၊ ရွှေကြာပင်ဟု ဖော်ပြထားသဖြင့် ဒေါက်တာသန်းထွဋ်ပိုင်သည့် ရွှေကြာပင် မြေကွက်နှင့် ရွာသစ်ကျေးရွာရှိ မြေကွက်တွင် အိမ်ဆောက်ခြင်းကို ဦးနေလင်းက တာဝန်ခံဆောက်လုပ်ပြီး ကုမ္ပဏီက ကုန်ကျစရိတ် တာဝန်ယူခဲ့သည်မှာ ထင်ရှားကြောင်း၊ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ်သိန်း ၁၅၀၀ ကျော်ဖြစ်ကြောင်း၊ ကုန်ကျငွေများကို ဒေါက်တာသန်းထွဋ်က ပေးချေခြင်း မရှိဘဲ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြု၍ လက်ခံရယူခဲ့သည်မှာ ပေါ်ပေါက်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ (၁) အရ တရားရုံးတစ်ရုံးသည် စီရင်ချက်မချမီ မည်သည့်အချိန်၌မဆို စွဲချက်တစ်ခုခုသို့ပြောင်းလဲခြင်း သို့မဟုတ် ဖြည့်သွင်း

ခြင်းပြုနိုင်ကြောင်း၊ တရားလိုဘက်က တင်ပြသော သက်သေခံ အထောက်အထားများအရ တရားခံအပေါ် စွဲချက်တင်နိုင်ရန် မြင်သာသည့် သက်သေခံအထောက်အထားများရှိပါက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၄ အရ စွဲချက်တင်ရမည်ဖြစ်ကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၂ (၁) အရ တရားခံအပေါ် မည်သည့်အတွက်ကြောင့် စွဲချက်တင်ရသည်ကို သိနိုင်စေရန် အတွက် ပြစ်မှုကျူးလွန်သောအချိန်၊ နေရာ၊ မည်သူ့ကို ကျူးလွန်ခဲ့ကြောင်း၊ မည်သည့်အရာဝတ္ထုနှင့် စပ်လျဉ်းပြီး ကျူးလွန်ခဲ့ကြောင်းကို စွဲချက်တွင် ပြည်စုံစွာရေးသားရမည်ဖြစ်ကြောင်း၊ မူလရုံးစွဲချက်အမိန့်တွင် ရွာသစ်ကျေးရွာရှိ နေအိမ် အတွက် ငွေကျပ် ၁၀၀၉၇၂၈၁၀ တန်ဖိုးရှိ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများကို သင်၏ လုပ်ပိုင်ခွင့်အာဏာကို အလွဲသုံးစားပြုပြီး လက်ခံခဲ့သည်ဟု ဖြည့်စွက်ပြင်ဆင်ပေးပါရန် လျှောက်ထားတင်ပြသည်။

အယူခံတရားခံ၏ရှေ့နေက အမှုတွင် တရားလိုပြ သက်သေ (၃၂) ဦး စစ်ဆေးပြီး သက်သေခံ (က) မှ (ပ)အထိ တင်သွင်းခဲ့ကြောင်း၊ တရားခံဘက်မှလည်း သက်သေခံ (၁) မှ

(၁၅) အထိ တင်သွင်းခဲ့ကြောင်း မူလရုံးစွဲချက်အမိန့်တွင် “ သင်သည် နေပြည်တော် FDA ဓာတ်ခွဲခန်းအဆောက်အအုံ (၂) လုံးနှင့် ပြည်နယ်/ တိုင်းဒေသကြီး (၁၂) ရုံးတို့ တင်ဒါအောင်မြင်ဆောက်လုပ်ခွင့်ရရှိသည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ သင်၏ နေအိမ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ နေအိမ်အတွင်း အသုံးအဆောင်ပစ္စည်းများကို သင်၏လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုပြီး လက်ခံခဲ့သည်ဖြစ်၍ ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲချက်တင်ကြောင်း၊ အပြစ်မပေးထိုက်ကြောင်းထုချေရန် ဖော်ပြထားသည်ကို တွေ့ရကြောင်း၊ ဒေါက်တာသန်းထွန်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) အရ သက်သေအဖြစ် ပထမအကြိမ် အဓိကစစ်မေးစဉ်တွင် ရွှေကြာပင်ရပ်ကွက်ရှိ နေအိမ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ နေအိမ်အတွင်း အသုံးအဆောင်ပစ္စည်းများအတွက် လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြုခြင်းမရှိကြောင်း ထုချေချက်ပေးခဲ့စဉ်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ စွဲချက်ကို ဖြည့်စွက်ပေးရန် လျှောက်ထားခြင်းမပြုခဲ့ကြောင်း၊ ဒုတိယအကြိမ် ထပ်မံချိန်းဆိုသည့်အချိန်၌ ရာဇဝတ်ကျင့်ထုံး

ဥပဒေပုဒ်မ ၂၂၇ အရ ရွာသစ်ကျေးရွာနှင့် ပတ်သက်သည့် စွပ်စွဲချက်ကို ထပ်မံဖြည့်စွက်ပေးရန် အမှုလိုက်ဥပဒေအရာရှိက လျှောက်ထားခဲ့ကြောင်း၊ နှုတ်ဖြင့်လျှောက်ထားချက်အပေါ် ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်နိုင်ရန်အတွက် စာဖြင့်လျှောက်ထားရန် မူလရုံးက ညွှန်ကြားခဲ့သဖြင့် တရားလိုနှင့် တရားခံဘက်နှစ်ဘက်စလုံးမှ စာဖြင့် တင်ပြခြင်း၊ နှစ်ဘက်လျှောက်လဲခြင်း၊ ကျယ်ကျယ်ပြန့်ပြန့်ကြားနာခြင်း ပြုလုပ်ခဲ့ပြီးနောက် ကြားဖြတ်အမိန့်ချမှတ်ခဲ့ကြောင်း၊ အဆိုပါ ကြားဖြတ်အမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ရာဇဝတ်ပြင်ဆင်မှုအမှတ် ၈၈၇ (ခ)/ ၂၀၁၉ ဖြင့် တင်သွင်းလျှောက်ထားခဲ့ရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကျဉ်းနည်းပလပ်သည့် အမိန့်ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအခြေအနေမှာ အပြီးသတ်အမိန့်အတွက် နှစ်ဘက်လျှောက်လဲချက်ကြားနာရန် အဆင့်ဖြစ်ကြောင်း၊ ယင်းအခြေအနေတွင် အမှုရွှေ့ဆိုင်းလာသည်မှာ ၁၀ လခန့်ကြာပြီဖြစ်ကြောင်း၊ ယခုအမှုကို ခွင့်ပြုခဲ့ပါက အစမှပြန်လည်စစ်ဆေးရမည့် အခြေအနေဖြစ်ရာ အမှုကြန့်ကြာနိုင်ပါကြောင်း၊ လျှောက်ထားသည့်အမှုမှာ ကြားဖြတ်အမိန့်အပေါ် လျှောက်ထားမှုဖြစ်ပြီး အပြီးသတ်အမိန့်မဟုတ်ပါ

ကြောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ ပြည်ထောင်စုတရားသူကြီးချုပ်က အများမြင်သာပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်၍ ယခုအမှုကို လက်ခံကြားနာခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ အပြီးသတ်အမိန့်မဟုတ်သည့်အတွက် အထူးအယူခံမှု တင်သွင်းခွင့်မရှိကြောင်း၊ အထူးအယူခံမှုကို ပလပ်သင့်ကြောင်း၊ မူလတရားရုံး၏ စွဲချက်အမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြင်ဆင်မှုတင်သွင်းခြင်း မရှိခဲ့မှုကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း လျှောက်ထားတင်ပြသည်။

မူလတရားရုံး၏ စွဲချက်အမိန့်ကို ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့်အမိန့်၊ တစ်နည်းအားဖြင့် ကြားဖြတ်အမိန့်သည် အပြီးသတ်စီရင်ထားသောအမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ခြင်းရှိ မရှိ ဦးစွာဆုံးဖြတ်ရမည်ဖြစ်သည်။

ယခုအမှုကို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စု

ရှေ့နေချုပ်ရုံးက အကြောင်းပြ၍ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၂၀ အရ ပြည်ထောင်စုတရားသူကြီးချုပ်ထံ တင်သွင်းလျှောက်ထားမှုဖြစ်သည်။ အများပြည်သူအကျိုးငှာ အရေးယူလောက်သော ဥပဒေပြဿနာရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က ထင်မြင်ယူဆလျှင် **မည်သည့် အမိန့်မျိုးကိုမဆို** ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၀ အရ အရေးယူဆောင်ရွက်ခွင့် ရှိ မရှိ၊ တိကျသော လမ်းညွှန် ဆုံးဖြတ်မှုတစ်ခုပြုရန်လိုအပ်ခြင်း ရှိ မရှိ စိစစ်သင့်သည်ဟု ယူဆသဖြင့် ဤအမှုကို လက်ခံကြားနာခြင်းဖြစ်သည်။

သတင်းပေးတိုင်ချက်တွင် ဒက္ခိဏသီရိမြို့နယ်၊ ရွှေကြာ ပင်ရပ်ကွက်ရှိ မြေကွက်ပေါ်တွင် အဆောက်အအုံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ တန်ဖိုးငွေကျပ် ၅၀၄၆၆၉၇၆ ကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ်၊ ရွာသစ်ကျေးရွာအနောက်ဘက်ရှိ မြေကွက် ပေါ်တွင် အဆောက်အအုံအတွက် ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ တန်ဖိုး ငွေကျပ် ၁၀၀၉၇၂၈၁၀ ကိုလည်းကောင်း ပေးချေခြင်းမပြုဘဲ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ လက်ခံခဲ့သူ ဒေါက်တာ

သန်းထွဋ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ အရေးယူပေးရန် ဖော်ပြတိုင်ကြားခဲ့ခြင်းဖြစ်သည်။ သတင်းပေးတိုင်ချက်အရ စွပ်စွဲချက်နှစ်ရပ်ကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြတိုင်ကြားခြင်းဖြစ်သည်။

မူလတရားရုံး၏ စွဲချက်အမိန့်တွင် **"သင်သည်နေပြည်တော် FDA ဓာတ်ခွဲခန်းအဆောက်အအုံနှစ်လုံးနှင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်ရုံး (၁၂) ရုံးတို့ တင်ဒါအောင်မြင်ဆောက်လုပ်ခွင့်ရရှိသည့် ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ သင်၏ နေအိမ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများကို သင်၏ လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုပြီးလက်ခံခဲ့သည်ဖြစ်၍"** ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ စွဲချက်တင်လိုက်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

စွဲချက်ပါဖော်ပြချက်အရ စွပ်စွဲချက်နှစ်ရပ်အတွက် ပြစ်မှုတစ်မျိုးတည်းသာ ကျူးလွန်ရာရောက်သဖြင့် စွဲချက်တစ်ရပ်တည်းသာတင်သည့် သဘောသက်ရောက်ပေသည်။ သို့သော် တရားခံက စွဲချက်ကိုထုချေရာတွင် နေပြည်တော်၊ ရွှေကြာပင်ရပ်ကွက်ရှိ မြေကွက်မှာ နိုင်ငံတော်က ကျွန်တော့်အားပေးသော

မြေကွက်ဖြစ်ပြီး ထိုမြေပေါ်ရှိ နေအိမ်မှာ ကျွန်တော်၏ ကိုယ်ပိုင်ငွေဖြင့် မြန်မာအင်တီဂရိတ်တက်အင်ဂျင်နီယာရီးလီမိတက်ကို ဆောက်လုပ်ခိုင်းခြင်းဖြစ်ပါသည်။ ရဲတိုက်မြို့တော်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများထံမှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် နေအိမ်အသုံးအဆောင်ပစ္စည်းများကို ကျွန်တော်၏ လုပ်ပိုင်ခွင့်အာဏာအလွဲသုံးစားပြု၍ လက်ခံခဲ့ခြင်းမရှိပါ။ ကျွန်တော့် ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူတည်ဆောက်သော ပစ္စည်းများသာ ဖြစ်ပါသည်။ အဆိုပါကုမ္ပဏီများကို ကျွန်တော်လုပ်ပိုင်ခွင့် အာဏာသုံး၍ အခွင့်အရေးပေးခြင်း မရှိခဲ့ပါဟု ဖော်ပြထုချေခဲ့သည်။ ယင်းထုချေချက်အရ ၎င်းအပေါ် စွဲချက်တင်ဖြေရှင်းစေသည့် စွပ်စွဲချက်သည် စွပ်စွဲချက်တစ်ရပ်သာဖြစ်သည်ဟု တရားခံက သဘောပေါက် နားလည်သည်မှာ မြင်သာပေသည်။

တရားခံ၏ ထုချေချက်အပေါ် မူတည်ပြီး အမှုလိုက်ဥပဒေအရာရှိက သတင်းပေးတိုင်ချက်ပါ စွပ်စွဲချက်နှစ်ရပ်အနက် စွပ်စွဲချက်တစ်ရပ်ဖြစ်သည့် ရွာသစ်ကျေးရွာအနောက်ဘက်ရှိ မြေကွက်ပေါ်တွင် အဆောက်အအုံအတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ တန်ဖိုးငွေကျပ် ၁၀၀၉၇၂၈၁၀ ကိုလည်း လုပ်ပိုင်ခွင့်အာဏာ

အလွဲသုံးစားပြုပြီး လက်ခံခဲ့သည့်ကိစ္စရပ်အတွက် စွဲချက်တွင် ဖြည့်စွက်ပြင်ဆင်ပေးရန် လျှောက်ထားခြင်းဖြစ်သည်ကို တွေ့ရသည်။

ယင်းလျှောက်ထားချက်အပေါ် မူလရုံးက ရွာသစ်ရွာရှိ အဆောက်အအုံနှင့်ပတ်သက်၍ စွပ်စွဲတင်ပြရာတွင် တရားလိုဘက်မှ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၁ အရ သက်သေပြရန် တာဝန်ကျေပွန်ခြင်းမရှိကြောင်း၊ တရားလိုဘက်က တင်ပြသော သက်သေခံစာရွက်စာတမ်းများတွင် ဒေါက်တာသန်းထွဋ်နှင့် ပတ်သက်၍ ငြိစွန်းခြင်း ပေါ်ပေါက်ခြင်းမရှိကြောင်း သုံးသပ်ပြီး လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်၍ ယင်းသို့ လျှောက်ထားချက်ကို ပယ်ခြင်းမှာ ရွာသစ်ကျေးရွာနှင့် ပတ်သက်သော စွဲချက်တစ်ရပ်ကို ပယ်ဖျက်သည့်သဘောသက်ရောက်လျက်ရှိသည်။ တစ်နည်းအားဖြင့် စွပ်စွဲချက်တစ်ရပ်ကို ပယ်ဖျက်သည့် သဘောသက်ရောက်လျက်ရှိသဖြင့် စွဲချက်တစ်ရပ် ထပ်မံတင်၍ စစ်ဆေးစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားနိုင်သည့် အခွင့်အရေးတစ်ရပ် တရားလိုဘက်မှ ရရှိပြီးဖြစ်ပေသည်။

သို့သော် ယင်းအခွင့်အရေးကို တောင်းဆိုခြင်းမပြုဘဲ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ အရ လျှောက်ထားချက်ကို ပယ်သည့်အမိန့်အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြင်ဆင်မှု တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြင်ဆင်မှုအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပလပ်သည့် အမိန့်ချမှတ်ခဲ့ပြီး ဖြစ်သည်။ ပြင်ဆင်မှုကို ပလပ်သည့်အမိန့်ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ရာ အဆိုပါ ကြားဖြတ်အမိန့်အပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခွင့် ရှိ မရှိ အငြင်းပွားပြဿနာ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၀ တွင် အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှအပ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပြီးသတ် စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆို အများပြည်သူ အကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလျှင် ထိုပြဿနာကို အထူးအယူခံခုံရုံး သို့မဟုတ်

စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ခုံရုံးက တရားမမှု၊ ပြစ်မှုဆိုင်ရာအမှု သို့မဟုတ် အခြားအမှုတစ်ခုခုတွင် အပြီးသတ်စီရင်ထားသော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်တို့ကို အမှုသည်တစ်ဦးက မကျေနပ်လျှင် အမှုကို ပြန်လည်စစ်ဆေးစီရင်ရန် ကာလစည်းကမ်းသတ်အတွင်း အထူးအယူခံဝင်ခွင့်ပြုရန် အထွေထွေလျှောက်လွှာ တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ တွင် အထူးအယူခံခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှအပ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စစ်ဆေးစီရင်ထားသော မည်သည့်အမှုကိုမဆို အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆလျှင် ပြည်ထောင်စုတရားစီရင်ရေး

ဥပဒေပုဒ်မ ၂၀ အရ ထိုပြဿနာကို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်နှစ်ရပ်ကို ယှဉ်တွဲလေ့လာလျှင် အများပြည်သူအကျိုးငှာ အရေးယူလောက်သော ပြဿနာတစ်ရပ်ရပ် ပေါ်ပေါက်သည်ဟု ပြည်ထောင်စုတရားသူကြီးချုပ်က မိမိသဘောအရ ထင်မြင်ယူဆပါက အထူးအယူခံခုံရုံးဖြင့် စစ်ဆေးစီရင်ထားသည့် အမှုမှလွဲ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စစ်ဆေးစီရင်ထားသော မည်သည့်အမှုကိုမဆို အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်သည်ဟု သဘောသက်ရောက်လျက်ရှိပေသည်။

ဥပဒေပြုခြင်းတွင် တိုက်ရိုက်ဥပဒေပြုခြင်း (Direct Legislation) နှင့် တစ်ဆင့်ခံဥပဒေပြုခြင်း (Subsidiary Legislation) သို့မဟုတ် သွယ်ဝိုက်၍ဥပဒေပြုခြင်း (Indirect Legislation) ပါဝင်သည်။

တစ်ဆင့်ခံဥပဒေပြုခြင်းမှာ ဥပဒေပြုအာဏာပိုင်က ပြဋ္ဌာန်းထားသည့်ဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်း

များ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရန် ပြဋ္ဌာန်းသည့်ဥပဒေတွင် အခွင့်အာဏာအပ်နှင်းခြင်းခံရသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်က လိုအပ်သလို ထုတ်ပြန်ခြင်းဖြစ်သည်။ လုပ်ထုံးလုပ်နည်းဆိုသည်မှာ ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေအရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ထုတ်ပြန်သော အသေးစိတ်လုပ်ထုံးလုပ်နည်းများဖြစ်သည်။

တစ်ဆင့်ခံဥပဒေပြုခြင်းတွင် အကျုံးဝင်သည့် ဥပဒေကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ဖော်ပြသော လုပ်ထုံးလုပ်နည်းသည် တိုက်ရိုက်ဥပဒေပြုခြင်းတွင် အကျုံးဝင်သည့်ဥပဒေကို လွှမ်းမိုးနိုင်ခြင်းမရှိသည်မှာ မြင်သာပေသည်။

၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၉ တွင် ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တစ်ခုခု၌ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်သည် ယင်းဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုသည့်အတိုင်း

ဖြစ်စေရမည်။ သို့ရာတွင် အခြားနည်းအဓိပ္ပာယ်ဖွင့်ဆိုရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းလျှင် ယင်းသို့ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

သို့ဖြစ်ရာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေအရ ထုတ်ပြန်သော တစ်ဆင့်ခံဥပဒေဖြစ်သည့် အထူးအယူခံမှု စစ်ဆေးစီရင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၁၃ ပါ မည်သည့်အမှုကိုမဆို ဆိုသောစကားရပ်သည် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပါ အပြီးသတ်စစ်ဆေးစီရင်ထားသည့် မည်သည့်အမှုကိုမဆိုဟုသာ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည် ဖြစ်သည်။

ထိုကြောင့် မူလတရားရုံး၏ စွဲချက်အမိန့်ကို ဖြည့်စွက် ပြင်ဆင်ပေးရန် လျှောက်ထားချက်အပေါ် ပယ်သည့်အမိန့်၊ တစ်နည်းအားဖြင့် ကြားဖြတ်အမိန့်သည် အပြီးသတ်စီရင်ထားသော အမိန့်မဟုတ်သည့်အတွက် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၂၀ အရ အထူးအယူခံခုံရုံး သို့မဟုတ် စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်နိုင်ခြင်းမရှိသည်မှာ မြင်သာပေသည်။

သို့ဖြစ်၍ ထုတ်နုတ်ထားသည့် ဥပဒေပြဿနာကို ဆက်လက်ဖြေကြားရန် မလိုအပ်သဖြင့် ဤအထူးအယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

+၂၀၂၀ ပြည့်နှစ်
ဒီဇင်ဘာလ ၂ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးခင်မောင်ကြည်ရှေ့တွင်**

**ဦးဖရယ်ဒီစိန် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ၃***

**ဦးဖရယ်ဒီစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ၂****

**ကယားပြည်နယ်အတွင်း ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေအရ ရုပ်သိမ်းခွင့်ပြုရန် သင့် မသင့် သို့မဟုတ် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေအရ ကျေအေးခွင့်ပြုရန် သင့် မသင့်။**

**ဆုံးဖြတ်ချက်။** ။ ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ဒေသတစ်ခုဖြစ်သည့် ကယားပြည်နယ်အတွင်း

*၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၈ (ခ)

** ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၅၉ (ခ)

+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁ နှင့် ၁၄ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်စွဲပါ ကယားပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသော ပြစ်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒေသန္တရဥပဒေဖြစ်သည်။ ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများနှင့် အကျုံးမဝင်သည့် အခြားသောပြစ်မှုများအတွက် ပြဋ္ဌာန်းထားသော တစ်နည်းအားဖြင့် သီးခြားအကြောင်းအရာ တစ်ခုခုနှင့်သာ သက်ဆိုင်သော အထူးဥပဒေမဟုတ်ပေ။

၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (ဆ) တွင် ရှေးဦးကျသောဥပဒေပြဋ္ဌာန်းချက် တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသောဥပဒေပြဋ္ဌာန်းချက် သည် အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ရှေးဦးကျသော ရာဇဝတ်ကျင့်ထုံးဥပဒေက ရာဇသတ်ကြီးပုဒ်မ ၂၉၄ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁) (၂) အရ ကျေအေးခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ပြီး နောက်ကျသည့် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပို့နှံ့ခြင်း) ဥပဒေက ကျေအေးနိုင်ခွင့်ရှိကြောင်း အထူးပြဋ္ဌာန်းထားရာ ဥပဒေပါ ပြဋ္ဌာန်းချက် ၂ ခု ကွဲလွဲဆန့်ကျင်နေသည်မှာ ထင်ရှားသည့်

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အတွက် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (ဆ) အရ နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံ့နှံ့ခြင်း) ဥပဒေကို အတည်ဖြစ်စေရမည် ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ရာဇဝတ်မှုတစ်ခုကို ကျေအေးခြင်းသည် နစ်နာသူ၏ သဘောထားအပေါ် အခြေတည်ပြီး၊ ရုပ်သိမ်းခြင်းသည် တရားစွဲအဖွဲ့အစည်း၏ သဘောထားအပေါ် မူတည်၍ တရားရုံးက အဆုံးအဖြတ်ပြုရခြင်းဖြစ်သည်။ နစ်နာသူကိုယ်တိုင် ကျေအေးခွင့်ရနိုင်မည့် အခြေအနေတွင် ရုပ်သိမ်းစေခြင်းဖြင့် နစ်နာသူရရှိနိုင်သော အခွင့်အရေးကို ငြင်းပယ်ရာရောက်မည်ဖြစ်သည်။

ကယားပြည်နယ်တွင် နေထိုင်၍ အချင်းချင်း မှုခင်းဖြစ်ပွားသော တရားလို၊ တရားခံများသည် အဆိုပါ ပြည်နယ်အတွက် သီးခြားပြဋ္ဌာန်းထားသော ဥပဒေပါ အခွင့်အရေးနှင့် ရပိုင်ခွင့်များကိုရရှိမှသာ တရားမျှတမှု ရှိမည်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးစောဖားကြာ၊ တရားလွှတ်တော်ရှေ့နေ
ဦးစောဖားကြာ၊ တရားလွှတ်တော်ရှေ့နေ

| | | | |
|---|---|---|---|
| လျှောက်ထားခံရသူ(၁)အတွက် | - | ဦးကောင်းမြတ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂၀၂၀ ပြည့်နှစ် ဦးဖရယ်ဒီစိန် ဦးဖရယ်ဒီစိန် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၃ |
| လျှောက်ထားခံရသူ(၂၊၃) အတွက် | - | ဒေါ်နန်းသက်သက်ဝေ၊ တရားလွှတ်တော်ရှေ့နေ | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ၂ |
| လျှောက်ထားခံရသူ(၁) အတွက် | - | ဦးကောင်းမြတ်၊ ဒုတိယညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး | |
| လျှောက်ထားခံရသူ (၂)အတွက် | - | ဒေါ်နန်းသက်သက်ဝေ၊ တရားလွှတ်တော်ရှေ့နေ | |

ဒီမော့ဆိုမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၂၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇/ ၄၂၇/ ၂၉၄ တို့အရ စွဲဆိုသောအမှုတွင် တရားလို ဦးဖရယ်ဒီစိန်က ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပြဋ္ဌာန်းခြင်း) ဥပဒေပုဒ်မ ၂ အရ အမှုကျေအေးခွင့်ပြုရန် လျှောက်ထားရာ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည့်အပေါ် လွိုင်ကော်ခရိုင်တရားရုံးသို့ ပြင်ဆင်မှု

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ၂

တင်သွင်းရာ ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့အရ စွဲဆိုမှုကို ကျေအေးခွင့်ပြုပြီး၊ ရာဇသတ်ကြီး ပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ အရ ရုပ်သိမ်းခွင့်လျှောက်ထားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် တရားလိုက ကယားပြည်နယ်တရားလွှတ်တော်သို့ ပြင်ဆင်မှု ဆက်လက်တင်သွင်းရာ ပလပ်ခံရသဖြင့် ဤရာဇဝတ်ပြင်ဆင်မှုများကို ဆက်လက်လျှောက်ထားလာခြင်းဖြစ်သည်။

မူလရုံးအမှုမှာ ၅-၃-၂၀၁၈ ရက်နေ့တွင် ဒီမော့ဆိုမြို့နယ် ၄ မိုင်မြေနီကုန်းကျေးရွာအနီး သာသနာပိုင်မြေယာ၌ စိုက်ထူထားသည့် ခြံစည်းရိုးအုတ်တိုင် ၂၇ တိုင်ကို ဒေါ်မူထိုက်နှင့်၎င်း၏သား စောမောင်၊ ဖိလစ်ပိုတို့က ရိုက်ချိုးဖျက်ဆီးသဖြင့် အရေးယူပေးပါရန် ဦးဖရယ်ဒီစိန်က ဒီမော့ဆိုရဲစခန်းတွင် သတင်းပေးတိုင်တန်းခဲ့သည့်အတွက် ၎င်းတို့ (၃) ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇၊ ၂၉၄ တို့အရ တရားစွဲဆိုတင်ပို့ခဲ့သည့် အမှုဖြစ်သည်။

ဒီမော့ဆိုမြို့နယ်တရားရုံးက ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီး

မှုအမှတ် ၅၂ ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး၊ ဖိလစ်ပိုသည် အသက် (၁၇) နှစ်ဖြစ်၍ ၂၃-၇-၂၀၁၉ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေအရ ကလေးသူငယ်ဖြစ်သွားခြင်းကြောင့် ဖိလစ်ပိုအပေါ် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်မှုအမှတ် ၈ ဖြင့် သီးခြားဖွင့်လှစ်ခဲ့သည့်အတွက် ဤရာဇဝတ်ပြင်ဆင်မှု (၂) မှုသည် ဒီမော့ဆိုမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၅၂ နှင့် ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၈ (ကလေးသူငယ်) တို့မှ ပေါ်ပေါက်လာသည့်အမှုများဖြစ်သဖြင့် ဤစီရင်ချက်သည် အဆိုပါ အမှု (၂) မှုစလုံးနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း)ဥပဒေ၊ ဇယားအမှတ်စဉ် ၅ ဒုတိယစာပိုဒ်ပါ ပြဋ္ဌာန်းချက်သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့်ကိုက်ညီမှုရှိသည့် ပြဋ္ဌာန်းချက်ဖြစ်ကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၂၉၄(ခ) သည် သာမန်အား

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ၂

ဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ညွှန်ကြားချက်အမှတ် ၁၁ တို့အရ ကျေအေးခွင့်မရှိဘဲ ရုပ်သိမ်းခွင့် လျှောက်ထားရမည့်ပုဒ်မဖြစ်သည်မှာ မှန်သော်လည်း ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေပုဒ်မ ၂ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၇၊ စာပိုဒ် ၁၂ (ခ) တို့အရ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသည့် အမှုစာရင်းသို့ အတိအလင်းကျရောက်ကြောင်း၊ ပြဋ္ဌာန်းဥပဒေအရ လျှောက်ထားခြင်းတွင် မည့်သည့်အတွက် ယင်းဥပဒေအရ လျှောက်ထားရခြင်းဖြစ်ကြောင်း အကြောင်းပြရန် လိုအပ်ခြင်းမရှိကြောင်း၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေအရ ကျေအေးခွင့်ပြုရန် ပြည်သူ့တရားသူကြီးအဖွဲ့ညွှန်ကြားချက်အမှတ် ၁၇ နှင့်အညီ လျှောက်ထားခဲ့ခြင်းအပေါ် ကျေအေးခွင့်ပြုသည့်အမိန့် ချမှတ်ပေးရန် တင်ပြလျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားလို၊ တရားခံများက ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပျံ့နှံ့ခြင်း) ဥပဒေကို မည်သည့်အတွက် လက်ခံ

သုံးစွဲသင့်ကြောင်း တိကျသော အကြောင်းပြချက်မတင်ပြနိုင်သဖြင့် တရားခံများအပေါ် စွဲချက်တင်ထားသည့် ရာဇသတ်ကြီးပုဒ်မ ၄၄၇ နှင့် ၄၂၇ တို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁) အရ ကျေအေးခွင့်ပြုပြီး ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့သည့် လွိုင်ကော်ခရိုင်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သည့် ကယားပြည်နယ်တရားလွှတ်တော်၏အမိန့်သည် ဥပဒေအရ မှားယွင်းခြင်း မရှိကြောင်း၊ ပြင်ဆင်မှုကို ပလပ်ပေးရန် တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူများ၏ တရားလွှတ်တော်ရှေ့နေက ယခုအမှုသည် မြေယာနှင့် ပတ်သက်၍ ကယားလူမျိုးအချင်းချင်းဖြစ်ပွားသည့် သာမန်ကိစ္စသာဖြစ်ပြီး ခိုးမှု၊ ဓါးပြမှု၊ လူဆိုးဂိုဏ်းဖွဲ့ပြီး လုယက်မှု၊ လူသတ်မှုမဟုတ်သဖြင့် ကယားပြည်နယ်တစ်ဝန်း တည်ဆဲဥပဒေဖြစ်သော ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံ့နှံ့ခြင်း) ဥပဒေပုဒ်မ ၂ အရ ကျေအေးခွင့်ပြုသည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် **ပြည်ထောင်စု**

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

**မြန်မာနိုင်ငံတော်နှင့်နော်ခွန်ဇော်ဘာအမှု**[၁] စီရင်ထုံးကို ကိုးကား လျက် တင်ပြလျှောက်ထားသည်။

ကယားပြည်နယ်တရားလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ အရ ကျေအေးနိုင်ခြင်းမရှိသော ပြစ်မှုများ ရုပ်သိမ်းခြင်းနှင့်ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ နှင့် ပုဒ်မ ၄၉၄ တို့တွင် ပြဋ္ဌာန်းထားသည့်အပြင် ပြည်သူ့တရားသူကြီးအဖွဲ့၊ ညွှန်ကြားချက်အမှတ် ၁၁ ဖြင့် ထပ်မံညွှန်ကြားထားကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေအရ လျှောက်ထားနိုင်ခွင့်ရှိသည့် အခြေအနေတွင် ကျေအေးနိုင်ခြင်းမရှိသည့် ရာဇသတ်ကြီးပုဒ်မ ၂၉၄(ခ) ကို ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပြဋ္ဌာန်းခြင်း) ဥပဒေပုဒ်မ ၂ ဇယားအမှတ်စဉ် ၅ အရ မလွှဲမသွေကျေအေးခွင့်ပြုရန် လိုအပ်မည် မဟုတ်ကြောင်း သုံးသပ်၍ ရာဇဝတ်ပြင်ဆင်မှုကို ပလပ်ခဲ့သည်။

သို့ဖြစ်ရာ ရာဇသတ်ကြီးပုဒ်မ ၂၉၄(ခ) အရ စွဲဆိုမှုကို ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပြဋ္ဌာန်းခြင်း) ဥပဒေအရ ကျေအေးခွင့်ပြုပါရန် လျှောက်ထားခြင်းအပေါ် ခွင့်ပြုရန် သင့်

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၄၁၇

မသင့် အဆုံးအဖြတ်ပြုရန် ဖြစ်သည်။

သာမန်အားဖြင့် ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ခ) သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅(၁)(၂) အရ ကျေအေးနိုင်သည့်ပြစ်မှုတွင် အကျုံးဝင်ခြင်းမရှိသည့်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ နှင့် ပြည်သူ့တရားသူကြီးအဖွဲ့ ညွှန်ကြားချက်အမှတ် ၁၁ တို့အရ ရုပ်သိမ်းခွင့် လျှောက်ထားရမည်ဖြစ်သည်။

သို့သော် ၂၇-၃-၁၉၂၂ ရက်စွဲပါ နိုင်ငံရေးဌာနအမိန့်ကြော်ငြာစာအမှတ် ၁၀ ဖြင့် ကချင်ပြည်နယ်တွင်လည်းကောင်း၊ ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပြဋ္ဌာန်းခြင်း) ဥပဒေဖြင့် ကယားပြည်နယ်တွင်လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း (ဥပဒေများတိုးချဲ့ပြဋ္ဌာန်းခြင်း) ဥပဒေဖြင့် ချင်းပြည်နယ်တွင်လည်းကောင်း၊ ရာဇဝတ်မှုများတွင် ကျေအေးနိုင်ခွင့်ရှိသူများက တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးခွင့်ရှိသော ရာဇသတ်ကြီးပုဒ်မများနှင့် ပြစ်မှုအမျိုးအစားများကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင်ပြစ်မှုဆိုင်ရာအမှုများ ကျေအေးခြင်းနှင့် ပတ်သက်၍ လိုက်နာရန်အချက်များကို ပြည်သူ့တရား

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သူကြီးအဖွဲ့ညွှန်ကြားချက်အမှတ် ၁၇ ဖြင့် ထပ်မံညွှန်ကြားခဲ့သည်။

အဆိုပါ ညွှန်ကြားချက်အပိုဒ် ၁၂ တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ် နှင့် ချင်းပြည်နယ်တို့တွင် ဥပဒေများ တိုးချဲ့ပုံနှိပ်ခြင်းနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်ကို ပြောင်းလဲပြင်ဆင်ချက်များဖြင့် သက်ဆိုင်စေကြောင်း၊ ယင်းသို့ သက်ဆိုင်စေရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ အရ အမှုများကို ကျေအေးခွင့်ရှိကြသည့်အပြင် ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေ၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေ၊ ၂၇-၃-၁၉၂၂ ရက်စွဲပါ နိုင်ငံရေးဌာနအမိန့်ကြော်ငြာစာအမှတ် ၁၀ တို့အရလည်း ကယားပြည်နယ်နှင့် ချင်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင် ကျေအေးခွင့်ရှိကြောင်း သတိပြုရမည်ဟု ထပ်ဆင့်ညွှန်ကြားခဲ့သည်ကို တွေ့ရသည်။

၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေပါဇယား၏အမှတ်စဉ် ၅၊ ဒုတိယအပိုဒ်တွင် All

offences against private persons and property may be compounded with the permission of the Court by the individual injured in person or property or by his guardian or legal representative excepting robbery or dacoity committed by organized gangs or members of such gangs. ဟု ဖော်ပြထားသည်။

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ၂

ဆိုလိုသည်မှာ လူဆိုးဂိုဏ်းဖွဲ့၍ ကျူးလွန်သည့် လုယက်မှုနှင့် ဓါးပြမှုမှတစ်ပါး ပြစ်မှုအားလုံးကို နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ နစ်နာသူ၏ အုပ်ထိန်းသူကဖြစ်စေ၊ နစ်နာသူ၏ တရားဝင်ကိုယ်စားလှယ်ကဖြစ်စေ တရားရုံး၏ ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိကြောင်း ဒေသန္တရဥပဒေဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေသည် ပြစ်မှုဆိုင်ရာမှုခင်းများ စုံစမ်းစစ်ဆေးဆုံးဖြတ်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ယေဘုယျဥပဒေဖြစ်သည်။ တစ်နည်းအားဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေသည် အဓိကဥပဒေ (Substantive Law) မဟုတ်ဘဲ အဓိကဥပဒေကို အထောက်

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ၂

အကူပြုရသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာဥပဒေ (Adjective or Procedural Law) မျှသာဖြစ်ပြီး အဓိကဥပဒေများကို စစ်ဆေးစီရင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းပေးသည့် ဥပဒေဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများ တိုးချဲ့ပုံ့နှံခြင်း) ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းရှိ ဒေသတစ်ခုဖြစ်သည့် ကယားပြည်နယ်အတွင်း တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်ခွင့်ရှိသော ပြစ်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဒေသန္တရဥပဒေဖြစ်သည်။ ရာဇသတ်ကြီးတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုများနှင့် အကျုံးမဝင်သည့် အခြားသောပြစ်မှုများအတွက် ပြဋ္ဌာန်းထားသော တစ်နည်းအားဖြင့် သီးခြားအကြောင်းအရာတစ်ခုခုနှင့်သာ သက်ဆိုင်သော အထူးဥပဒေမဟုတ်ပေ။

၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၃ (ဆ) တွင် ရှေးဦးကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်နှင့် နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်တို့ ကွဲလွဲဆန့်ကျင်နေပါက နောက်ကျသောဥပဒေပြဋ္ဌာန်းချက်သည် အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည်။

ရှေးဦးကျသော ရာဇဝတ်ကျင့်ထုံးဥပဒေက ရာဇသတ်ကြီးပုဒ်မ ၂၉၄ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁)(၂) အရ ကျေအေးခွင့်မရှိကြောင်း ပြဋ္ဌာန်းခဲ့ပြီး နောက်ကျသည့် ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေက ကျေအေးနိုင်ခွင့်ရှိကြောင်း အထူးပြဋ္ဌာန်းထားရာ ဥပဒေပါ ပြဋ္ဌာန်းချက် ၂ ခု ကွဲလွဲဆန့်ကျင်နေသည်မှာ ထင်ရှားသည့်အတွက် ၁၉၇၃ ခုနှစ်၊ စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၃(ဆ) အရ နောက်ကျသော ဥပဒေပြဋ္ဌာန်းချက်ဖြစ်သည့် ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေကို အတည်ဖြစ်စေရမည် ဖြစ်ပေသည်။

ကယားပြည်နယ်တရားလွှတ်တော်က ရာဇဝတ်ကျင့်ထုံးဥပဒေအရ ကျေအေးနိုင်ခြင်းမရှိသည့် ပြစ်မှုများအား ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ခွင့်ရှိသည့် အခြေအနေတွင် ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံနှိပ်ခြင်း) ဥပဒေပုဒ်မ ၂၊ ဇယားအမှတ်စဉ် ၅ အရ မလွဲမသွေ ကျေအေးခွင့်ပြုရန် လိုအပ်မည်မဟုတ်ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည်။ ရာဇဝတ်မှုတစ်ခုကို ကျေအေးခြင်းသည် နစ်နာသူ၏ သဘောထားအပေါ်

၂၀၂၀ ပြည့်နှစ်
ဦးဖရယ်ဒီစိန်
ဦးဖရယ်ဒီစိန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အခြေတည်ပြီး၊ ရုပ်သိမ်းခြင်းသည် တရားစွဲအဖွဲ့အစည်း၏ သဘောထားအပေါ် မူတည်၍ တရားရုံးကအဆုံးအဖြတ်ပြုရခြင်းဖြစ်သည်။ နစ်နာသူကိုယ်တိုင် ကျေအေးခွင့်ရနိုင်မည့် အခြေအနေတွင် ရုပ်သိမ်းစေခြင်းဖြင့် နစ်နာသူရရှိနိုင်သော အခွင့်အရေးကို ငြင်းပယ်ရာရောက်မည် ဖြစ်သည်။

ကယားပြည်နယ်တွင်နေထိုင်၍ အချင်းချင်းမှုခင်းဖြစ်ပွားသော တရားလို၊ တရားခံများသည် အဆိုပါ ပြည်နယ်အတွက် သီးခြားပြဋ္ဌာန်းထားသော ဥပဒေပါ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ရရှိမှသာ တရားမျှတမှု ရှိမည်ဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၏ တရားစီရင်ရေးဆိုင်ရာမူများနှင့် ပတ်သက်၍ ပုဒ်မ ၃(စ) တွင် ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေးဟူသော အခြေခံမူနှင့်အညီ စီရင်ရန်လည်းလိုအပ်မည်ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ဒီမော့ဆို မြို့နယ်တရားရုံးက ရာဇသတ်ကြီး ပုဒ်မ ၄၄၇၊ ၄၂၇ နှင့် ၂၉၄

တို့ကို ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံ့နှံ့ခြင်း) ဥပဒေပုဒ်မ ၂ အရကျေအေးခွင့်ပြုရန် လျှောက်ထားချက်အား ပယ်သည့်အမိန့်နှင့် ရာဇသတ်ကြီးပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ချမှတ်သည့် လွိုင်ကော်ခရိုင်တရားရုံးနှင့် ကယားပြည်နယ်တရားလွှတ်တော်၏ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။ ရာဇသတ်ကြီး ပုဒ်မ ၂၉၄ (ခ) အရ စွဲဆိုမှုကို ၁၉၄၉ ခုနှစ်၊ ကရင်နီပြည်နယ် (ဥပဒေများတိုးချဲ့ပုံ့နှံ့ခြင်း) ဥပဒေပုဒ်မ ၂ အရ ကျေအေးခွင့်ပြုရန် လျှောက်ထားခြင်းကို ခွင့်ပြုပြီး တရားခံ ဒေါ်မူထိုက်၊ ဦးစောမောင်၊ ဖိလစ်ပိုတို့အား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

+၂၀၂၀ ပြည့်နှစ်

ဒီဇင်ဘာလ ၂ ရက်

**ရာဇဝတ်ပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးမျိုးတင့်ရွှေ့တွင်**

**ဦးလှဝင်း**

**နှင့်**

**၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**၂။ ဦးစိုးမြင့်***

**မူလရုံးတရားလို၏ ပြန်ရှင်းစစ်မေးစဉ် ထွက်ဆိုသော ထွက်ချက်များကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့် အချက်ကိုသာ ထုတ်နုတ်သုံးသပ်သည့် အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ မှုခင်းတစ်ရပ်တွင် အဓိကစစ်ဆေးခြင်းဖြင့်

---

* ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၇၆ (ခ)

+၂၀၁၉ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၁၄ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

အမှု၏ဖြစ်ရပ် ပေါ်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးခြင်းဖြင့်လည်း သက်သေများ၏ အခြေအနေမှန်၊ ၎င်းအပေါ် ယုံကြည်ထိုက်ခြင်း ရှိ မရှိ စသည့် မျှတမှန်ကန်မှုကို အထောက်အကူပြုစေမည့်အချက်များ သိရှိနိုင်မည်ဖြစ်သည်။ ထပ်မံစစ်မေးခွင့်ပေးခြင်းဖြင့် အမှုမှန်ကို ပိုမိုရှင်းလင်းမြင်သာစေနိုင်မည်ဖြစ်ရာ သက်သေခံဥပဒေပုဒ်မ ၁၃၈ သည် တရားမျှတမှုဖြစ်စေရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်းပင် ဖြစ်သည်။ သို့ဖြစ်၍ သက်သေတစ်ဦး၏ ထွက်ဆိုချက်ကို သုံးသပ်ရာတွင် ထွက်ဆိုချက်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်မှသာ ပြည့်စုံမှန်ကန်နိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ဦးလှဝင်း၏ ထွက်ဆိုချက်တစ်ရပ်လုံးကို သုံးသပ်ပါက ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရန် မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားကြောင်း ထွက်ဆိုသည့် တရားလို ဦးလှဝင်း၏ စွပ်စွဲချက်ကို ပျက်ပြယ်စေသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မူလရုံးတရားလို ဦးလှဝင်း၏ ထပ်မံစစ်မေးစဉ် ထွက်ဆို

သော ထွက်ချက်ကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ မျက်ကွယ်ပြု၍ ဦးလှဝင်း၏ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့် အချက်ကိုသာ ထုတ်နုတ်သုံးသပ်ကာ အမှုတွဲချေဖျက်ခြင်းဖြစ်သဖြင့် အဆိုပါအမိန့်သည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးဝင်းမိုလ်၊ |
| | | တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ | - | ဒေါ်သီသီစန်း၊ |
| (၁) အတွက် | | လက်ထောက်ညွှန်ကြားရေးမှူး၊ |
| | | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူ | - | ဦးချစ်ကိုကို၊ |
| (၂) အတွက် | | တရားလွှတ်တော်ရှေ့နေ |

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၂၊ ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲဆိုမှုတွင် တရားခံဦးစိုးမြင့်က ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၁၄

ဖြင့် အမှုတွဲချေဖျက်ပေးရန် လျှောက်ထားရာ အမှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်သဖြင့် တရားလို ဦးလှဝင်းက ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ တရားလို ဦးလှဝင်းထံသို့ ဦးစိုးမြင့်မှ လာရောက်အကူအညီတောင်းသဖြင့် ၃-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ်သိန်း ၁၀၀၊ ၇-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ်သိန်း ၃၀၀၊ ၁၅-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၅၀၀ အား (၃) ကြိမ်တိုင်တိုင် စာချုပ်ချုပ်ဆိုရယူပြီး သတ်မှတ်ရက်၌ ငွေပြန်လည်တောင်းခံရာ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေသည့်အတွက် မရိုးမဖြောင့်သော သဘောဖြင့် ငွေရယူသွားသူ ဦးစိုးမြင့်အား အရေးယူပေးပါရန် တိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက တရားလို ဦးလှဝင်း၏ အဓိက ထွက်ဆိုချက်တွင် ××××××× ဦးစိုးမြင့်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့်

တင်ဒါ ရရှိထား၍ လုပ်ငန်းအတွက် ငွေလိုအပ်သောကြောင့် အကူအညီတောင်းရာ သိန်း ၁၀၀ နှစ်ကြိမ်၊ သိန်း ၃၀၀ တစ်ကြိမ်၊ စုစုပေါင်း သိန်း ၅၀၀ အား ပေးခဲ့ပါသည်။××××××× ဦးစိုးမြင့်သည် မြို့သစ်စီမံကိန်းအတွက်လမ်းဖောက်ရန် တင်ဒါရရှိ၍ ငွေလိုသည်ဟု ပြောဆိုရယူသွားသဖြင့် မြို့တော်စည်ပင်၊ လမ်းတံတားစီမံကိန်းဌာနတွင် သွားရောက်စုံစမ်းရာ မြို့သစ်စီမံကိန်းအတွက် လမ်းဖောက်ရန်တင်ဒါခေါ်ယူထားခြင်း မရှိကြောင်း၊ ဦးစိုးမြင့်က တင်ဒါလျှောက်ထားခြင်းလည်း မရှိကြောင်း သိရှိရပါသည်။ ××××× ဟု ထွက်ဆိုထားပါလျက် သုံးသပ်ခြင်းမရှိဘဲ ချေဖျက်ပေးခဲ့ခြင်းမှာ တရားမျှတမှု မရှိကြောင်း၊ ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရေးအတွက် မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ခဲ့ကြောင်း ထင်ရှားနေပါလျက် အမှုချေဖျက်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မူလရုံးတရားလို ဦးလှဝင်းအား တရားခံ၏ရှေ့နေက ပြန်လှန်စစ်မေးစဉ် ထွက်ဆိုချက်အပေါ်သုံးသပ်ပြီး အမှုတွဲကို ချေဖျက်ပေးခြင်းဖြစ်ကြောင်း၊ သို့သော် ဦးလှဝင်းအား ပြန်ရှင်းမေးမြန်းရာတွင်

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

××××××× ကျွန်တော့်ထံ ငွေလာတောင်းစဉ်က မြို့သစ် စီမံကိန်းတွင် တင်ဒါရရှိပါသည်ဟု ××××××× ပြန်ရှင်းထွက်ဆို သော်လည်း ထိုအချက်ကို သုံးသပ်ခြင်းမရှိဘဲ လစ်လျူရှုခဲ့ ခြင်းမှာ ဥပဒေအရ မှားယွင်းလျက်ရှိကြောင်း၊ မူလအမှုတွဲတွင် ဦးလှဝင်း၏ ပြန်လှန်မေးခွန်းထွက်ဆိုချက်ကိုသာ ထောက်ပြ၍ ပြန်ရှင်းမေးခွန်းထွက်ဆိုချက်ကို ထည့်သွင်းစဉ်းစား သုံးသပ်ခြင်း မရှိကြောင်း၊ သို့ဖြစ်၍ တရားလို၏ အဓိကစစ်မေးချက်နှင့် ပြန်ရှင်းမေးခွန်းထွက်ဆိုချက်များအရ ဦးစိုးမြင့်သည် မရိုး မဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြားပြီး ဦးလှဝင်း ထံမှ ငွေများရယူခဲ့ကြောင်း ပေါ်လွင်ထင်ရှားနေကြောင်း၊ မူလမှု တွင် တရားလိုပြသက်သေ (၅) ဦးရှိသည့်အနက် တရားလို ဦးလှဝင်း တစ်ဦးတည်းကိုသာ စစ်ဆေးပြီးစီးပြီး ကျန်တရားလိုပြ သက်သေတစ်ဦးတစ်ယောက်ကိုမျှ စစ်ဆေးရခြင်းမရှိသေးဘဲ အမှုတွဲချေဖျက်ခဲ့ခြင်းမှာ လွန်စွာစောလွန်းနေပါကြောင်း၊ သို့ဖြစ် ပါ၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်ပြီး မူလပန်းဘဲတန်းမြို့နယ်တရားရုံး၏ ရာဇဝတ်ကြီးမှု အမှတ် ၂၂/၂၀၁၈ ဖြင့်အမှုကို ဆက်လက်စစ်ဆေးစေသည့်

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲပေါ်ပေါက်ချက်များအရ တရားလို ဦးလှဝင်း (လိုပြ-၁) တစ်ဦးတည်းကိုသာ စစ်မေးပြီးကြောင်း၊ ဦးစိုးမြင့်သည် တရားလိုထံမှ ငွေကျပ်သိန်း ၅၀၀ ယူစဉ်က ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့် လုပ်ငန်းတင်ဒါ ရရှိထားသဖြင့် လုပ်ငန်းအတွက် ငွေကြေးလိုအပ်ကြောင်းပြော၍ ရယူသွားပြီး သတ်မှတ်ရက်တွင် ငွေများပြန်မပေးဘဲ အကြောင်းအမျိုးမျိုးပြ ရှောင်တိမ်းနေ၍ တရားလိုက စုံစမ်းရာ ဦးစိုးမြင့်ကုမ္ပဏီသည် လမ်းဖောက်ရန် တင်ဒါလျှောက်ထားခြင်းမရှိသည်ကို သိရကြောင်း၊ တင်ဒါလျှောက်ထားခြင်းမရှိဘဲ ဘာကြောင့်ဒီလိုပြောပြီးငွေယူတာလဲဟုမေးရာ ဦးစိုးမြင့်က တရားလိုအား အဲလိုပြောမှ ပိုက်ဆံရမှာမို့လို့ လိမ်ပြောတာ၊ မင်းကြိုက်တာလုပ်ဟု ဦးမင်းဆွေ၊ ထက်ဝေယံ နှင့် ဖြိုးဝေထွန်းတို့ရှေ့တွင်ပြောကြောင်း၊ တရားလို ဦးလှဝင်း၏ အဓိကစစ်မေးချက်နှင့် ပြန်ရှင်းစစ်မေးချက်တို့အရ ပေါ်ပေါက်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က တရားလို၏ ပြန်လှန်

စစ်မေးချက်တွင် “ ဦးစိုးမြင့်သည် အမှန်တကယ် လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ကျွန်တော့်ထံ လှည့်ဖြား၍ ငွေယူခဲ့ခြင်း မဟုတ်ဆိုက မှန်ပါသည်။” ဟူသော ထွက်ဆိုချက်ကို အဓိက သုံးသပ်ထားသော်လည်း ယင်းအချက်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့် တင်ဒါလုပ်ငန်းအတွက် ရယူသွားကြောင်း တရားလို၏ အဓိကစစ်မေးချက်နှင့် ပြန်ရှင်းစစ်မေးချက်များအပေါ် ထုချေနိုင်မှုမရှိသဖြင့် အမှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်သည့်အမိန့်မှာ မှန်သည်ဟုမဆိုနိုင်ကြောင်း၊ ဦးစိုးမြင့်သည် တရားလို ဦးလှဝင်းထံမှ သက်သေခံ (က)၊ (က-၁) နှင့် (က-၂) စာချုပ်များဖြင့် ငွေကျပ်သိန်း ၅၀၀ ယူစဉ်က ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့် လုပ်ငန်းတင်ဒါရရှိထား၍ လုပ်ငန်းအတွက် ငွေကြေးလိုအပ်ကြောင်းပြောပြီး ရယူသွားခဲ့သော်လည်း အမှန်တကယ်တွင် ဦးစိုးမြင့်ကုမ္ပဏီသည် လမ်းဖောက်ရန် တင်ဒါလျှောက်ထားခြင်းမရှိဘဲ တရားလိုထံမှ ငွေကျပ်သိန်း ၅၀၀ ကို မတရားရယူရန်အကြံနှင့် မရိုးမဖြောင့်သောသဘောဖြင့် ယူဆောင်သွားသည့် ပြစ်မှုမြောက်ချက်များပေါ်ပေါက်ကြောင်း၊ ယခုအမှုတွင်

တရားလိုပြသက်သေများကိုပင် မစစ်ဆေးရသေးသည့် အပြင် ပြစ်မှုကြောင်းအရ စွဲချက်တင်လောက်သော အခြေအမြစ်မရှိဟု တင်ပြလိုပါက မူလရုံးတရားခံအား စွဲချက်မတင်မီ အမှုမှ လွှတ်ပေးရန် တင်ပြလျှောက်ထားနိုင်သည့် အခွင့်အရေးရှိနေသဖြင့် အမှုချေဖျက်သည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ကြောင်း၊ သို့ဖြစ်ပါ၍ ဤရာဇဝတ်ပြင်ဆင်မှုအပေါ် ဥပဒေနှင့်အညီ သင့်မြတ်သည့် အမိန့်တစ်ရပ်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၂) ၏ တရားလွှတ်တော်ရှေ့နေက မူလမြို့နယ်တရားရုံးတွင် တိုင်တန်းစွဲဆိုသည်မှာ ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြစ်ပြီး လိမ်လည်မှု၏ ပြစ်မှုအင်္ဂါရပ်များကို ပုဒ်မ ၄၁၅ တွင် ပြဋ္ဌာန်းထားရာ မူလရုံး တရားလိုအား ပြန်လှန်စစ်မေးစဉ် ထွက်ဆိုချက်များအရ ပုဒ်မ ၄၁၅ ပါ ပြစ်မှုအင်္ဂါရပ်နှင့် ငြိစွန်းမှုမရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ မူလရုံးတရားလို၏ ထွက်ဆိုချက်အပေါ် ကောက်နုတ်သုံးသပ်ကြည့်ပါက ×××××× ဦးစိုးမြင့်အား သက်သေခံ(က)(က-၁)(က-၂)

စာချုပ်များနှင့် ငွေမပေးမီကပင် စီးပွားရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်သည့် စီးပွားရေးသမားဖြစ်တာ သိပါသည်။ ဦးစိုးမြင့်သည် စီးပွားရေးလုပ်ငန်း အမှန်တကယ်လုပ်ရန်၊ အသုံးပြုရန် ငွေကြေးလိုအပ်၍ ကျွန်တော့်ထံ ငွေကြေးအကူအညီတောင်းတာမှန်ပါသည်။ ဦးစိုးမြင့်သည် အမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ လှည့်ဖြားငွေယူခဲ့ခြင်းမဟုတ်ဆိုတာမှန်ပါသည်။ ×××××× ဟု ထွက်ဆိုသဖြင့် လျှောက်ထားသူကိုးကားတင်ပြသော **ဦးချစ်မောင် နှင့် ပြည်ထောင်စု**[၁]**စီရင်ထုံးနှင့်** သက်ဆိုင်မှုမရှိကြောင်း၊ ပြင်ဆင်မှုလျှောက်လွှာနှင့်အတူကိုးကားတင်ပြထားသည့် စီရင်ထုံးမှာ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က နှင့် ပတ်သက်၍ အမှုတွဲချေဖျက်ရန် သင့် မသင့် သုံးသပ်ထားသည့် စီရင်ထုံးများဖြစ်၍ ယခုအမှုတွဲပါ ပေါ်ပေါက်ချက်များနှင့် မတူညီကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အမှုတွဲချေဖျက်ကြောင်း အမိန့်ချမှတ်ပေးခြင်းသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ (၂) တို့ ငွေပေး

---

၁။ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၀

ငွေယူ ၃ ကြိမ်ပြုလုပ်ခဲ့သည့် သက်သေခံ (က) (က-၁) (က-၂) စာချုပ်များအရလည်းကောင်း၊ လျှောက်ထားသူအား ပြန်လှန်စစ်မေးရာတွင်ဝန်ခံဖြေဆိုချက်များအရလည်းကောင်း၊ လမ်းညွှန်စီရင်ထုံးများအရလည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၄၁၅၊ ပုဒ်မ ၂၄ အင်္ဂါရပ်များအရလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၆၁-က ပြဋ္ဌာန်းချက်အရလည်းကောင်း ဘက်စုံ၊ ထောင့်စုံမှ ဥပဒေနှင့်အညီ သုံးသပ်၍ ချေဖျက်ပေးခြင်းဖြစ်သည့်အတွက် ဆက်လက်အတည်ပြုပြီး ဤရာဇဝတ်ပြင်ဆင်မှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

အမှုတွဲကို စိစစ်ရာ လျှောက်ထားသူ ဦးလှဝင်းက လျှောက်ထားခံရသူ အမှတ် (၂) ဦးစိုးမြင့်သည် မိမိနေအိမ်သို့ ရောက်ရှိလာပြီး ၎င်းတင်ဒါလုပ်ငန်းတစ်ခုလုပ်ကိုင်ရာတွင် ငွေကြေးအခက်အခဲဖြစ်နေ၍ ခေတ္တကူညီပေးရန် အကူအညီတောင်းခံသဖြင့် ၃-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ်သိန်း ၁၀၀၊ ၇-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ်သိန်း ၃၀၀၊ ၁၅-၉-၂၀၁၆ ရက်နေ့တွင် ငွေကျပ် သိန်း ၁၀၀၊ စုစုပေါင်း ငွေကျပ် သိန်း ၅၀၀

၂၀၂၀ ပြည့်နှစ်

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

ကို ၃ ကြိမ်တိုင် စာချုပ်ချုပ်ဆိုပေးအပ်ခဲ့ရာ ရယူသွားပြီး သတ်မှတ်ရက်၌ ငွေပြန်လည်ပေးအပ်ခြင်းမရှိဘဲ အကြောင်း အမျိုးမျိုးပြ ရှောင်တိမ်းနေသည့်အတွက် အရေးယူပေးရန် တိုင်တန်းမှုအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ စွဲဆိုရာတွင် မူလရုံးတရားလိုအား စစ်ဆေးပြီးချိန်၌ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

မူလရုံးတရားလို ဦးလှဝင်း၏ အဓိကစစ်မေးစဉ် ထွက်ဆိုချက်တွင် ×××× ဦးစိုးမြင့်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် လမ်းဖောက်သည့် တင်ဒါရရှိထားသူဖြစ်၍ လုပ်ငန်းအတွက် ငွေကြေးလိုအပ်သောကြောင့် အကူအညီတောင်းရာ သိန်း ၁၀၀ နှစ်ကြိမ်၊ သိန်း ၃၀၀ တစ်ကြိမ်၊ စုစုပေါင်း သိန်း ၅၀၀ တောင်း၍ ပေးအပ်ခဲ့ပါသည်။ ×××× မြို့တော်စည်ပင်လမ်းတံတား စီမံကိန်းဌာနတွင် သွားရောက်စုံစမ်းရာ မြို့သစ်စီမံကိန်း အတွက် လမ်းဖောက်ရန် တင်ဒါခေါ်ယူခြင်း မရှိကြောင်း၊ ဦးစိုးမြင့်က တင်ဒါလျှောက်ထားခြင်းလည်းမရှိကြောင်း သိရှိရပြီး၊ အိုးအိမ်ရုံးသို့ သွားရောက်စုံစမ်းရာတွင် စည်ပင်သာယာ လမ်းတံတားဌာနမှပြောသည့်အတိုင်း ပြောခဲ့ပါသည်။ ×××× ဟု

| ၂၀၂၀ ပြည့်နှစ် | ထွက်ဆိုသည်။ |
|---|---|
| ဦးလှဝင်း<br>နှင့်<br>၁။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်<br>၂။ ဦးစိုးမြင့် | |

တရားခံရှေ့နေမှ ပြန်လှန်စစ်မေးရာတွင် ×××× ဦးစိုးမြင့်အား သက်သေခံ (က) (က-၁) နှင့် (က-၂) စာချုပ်များနှင့် ငွေမပေးမီကပင် ဦးစိုးမြင့် စီးပွားရေးလုပ်ငန်းကို အမှန်တကယ်လုပ်ကိုင်သည့် စီးပွားရေးသမားဖြစ်တာသိသည်ဆိုက သိပါသည်။ သက်သေခံ (က) (က-၁) နှင့် (က-၂) တွင် ဖော်ပြထားသည့် စာသားများအရ ဦးစိုးမြင့် စီးပွားရေးလုပ်ငန်း အမှန်တကယ်လုပ်ရန်၊ အသုံးပြုရန်၊ အမှန်တကယ်ငွေကြေးလိုအပ်၍ ကျွန်တော်ထံ ငွေကြေးအကူအညီတောင်းတာဆိုတာ မှန်ပါသည်။ ဦးစိုးမြင့်သည် ၎င်းအမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ကျွန်တော့်ထံမှ လှည့်ဖြား၍ ငွေယူခဲ့ခြင်း မဟုတ်ဆိုက မှန်ပါသည်။ ×××× ဟု ထွက်ဆိုသည်ကို တွေ့ရှိရသည်။

ဦးလှဝင်းအား ၎င်း၏ရှေ့နေမှ ထပ်မံစစ်မေးရာတွင် ×××× အဓိကစစ်မေးချက်တွင် မြို့သစ်စီမံကိန်းတွင် လမ်းဖောက်ရန် တင်ဒါအတွက်ဟုပြောပြီး ငွေယူသွားကြောင်း၊

စည်ပင်နှင့် အိုးအိမ်၌ စုံစမ်းရာ တင်ဒါလည်းမခေါ်၊ ဦးစိုးမြင့် ကုမ္ပဏီက လျှောက်ထားခြင်းမရှိဟု ထွက်ဆိုသည့်စကားနှင့် ပြန်လှန်မေးခွန်းတွင် ဦးစိုးမြင့် အမှန်တကယ်လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ငွေယူခြင်း မဟုတ်ပါဟူသော စကားနှစ်ရပ်မှာ ကွဲလွဲနေ၍ ရှင်းလင်းဖြေဆိုပါဆိုလျှင် ကျွန်တော့်ထံ ငွေလာတောင်းစဉ်က မြို့သစ်စီမံကိန်း တင်ဒါရသည်ဟု ပြောဆိုပြီး ငွေများယူသွားသော်လည်း နောက်ပိုင်းစုံစမ်းရာ မြို့သစ်စီမံကိန်းတွင် တင်ဒါခေါ်ယူခြင်းလည်းမရှိ၊ ဦးစိုးမြင့် ကုမ္ပဏီက တင်ဒါလျှောက်ထားခြင်းမရှိကြောင်း သိရပါသည်ဟု ရှင်းလင်းထွက်ဆိုကြောင်း တွေ့ရှိရသည်။

သက်သေခံဥပဒေပုဒ်မ ၁၃၈ တွင် သက်သေများကို စစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ အဓိကစစ်မေးခြင်း (Examination-in-chief)၊ ပြန်လှန်စစ်မေးခြင်း (Cross-Examination)၊ ထပ်မံစစ်မေးခြင်း (Re-examination) ဟူ၍ အစီအစဉ်များ သတ်မှတ်ပြဋ္ဌာန်းထားသည်။ သက်သေတင်ပြသည့် အမှုသည်က ယင်းသက်သေကို စစ်မေးခြင်းသည် အဓိကစစ်မေးခြင်း (Examination-in-chief) ဖြစ်ပြီး၊ သက်သေအား သိသမျှ

အချက်အလက်အားလုံးကို ပြည့်စုံအောင် မေးမြန်းရခြင်း ဖြစ်သည်။

ပြန်လှန်စစ်မေးခြင်း (Cross-Examination) ၏ ရည်ရွယ်ချက်မှာ မူလစစ်မေးချက်တွင် ထွက်ဆိုချက်များ ယိမ်းယိုင်စေရန်နှင့် သက်သေသည် ယုံကြည်စိတ်ချရသူ မဟုတ်ကြောင်း တင်ပြရန်ဖြစ်သည်။

ထပ်မံစစ်မေးခြင်း(Re-examination) ဆိုသည်မှာ သက်သေအား ပြန်လှန်စစ်မေးစဉ် ဒွိဟဖြစ်စေမည့် အချက်အလက်များ ပေါ်ပေါက်လာသည့်အခါမှ မည်သည့်အတွက် ထွက်ဆိုရကြောင်း ရှင်းလင်းစေရန် သက်သေတင်ပြသူက နောက်ထပ်မေးမြန်းခွင့်ရရှိ ခြင်းဖြစ်သည်။

မှုခင်းတစ်ရပ်တွင် အဓိကစစ်ဆေးခြင်းဖြင့် အမှု၏ ဖြစ်ရပ်ပေါ်လာသည်နှင့်အမျှ ပြန်လှန်စစ်မေးခြင်းဖြင့်လည်း သက်သေများ၏ အခြေအနေမှန်၊ ၎င်းအပေါ် ယုံကြည်ထိုက် ခြင်း ရှိ မရှိ စသည့် မျှတမှန်ကန်မှုကို အထောက်အကူပြုစေ မည့်အချက်များ သိရှိနိုင်မည်ဖြစ်သည်။ ထပ်မံစစ်မေးခွင့် ပေးခြင်းဖြင့် အမှုမှန်ကို ပိုမိုရှင်းလင်း မြင်သာစေနိုင်မည်ဖြစ်ရာ

သက်သေခံဥပဒေပုဒ်မ ၁၃၈ သည် တရားမျှတမှု ဖြစ်စေရန် ပြဋ္ဌာန်းသတ်မှတ်ပေးထားခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ သက်သေတစ်ဦး၏ ထွက်ဆိုချက်ကို သုံးသပ်ရာတွင် ထွက်ဆိုချက်တစ်ရပ်လုံးကို ခြုံငုံသုံးသပ်မှသာ ပြည့်စုံမှန်ကန်နိုင်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဦးလှဝင်း၏ ထွက်ဆိုချက်၊ သက်သေခံ (က) (က-၁) (က-၂) စာချုပ် (၃) စောင်၏ အပိုဒ် (ခ) တွင် ဖော်ပြချက်အရဆိုလျှင် ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရန် မရိုးမဖြောင့်သောသဘောဖြင့် သွေးဆောင်ရယူခဲ့သည်ဆိုသောအချက် မထင်ရှားကြောင်း၊ ဦးလှဝင်း၏ထွက်ချက်တွင် ဦးစိုးမြင့်သည် အမှန်တကယ် လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ ငွေများကို လိမ်လည်လှည့်ဖြားရယူခဲ့ခြင်းမဟုတ်ဆိုက မှန်ပါသည်ဟု ထွက်ဆိုထားခြင်းကြောင့် ဦးစိုးမြင့်သည် စွပ်စွဲထားသည့် ရာဇဝတ်မှုကျူးလွန်မှုမမြောက်နိုင်ကြောင်း၊ ထို့ကြောင့် ယခုအမှုအားစွဲချက်တင်သင့်- မတင်သင့်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ အမှုကိုချေဖျက်ရမည်ဖြစ်ကြောင်း သုံးသပ် ဆုံးဖြတ်ခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

ဦးလှဝင်းအား တရားခံရှေ့နေမှ ပြန်လှန်စစ်မေးစဉ် "ဦးစိုးမြင့်သည် အမှန်တကယ် လုပ်ငန်းမလုပ်ဘဲ အကြောင်းပြ၍ လှည့်ဖြားငွေယူခဲ့ခြင်း မဟုတ်ဆိုက မှန်ပါသည်" ဟု ထွက်ဆိုသော်လည်း ဦးလှဝင်း၏ ရှေ့နေမှ ထပ်မံစစ်မေးရာတွင် "မြို့သစ်စီမံကိန်း တင်ဒါရသည်ဟုပြောပြီး ငွေများယူသွားသော်လည်း မြို့သစ်စီမံကိန်းတွင် တင်ဒါခေါ်ယူခြင်းမရှိ၊ ဦးစိုးမြင့်ကုမ္ပဏီက တင်ဒါလျှောက်ထားခြင်းမရှိကြောင်းသိရပါသည်" ဟု ရှင်းလင်းထွက်ဆိုကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ဦးလှဝင်း၏ ထွက်ဆိုချက်တစ်ရပ်လုံးကို သုံးသပ်ပါက ဦးစိုးမြင့်သည် ဦးလှဝင်းထံမှ ငွေရရှိရန် မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားကြောင်းထွက်ဆိုသည့် တရားလို ဦးလှဝင်း၏ စွပ်စွဲချက်ကို ပျက်ပြယ်စေသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် မူလရုံးတရားလို ဦးလှဝင်း၏ ထပ်မံစစ်မေးစဉ် ထွက်ဆိုသော ထွက်ချက်ကို ထည့်သွင်းသုံးသပ်ခြင်းမပြုဘဲ မျက်ကွယ်ပြု၍ ဦးလှဝင်း၏ ပြန်လှန်စစ်မေးစဉ် ထွက်ဆိုသည့် အချက်ကိုသာ ထုတ်နုတ်သုံးသပ်ကာ အမှုတွဲချေဖျက်ခြင်းဖြစ်သဖြင့် အဆိုပါ

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

အမိန့်သည် ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ မူလအမှုကို ချေဖျက်ပေးရန် လုပ်ပိုင်ခွင့်ကို တရားရုံးချုပ်က အလွယ်တကူ ကျင့်သုံးလေ့မရှိပေ။ မူလရုံးတရားလို၏ စွပ်စွဲချက် မှန်ကန်စေကာမူ မည်သည့်ပြစ်မှုမှ မြောက်နိုင်မည်မဟုတ်သော အမှုများတွင်သာ ယင်းလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တရားရုံးချုပ်က အမှုတွဲကို ချေဖျက်ပေးရန်ဖြစ်သည်။ **ဦးအောင်လင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ အမှု**[၂] ကို ရည်ညွှန်းသည်။

မူလရုံးအမှုတွင် တရားလို ဦးလှဝင်းတစ်ဦးတည်းကိုသာ စစ်ဆေးရသေးသည့်အဆင့်ဖြစ်ပြီး ဦးလှဝင်း၏ ထွက်ချက်အရ ဦးစိုးမြင့်သည် ရန်ကုန်မြို့သစ်စီမံကိန်းတွင် တင်ဒါရရှိခြင်းမရှိဘဲ တင်ဒါလုပ်ငန်းအတွက် ငွေလိုအပ်သည်ဟု အကြောင်းပြပြီး ဦးလှဝင်းထံမှ ငွေရရှိရန် မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားကြောင်း ရှေးဦးအမြင်အရ ပေါ်ပေါက်နေသဖြင့် တရားလိုဘက် သက်သေအထောက်အထားများ တင်ပြခြင်းအပေါ် စွက်ဖက်ရန် စောလွန်းသည့်အတွက် ရာဇဝတ်ကျင့်ထုံးဥပဒေ

---

၂။ ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၂၄၀

၂၀၂၀ ပြည့်နှစ်

ဦးလှဝင်း
နှင့်
၁။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့်

ပုဒ်မ ၅၆၁-က ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန် မဖြစ်နိုင်ပေ။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ ပန်းဘဲတန်းမြို့နယ်တရားရုံး၏ ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၂၂ ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း ချမှတ်သည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပြီး မူလမြို့နယ်တရားရုံးသည် မူလအမှုနံပါတ်ဖြင့် အမှုပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

+၂၀၂၀ ပြည့်နှစ်

ဒီဇင်ဘာလ ၂ ရက်

## ရာဇဝတ်ပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

## ဦးအောင်ဇော်သိန်းရှေ့တွင်

**မအေးသီတာစိုး နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်***

**မအေးသီတာစိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်****

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃(၁)(ခ)ပါ "retrial" ဟူသော စကားရပ်ကို စွဲချက်တင်သည့်အဆင့်က ပြန်လည် စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ။**

**ဆုံးဖြတ်ချက် ။ ။** ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁)(ခ) ပါ **"retrial"** ဟူသော အသုံးအနှုန်းကို တရားရုံးများ လက်စွဲအပိုဒ် ၁၁၂၇ တွင် ပြဋ္ဌာန်းထားသည့် အယူခံရုံး၊ ပြင်ဆင်ရုံးတို့၏ အမိန့် အရ အမှုသစ် **(new trial)** ဖွင့်လှစ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ယှဉ်တွဲဖတ်ရှုမည်ဆိုပါက **"retrial"**

*၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၈ (ခ)

** ၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၂၉ (ခ)

+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၉ နှင့် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉၆ (ခ) တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

ဟူသောစကားရပ်ကို စွဲချက်တင်သည့် အဆင့်က ပြန်လည်စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူရန် သင့်မည်မဟုတ်ဘဲ **"new trial"** အသစ်ပြန်လည်စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူမှသာ သဘာဝကျပေမည်။

ထိုသို့စစ်ဆေးရန်မှာ အောက်ရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ၊ လုပ်ထုံးလုပ်နည်းအရ လွန်စွာလွဲမှားနေသည့်အပြင် အမှုသည် တစ်ဦးဦးအပေါ် နစ်နာစေသော၊ တရားမျှတမှုကို ထိခိုက်စေသော စီရင်မှုမျိုးအတွက်သာ ဖြစ်သင့်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားလိုဘက်အနေဖြင့် စွဲချက်အဆင့်တွင် ပြင်ဆင်မှုတက်ရောက်ရန် အချိန်လုံလောက်စွာရရှိပါလျက် မူလရုံးက ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက်ပိုမိုကြီးလေးသော သေဒဏ်ထိုက်သင့်သည့်ပြစ်မှုဖြင့် စွဲချက်တင်စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားချက်အပေါ် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပြင်ဆင်မှုကို ခွင့်ပြု၍ မူလခရိုင်တရားရုံး၏ ပြစ်မှု

ပြစ်ဒဏ်ထင်ရှားစီရင်သောအမိန့်ကို ပယ်ဖျက်ပြီး တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြန်လည်စစ်ဆေးစီရင်ရန် ညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့ခြင်းသည် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မျှတမှန်ကန်မှုရှိသည်ဟု မဆိုနိုင်။

လျှောက်ထားသူအတွက် - ဦးဟန်ညွန့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဒေါ်ခိုင်ခိုင်သွယ်၊
လက်ထောက်ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

မင်းဘူးခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၃၃ တွင် တရားခံ မအေးသီတာစိုး (ခ) မသီအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) နှင့် ပုဒ်မ ၄၄၉ တို့ဖြင့်စွဲချက်တင်စစ်ဆေးပြီး ပုဒ်မ ၃၀၂ (၂) အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်၊ ပုဒ်မ ၄၄၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ်ကျခံစေရန်၊ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို တရားခံ

မအေးသီတာစိုး (ခ) မသီက မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁၉ ဖြင့် လည်းကောင်း၊ တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)၊ ပုဒ်မ ၄၄၉ အရ စွဲချက်တင်သည့် အမိန့်အပေါ် မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးက မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၉၆ (ခ) ဖြင့်လည်းကောင်း အယူခံမှု၊ ပြင်ဆင်မှုများတင်သွင်းရာ ရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြု၍ မင်းဘူးခရိုင်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၄၄၉ အရ ပြစ်မှုများဖြင့် စွဲချက်တင်သည့် အမိန့်နှင့် တရားခံ မအေးသီတာစိုး (ခ) မသီအပေါ် ပုဒ်မ ၃၀၂ (၂) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန်၊ ပုဒ်မ ၄၄၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန်၊ ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး မင်းဘူးခရိုင်တရားရုံးသည် အမှုကို မူလအမှုနံပါတ်ဖြင့် ပြန်လည်ရေးဖွင့်၍ တရားခံ မအေးသီတာစိုး (ခ) မသီအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြီး အမှုကိုဥပဒေနှင့်အညီ ပြန်လည်စစ်ဆေးစီရင်ဆုံးဖြတ်

ရန် ညွှန်ကြားကြောင်းနှင့် အယူခံတရားလို မအေးသီတာစိုး (ခ) မသီ တင်သွင်းသည့် အယူခံမှုကို ပလပ်ကြောင်း အမိန့်ချမှတ်သဖြင့် တရားခံ မအေးသီတာစိုးက ဤရာဇဝတ်ပြင်ဆင်မှုများကို တင်သွင်းခြင်းဖြစ်သည်။

ဤရာဇဝတ်ပြင်ဆင်မှု ၂ မှုမှာ မင်းဘူးခရိုင်တရားရုံး ၂၀၁၈ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၃၃ မှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် ပြင်ဆင်မှု ၂ မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာ ၁၂-၁၀-၂၀၁၈ ရက်နေ့ နံနက် ၇ နာရီခွဲအချိန်ခန့်က တရားလို ဦးအုန်းမြင့်သည် မင်းဘူးမြို့သို့ ကော်မရှင်ကိစ္စအစည်းအဝေးတက်ရန်သွားစဉ် နံနက် ၉ နာရီခန့်တွင် ညီဖြစ်သူ ကိုဝင်းဌေးမှ ဖုန်းဆက်အကြောင်းကြားသဖြင့် ပြန်လာရာနေအိမ်အောက်ထပ် ပက်လက်ကုလားထိုင်ပေါ်တွင် ဇနီးဖြစ်သူ မခင်စန်းဝင်းမှာ လည်ပင်းပေါက်ပြဲ၊ သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း၊ အိမ်နီးချင်း မသန်းမြင့်အား မေးမြန်းရာ မခင်စန်းဝင်းအား မိမိနေအိမ်တောင်ဘက်ကပ်လျက်တွင် နေထိုင်သူ မအေးသီတာစိုး (ခ)

၂၀၂၀ ပြည့်နှစ်

မအေးသီတာစိုး

မအေးသီတာစိုး

နှင့်

ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စု

သမ္မတမြန်မာနိုင်ငံတော်

မသီမှ ဓါးနှင့်ခုတ်၍ ထွက်ပြေးသွားကြောင်း သိရသဖြင့် ဇနီးဖြစ်သူအား ဓါးနှင့်ခုတ်သတ်သူ မအေးသီတာစိုး (ခ) မသီအား အရေးယူပေးရန် တိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက တရားလိုသည် အခင်းဖြစ်ကိစ္စကို မြင်တွေ့သိရှိခြင်း မဟုတ်ဘဲ တစ်ဆင့်ကြားသိရသူဖြစ်ကြောင်း၊ မျက်မြင်သက်သေဖြစ်သူ ဒေါ်သန်းမြင့် (လိုပြ-၁) အား ပြန်လှန်စစ်မေးချက်တွင် သေဆုံးသူ ဒေါ်ခင်စန်းဝင်း အော်သံကြားမှသာ သေဆုံးသူ၏ အိမ်အောက်သို့ ရောက်ရှိကြောင်း၊ ကုလားထိုင်ပေါ်တွင် သေဆုံးနေကြောင်း၊ အဆိုပါ ကုလားထိုင်အနီးတွင် တရားခံ မအေးသီတာစိုး (ခ) မသီ မရှိကြောင်း၊ တရားခံမှ သေသူအား ဓါးဖြင့်ခုတ်သည်ကို မြင်ခြင်း၊ ကြားခြင်းမရှိကြောင်း ထွက်ဆိုချက်အရ တရားခံမှ သေသူအား သတ်သည်ကို မြင်တွေ့ခြင်းမရှိဘဲ ထင်ကြေးဖြင့် ပြောခြင်းဖြစ်ကြောင်း၊ ဦးမြင့်စိုးဦး (လိုပြ-၃)၊ ဦးကျော်မောင်မောင်လင်း (လိုပြ-၄)၊ ဒေါ်ငွေးရီ (ခံပြ-၂) တို့က တရားခံသည် စိတ်ဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း၊ မကွေးဆေးရုံကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကုသရကြောင်း၊ တရားခံ၏

ခင်ပွန်းမှ ကလေး ၁၂ ရက်သားအရွယ် မီးတွင်းထဲ၌ ပစ်ထားခဲ့သောကြောင့် စိတ်မူမမှန်ခြင်း ဝေဒနာခံစားနေရသူဖြစ်ကြောင်း ထွက်ဆိုချက်များအရလည်းကောင်း၊ သေသူဒေါ်ခင်စန်းဝင်းအား သတ်ပါသည်ဟု မျက်မြင်သက်သေတစ်ဦးမျှမရှိခြင်းကြောင့်လည်းကောင်း ပြစ်ဒဏ်လျှော့ပေါ့သင့်ပါကြောင်း၊ လျှောက်ထားသူသည် ငယ်ရွယ်သူတစ်ဦးဖြစ်ပြီး ပြစ်ချက်ဟောင်းတစ်စုံတစ်ရာမရှိကြောင်း၊ မီးဖွားပြီးစ သွေးနုသားနုအချိန် ခင်ပွန်းဖြစ်သူမှ စွန့်ပစ်ခံရ၍ စိတ်ဝေဒနာခံစားနေရပြီး ရန်ကုန်မြို့၊ စိတ်ရောဂါအထူးကုဆေးရုံကြီးသို့ သွားရောက်ကုသသော်လည်း ဆေးဝါးဖိုးမတတ်နိုင်ခြင်း၊ မိဘများမှ ဆေးပုံမှန် မတိုက်နိုင်ခြင်းကြောင့် ရောဂါသက်သာခြင်းမရှိဘဲ ဆိုးရွားခဲ့ပါကြောင်း၊ အမှုတွင် တရားလိုပြသက်သေ ခိုင်လုံခြင်းမရှိဘဲ သက်သေ ဒေါ်သန်းမြင့်သည် တရားခံနှင့် မကြာခဏစကားများဖူးသည့်အပြင် တရားလိုနှင့် ဆွေမျိုးတော်စပ်သူဖြစ်ကြောင်း၊ တရားခံသည် ယခုအချိန်ထိ စိတ်တည်ငြိမ်မှုမရှိဘဲ ရူးသွပ်နေ၍ ကျေးရွာအုပ်ချုပ်ရေးမှူးကိုယ်တိုင်က တရားခံသည် စိတ်မကောင်းသူတစ်ဦးဖြစ်သည့်အပြင် အရူးတစ်ပိုင်းဖြစ်သည်

ဟု ထွက်ဆိုထားခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၈၄ အရ ကင်းလွတ်ခွင့်ရရှိသင့်ပါကြောင်း၊ ၁၀ နှစ်အရွယ် လူမမယ်သမီး တစ်ဦးလည်း ကျန်ရှိနေ၍ ထောက်ထားစာနာခွင့် ရသင့်ပါကြောင်း၊ မအေးသီတာစိုးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ဖြင့် ပြောင်းပြီးစွဲချက်တင်သည့် တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်မှာ မှားယွင်းနေပါသဖြင့် ပြန်လည်သုံးသပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက တရားခံနှင့်သေဆုံးသူတို့မှာ အိမ်ချင်းကပ်လျက်နေထိုင်ပြီး ခြံစည်းရိုးကာရံထားခြင်း မရှိကြောင်း၊ တရားခံသည် သေဆုံးသူ ဒေါ်ခင်စန်းဝင်းအား ဓါးဖြင့်ခုတ်သည်ကို မြင်တွေ့သည့် သက်သေမရှိသော်လည်း ဒေါ်ခင်စန်းဝင်း၏ အော်သံကြား၍ အိမ်နီးချင်းဖြစ်သူ ဒေါ်သန်းမြင့် (လိုပြ-၂) က အခင်းဖြစ်အိမ်သို့ သွားရောက်ရာ ဒေါ်ခင်စန်းဝင်းမှာ နေအိမ်အတွင်းရှိ ကုလားထိုင်ပေါ်တွင် ဓါးဒဏ်ရာများနှင့် သေဆုံးနေကြောင်း၊ တရားခံမှာ ဓါးကိုင်ပြီး တရားလို၏နေအိမ်မြောက်ဘက်အိမ်သာကြားမှ တရားခံအိမ်ဘက်သို့ ကူးသွား

သည်ကို မြင်တွေ့ကြောင်း၊ ဦးကျော်မောင်မောင်လင်း (လိုပြ-၄) က တရားခံအား ခင်စန်းဝင်းသေပြီဟုပြောရာ သေအောင် ခုတ်ထားခဲ့သည်ဟု ပြောဆိုကြောင်း ထွက်ဆိုချက်များရှိသည့် အပြင် တရားခံမှ အခင်းဖြစ်စဉ် အသုံးပြုခဲ့သော သက်သေခံ ဓါး ဝှက်ထားသည့်နေရာအား ပြသပြီး ရှာဖွေပုံစံဖြင့် ပေးအပ်ခဲ့ ကြောင်း ပေါ်ပေါက်သဖြင့် တရားခံ အေးသီတာစိုးသည် တရားလို၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်ခင်စန်းဝင်း အား ဓါးဖြင့် ခုတ်ခဲ့ကြောင်း၊ ဒေါက်တာအောင်ကိုကိုကျော် (လိုပြ-၇) ၏ ထွက်ဆိုချက်နှင့် (သက်သေခံ-ဃ) ဆေးစာအရ ဒေါ်ခင်စန်းဝင်း၏ လည်ပင်းဘယ်ဘက် ဦးခေါင်းနှင့်ဆက်သွယ်သော သွေးကြောမကြီး ပြတ်ရှဒဏ်ရာ၊ ဦးခေါင်းဘယ်ဘက်ပြတ်ရှ ဒဏ်ရာ၊ ဦးခေါင်းညာဘက် ပြတ်ရှအက်ကွဲဒဏ်ရာတို့ရရှိပြီး အဆိုပါဒဏ်ရာများကြောင့် သွေးထွက်လွန်ကာ သေဆုံးရ ကြောင်း၊ အေးသီတာစိုးက ကိုယ်လုပ်တာ ကိုယ်ခံရဲတယ်ဟု ပြောဆိုကာ အဖမ်းခံခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တရားခံသည် ဒေါ်ခင်စန်းဝင်းအား ဓါးဖြင့်ခုတ်ကာ လူသတ်မှုကျူးလွန်ခဲ့ ကြောင်း၊ တရားခံသည် အခင်းဖြစ်စဉ်က ရူးသွပ်နေကြောင်း

ပေါ်ပေါက်မှုမရှိသဖြင့် ရာဇသတ်ကြီးပုဒ်မ ၈၄ ၏ အကာအကွယ်ကို ခံစားနိုင်မည်မဟုတ်ကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုသည်ကိုယ်တိုင် ထောင် ၇ နှစ်နှင့် အထက် ပြစ်ဒဏ်သတ်မှတ်ထားသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ခိုက် လူသတ်မှုကိုပါကျူးလွန်ကြောင်း ထင်ရှားသူနှင့်သာ သက်ဆိုင်ခြင်းဖြစ်ကြောင်း၊ အမှုတွင် တရားခံ အေးသီတာစိုးသည် သေဆုံးသူနေအိမ်သို့ ဓါးကိုင်ဝင်ရောက်ခြင်းသည် သေသူအပေါ် သေဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကျူးလွန်သည့် သီးခြားပြစ်မှုတစ်ရပ်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း၊ တရားခံသည် အဆိုပါ ပြစ်မှုများ ကျူးလွန်ရန် အားထုတ်ခဲ့သည်ဟု သက်သေခံချက်များ မပေါ်ပေါက်ကြောင်း၊ တရားခံသည် သေသူ ဒေါ်ခင်စန်းဝင်းရှိရာ နေအိမ်ထဲသို့ ဝင်ရောက်ပြီး ဓါးဖြင့်ခုတ်ခဲ့ခြင်းသည် သေစေရန်အကြံဖြင့် ပြုမူခြင်းသာဖြစ်ပြီး ဖြစ်စဉ်၊ ဖြစ်ရပ်တစ်ခုတည်းဖြစ်သောကြောင့် တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြင်ဆင်စွဲချက်တင်ရန် ညွှန်ကြားသည့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်မှာ ဥပဒေအရ မှန်ကန်သည်ဟု

မဆိုနိုင်ပါသဖြင့် သင့်မြတ်သည့် အမိန့်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် မူလခရိုင်တရားရုံးက တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၄၄၉ တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က မင်းဘူးခရိုင်တရားရုံး၏ စီရင်ချက်အမိန့်တို့ကို ပယ်ဖျက်၍ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြီး ပြန်လည်စစ်ဆေးစီရင်ရန် ညွှန်ကြားခဲ့ခြင်းသည်လည်းကောင်း ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရန်ဖြစ်သည်။

အမှုတွဲကိုစိစစ်ရာ သေသူဒေါ်ခင်စန်းဝင်းသည် ၎င်း၏နေအိမ်အောက်ထပ် ကုလားထိုင်ပေါ်၌ ပက်လက်အနေအထားဖြင့် လည်ပင်းတွင် ဓါးဒဏ်ရာများ ရရှိ သေဆုံးနေသည်ကို ဒေါ်သန်းမြင့် (လိုပြ-၂) က စတင်တွေ့ရှိရခြင်းဖြစ်သည်။ ဒေါ်သန်းမြင့် (လိုပြ-၂) သည် သေသူ၏ ယောင်းမတော်စပ်ပြီး သေသူ၏ နေအိမ်မြောက်ဘက် မျက်နှာချင်းဆိုင်တွင် နေထိုင်သူဖြစ်သည်။ အခင်းဖြစ်နံနက်က ဒေါ်ခင်စန်းဝင်း

၂၀၂၀ ပြည့်နှစ်
မအေးသီတာစိုး
မအေးသီတာစိုး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်

၏ "အား" ဟု အော်သံကြားရသဖြင့် သွားကြည့်ရာ မအေးသီတာစိုး (ခ) မသီသည် လက်ထဲတွင် ဓါးကိုင်ပြီး ဒေါ်ခင်စန်းဝင်းတို့ နေအိမ် မြောက်ဘက်အိမ်သာကြားမှ ၎င်း နေအိမ်ဘက်သို့ ကူးသွားသည်ကို ဝါးတစ်ပြန်ခန့် အကွာမှ မြင်တွေ့ရကြောင်း ဒေါ်သန်းမြင့်က ထွက်ဆိုထားသည်။ သေသူ နေအိမ်နှင့် တရားခံနေအိမ်မှာ ခြံစည်းရိုးကာရံထားခြင်းမရှိဘဲ တောင်ဘက် မြောက်ဘက်ကပ်လျက်နေထိုင်ကြခြင်း ဖြစ်သည်။

တရားခံ မအေးသီတာစိုး (ခ) မသီက သက်သေခံ ဓါးမကို ၎င်းနေအိမ်၏ တောင်ဘက် ခြံစည်းရိုး ကြက်ဟင်းခါး ခြုံပုတ်အတွင်း ဝှက်ထားကြောင်းပြောပြီး သက်သေခံ (ခ-၁) ရှာဖွေပုံစံဖြင့် ပေးအပ်ကြောင်း ဦးကျော်မောင်မောင်လင်း (လိုပြ -၄)၊ ဦးဇင်ဘို (လိုပြ-၆) တို့က ထွက်ဆိုထားသည်။ အဆိုပါ ဓါးမနှင့်အတူ အခင်းဖြစ်စဉ်က မအေးသီတာစိုး (ခ) မသီ ဝတ်ဆင်ထားသော အင်္ကျီ၊ လုံချည်တို့ကို ဓါတုဗေဒဝန်ရုံးသို့ ပေးပို့စစ်ဆေးရာ သွေးတွေ့ရှိသော်လည်း မည်သည့်သွေးဖြစ် ကြောင်း ဆက်လက်စုံစမ်းရန် သွေးမလုံလောက်ပါဟု (သက်သေခံ-င) ပြန်စာဖြင့် ဓါတုဗေဒဝန်ရုံးမှ ပြန်ကြားထားသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်လင်း (လိုပြ-၄) သည် မအေးသီတာစိုး (ခ) မသီအား ရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ဖမ်းဆီးစဉ် ၎င်းမှဘာဖြစ်တာလဲဟု မေးရာ မသီက ကိုယ်လုပ်တာကိုယ်ခံရဲတယ်ဟုပြောပြီး အဖမ်းခံရန် လက်နှစ်ဖက်ကို ထိုးပေးကြောင်း၊ မခင်စန်းဝင်း သေနေပြီဟု ပြောရာ သေအောင်ခုတ်လာခဲ့သည်ဟုပြောကြောင်း ထွက်ဆိုချက်ရှိသည်။

ဒေါက်တာအောင်ကိုကိုကျော် (လိုပြ-၇) ထွက်ချက်နှင့် (သက်သေခံ-ဃ) ဆေးစာတွင် သေသူ ဒေါ်ခင်စန်းဝင်းသည် ဘယ်ဘက်လည်ပင်းနှင့် ဦးခေါင်းဆက်သွယ်သော သွေးကြောမကြီးနေရာ၌ ၆ စင်တီမီတာခန့် ပြတ်ရှဒဏ်ရာတစ်ခု၊ ဦးခေါင်းဘယ်ဘက် ၆ လက်မခန့် ပြတ်ရှကွဲအက်ဒဏ်ရာတစ်ခု၊ ဦးခေါင်းညာဘက် ၆ လက်မခန့် ပြတ်ရှကွဲအက်ဒဏ်ရာတစ်ခုတို့ရရှိပြီး သွေးထွက်လွန်ခြင်းကြောင့် သေဆုံးကြောင်း၊ ထက်သောလက်နက်ဖြင့် ရရှိသောဒဏ်ရာများဖြစ်ကြောင်း ဖော်ပြပါရှိသဖြင့် မခင်စန်းဝင်းသည် သေစေလောက်သော ဒဏ်ရာများရရှိပြီး ယင်းဒဏ်ရာများကြောင့် သေဆုံးရကြောင်း

ထင်ရှားသည်။

သို့ဖြစ်၍ တရားခံ မအေးသီတာစိုး (ခ) မသီက သေသူ မခင်စန်းဝင်းအား ဓါးဖြင့် ခုတ်သည်ကို မြင်တွေ့သိရှိသည့် မျက်မြင်သက်သေမရှိသော်လည်း ဒေါ်သန်းမြင့် (လိုပြ-၂)၊ ဦးကျော်မောင်မောင်လင်း (လိုပြ-၄) တို့၏ ထွက်ဆိုချက်၊ တရားခံအား ဖမ်းဆီးစဉ် ၎င်းကိုယ်တိုင်၏ ပြောဆိုချက်၊ တရားခံက သက်သေခံဓါးမကို ဝှက်ထားသည့်နေရာမှ ပြသပေးအပ်သည့်အချက်၊ သက်သေခံဓါးမနှင့် အခင်းဖြစ်ချိန်က တရားခံ ဝတ်ဆင်ခဲ့သည့် အဝတ်အစားများတွင် သွေးတွေ့ရှိသည့်အချက်စသည့် ပတ်ဝန်းကျင်သက်သေခံချက်များနှင့် စာမှတ်စာတမ်း သက်သေခံအထောက်အထားများအရ တရားခံသည် သေသူ ဒေါ်ခင်စန်းဝင်းအား ဓါးဖြင့်ခုတ်ခဲ့သဖြင့် ဒေါ်ခင်စန်းဝင်းသည် ဒဏ်ရာများရရှိပြီး သေဆုံးခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရ၍ မူလခရိုင်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုပြစ်ဒဏ်စီရင်ခဲ့ခြင်းသည် ဥပဒေကြောင်းအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းမှုမရှိပေ။ သို့ဖြစ်ရာ မူလခရိုင်တရားရုံးက

တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခဲ့ခြင်းကို မကွေးတိုင်းဒေသကြီးတရားလွှတ်တော်က ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

အခင်းမဖြစ်မီ တရားခံသည် သေသူထံ မည်သို့ ရောက်လာသည်၊ မည်သို့ စတင်ဖြစ်ပွားသည်ကိုလည်းကောင်း၊ ဓါးကို မည်သည့်နေရာမှ ယူဆောင်လာသည်၊ မည်သူ၏ ဓါးဖြစ်သည်ကိုလည်းကောင်း တရားခံ၏ ကြံရွယ်ချက်ကို ထင်ရှားစေသည့် သက်သေခံချက်များ အမှုတွင် ထင်ရှားပေါ်ပေါက်မှု မရှိသည့်အပြင်၊ တရားခံနှင့် သေသူဒေါ်ခင်စန်းဝင်းတို့သည် အိမ်ချင်းကပ်လျက်နေထိုင်ပြီး ခြံစည်းရိုးကာရံထားခြင်းလည်း မရှိကြောင်း သက်သေခံချက်များအရ တွေ့ရှိရသည်။ ဤအခြေအနေတွင် မူလခရိုင်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၄၄၉ အရ ပြစ်ဒဏ်ထိုက်သင့်သည့် သေဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကို ကျူးလွန်ကြောင်း အမှုတွင် သက်သေထင်ရှားပေါ်ပေါက်မှုမရှိဘဲ တရားခံအပေါ် ရာဇသတ်ကြီး ပုဒ်မ ၄၄၉ အရ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခဲ့ခြင်းသည်

ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

တရားခံ မအေးသီတာစိုး (ခ) မသီက စိတ်ကျန်းမာရေးမကောင်းသူဖြစ်ကြောင်း ထုချေထွက်ဆိုပြီး ရာဇသတ်ကြီးပုဒ်မ ၈၄ ၏ အကာအကွယ်ကို ရရှိခံစားသင့်ပါကြောင်း ၎င်း၏ရှေ့နေကတင်ပြသည်။ ရာဇသတ်ကြီးပုဒ်မ ၈၄ အရ ကင်းလွတ်ခွင့်ရရန်မှာ ပြစ်မှုကျူးလွန်စဉ်က တရားခံသည် စိတ်ပေါ့သွပ်ခြင်းကြောင့် မိမိပြုလုပ်မှုမှာ မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုလည်းကောင်း မသိနိုင်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်ရှိသည်။

အခင်းဖြစ်ပွားပြီးနောက် တရားခံအားဖမ်းဆီးရာတွင် ကိုယ်လုပ်တာကိုယ်ခံရဲတယ်၊ သေအောင်ခုတ်လာခဲ့တာဟု ပြောခြင်း၊ လက်ကိုထိုးပေးပြီး အဖမ်းခံခြင်းစသည့် ပြောဆိုပြုမူမှုများအရ တရားခံသည် မိမိပြုလုပ်မှု၏ အကျိုးအပြစ်ကို သိရှိသည်ဟု ကောက်ယူသုံးသပ်ရပြီး သက်သေခံဓါးမကို ခြံပုတ်အတွင်း ဝှက်သိမ်းရန် အသိရှိနေခြင်းကြောင့် ရာဇသတ်ကြီးပုဒ်မ ၈၄ ပြဋ္ဌာန်းချက်တွင် အကျုံးဝင်သည်ဟု မဆိုသာ၍ ကင်းလွတ်

ခွင့်ပြုရန် အကြောင်းမပေါ်ပေါက်ပေ။

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သည် ပြစ်မှုထင်ရှားစီရင်ပြီးဖြစ်သော ခရိုင်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ကာ အမှုကို မူလအမှုနံပါတ်ဖြင့် ပြန်လည်ရေးဖွင့်၍ တရားခံ အေးသီတာစိုး (ခ) မသီ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြီး အမှုကို ဥပဒေနှင့်အညီ ပြန်လည်စစ်ဆေးစီရင်ရန် ညွှန်ကြားသည့် အမိန့်ချမှတ်ခဲ့မှုအပေါ် ဆက်လက်သုံးသပ်ရန် ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ခ) တွင် “in an appeal from a conviction, (1) reverse the finding and sentence, and acquit or discharge the accused, or order him to be **retried** by a Court of competent jurisdiction subordinate to such appellate Court or committed for trial,” x x x x x ဟု ပြဋ္ဌာန်းထားသည်။

တရားရုံးများလက်စွဲအပိုဒ် ၁၁၂၇ တွင် “In criminal cases when a **new trial** is ordered by a Court of Appeal

or Revision, the record of the **new trial** will be a separate record, registered under a **separate number**. The first document on the record will be a copy of the judgment directing a **new trial** to be held. This will be a duplicate copy independent of the copy sent under paragraph 794 to be filed with the record of the previous trial. If any documentary evidence that was filed in the record of the original trial is used at the second trial, it must be removed to the record of the second trial." ဟု ပြဋ္ဌာန်းထားသည်။

"**trial**" ဟူသော စကားရပ်ကို အဓိပ္ပါယ်ဖွင့်ဆိုချက်ရှိသော်လည်း "**retrial**" ဟူသော စကားရပ်ကို အဓိပ္ပါယ်ဖွင့်ဆိုထားမှု မရှိပေ။ သို့ဖြစ်ရာ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၃ (၁) (ခ) ပါ "**retrial**" ဟူသော အသုံးအနှုန်းကို တရားရုံးများလက်စွဲ အပိုဒ် ၁၁၂၇ တွင် ပြဋ္ဌာန်းထားသည့် အယူခံရုံး၊ ပြင်ဆင်မှုရုံးတို့၏ အမိန့်အရ အမှုသစ် (**new trial)** ဖွင့်လှစ်ရာတွင်

ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် ယှဉ်တွဲဖတ်ရှုမည်ဆိုပါက "**retrial**" ဟူသော စကားရပ်ကို စွဲချက်တင်သည့်အဆင့်က ပြန်လည်စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူရန်သင့်မည် မဟုတ်ဘဲ "**new trial**" အသစ်ပြန်လည်စစ်ဆေးရန်ဖြစ်သည်ဟု ကောက်ယူမှသာ သဘာဝကျပေမည်။ ထိုသို့စစ်ဆေးရန်မှာ အောက်ရုံး၏ ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်မှုသည် ဥပဒေကြောင်းအရ၊ လုပ်ထုံးလုပ်နည်းအရ လွန်စွာလွဲမှားနေသည့်အပြင် အမှုသည်တစ်ဦးဦးအပေါ် နစ်နာစေသော၊ တရားမျှတမှုကို ထိခိုက်စေသော စစ်ဆေးစီရင်မှုမျိုးအတွက်သာ ဖြစ်သင့်ပေသည်။ ယခုအမှုတွင် လူသတ်မှုနှင့် စပ်လျဉ်းသည့် အောက်ရုံးအမိန့်သည် လွဲမှားမှုမရှိသည့်အပြင် အထက်တရားရုံးက တရားခံသည် သေဒဏ်ထိုက်သောပြစ်မှုကို ကျူးလွန်ရန်အလို့ငှာ အိမ်ကျော်နင်းမှုကျူးလွန်ပြီး သေသူအား ဓါးမဖြင့်ခုတ်သတ်၍ လူသတ်မှုကိုကျူးလွန်ကြောင်း သက်သေခံချက်များ ပေါ်ပေါက်သည်ဟု သုံးသပ်ကာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြန်စစ်ရန် ညွှန်ကြားခဲ့ခြင်းမှာလည်း အမှုပြန်စစ်ရမည့်ရုံးအတွက် စကားဦးသန်းရာရောက်ကြောင်း

သုံးသပ်တွေ့ရှိရသည်။

အထက်ရုံးမှတ်ချက်ဖြင့် ပြန်လည်စစ်ဆေးစေသော အမှုတွင် တရားခံတို့ ခုခံချေပရန်မလွယ်။ တရားလိုက သက်သေထူခြင်း၊ တရားခံက ချေပခြင်းတို့သည် လုပ်ရိုးလုပ်စဉ် မျှသာ ဖြစ်ချေမည်။ အဓိပ္ပာယ်မပါ ရှိမည်။ ထို့ကြောင့် အမှန် တကယ်လိုအပ်၍ ပြန်လည်စစ်ဆေးစေသော အမှုများ၌ အထက်ရုံးများက စကားဦးသန်းခြင်း၊ ကြိုတင်ဆုံးဖြတ်ခြင်း၊ အရိပ်ပြခြင်း မပြုအပ်၊ တရားမျှတလွတ်လပ်သော တရားစီရင် ခြင်းကို ဖြစ်ထွန်းနိုင်စေရန် အထူးစောင့်စည်းဆင်ခြင်ရသည်။ ပြန်လည်၍ စစ်ဆေးစေသောအမှုသည် အမှုသစ်ဖြစ်သည်။ ထို့ကြောင့် စစ်ဆေးစီရင်ခြင်း အဓိပ္ပာယ်ပြည့်ဝလေအောင် တရားလိုဘက်မှလည်း စွပ်စွဲချက်ကို သက်သေထူ၍ ခိုင်မာစေ ရမည်။ တရားခံကလည်း စွပ်စွဲချက်မမှန်ကြောင်း ချေပခုခံ သက်သေပြနိုင်စေရမည်။ တရားရုံးကလည်း နှစ်ဖက်သက်သေ ထွက်ဆိုချက်တို့ကို ချိန်ဆ၍ စွဲချက် မှန် မမှန် တရားခံအပြစ် ရှိ မရှိကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်စေရမည်။ **မောင်စိုးသိန်း ပါ ၅**

**နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု** [၁] ကို ကြည့်ပါ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၂၇ တွင် တရားရုံးတစ်ရုံးရုံးသည် စီရင်ချက်မချမီ မည်သည့်အချိန်၌မဆို စွဲချက်တစ်ခုခုသို့ ပြောင်းလဲနိုင်သည် သို့မဟုတ် ဖြည့်သွင်းနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

အမှုတွဲအား စိစစ်ကြည့်ရှုရာတွင် မူလခရိုင်တရားရုံးက တရားခံအား ၆-၅-၂၀၁၉ ရက်နေ့တွင် စွဲချက်တင်ပြီး ၁၀-၅-၂၀၁၉ ရက်နေ့တွင် ဥပဒေအရာရှိက စွဲချက်အမိန့်အပေါ် ပြင်ဆင်မှုတက်လို၍ တရားခံစစ်ဆေးခြင်းကို ဆိုင်းငံ့ပေးရန် လျှောက်သဖြင့် ၂၄-၅-၂၀၁၉ ရက်နေ့သို့ ထပ်မံချိန်းဆိုခဲ့ကြောင်း၊ ၂၄-၅-၂၀၁၉ ရက်နေ့တွင် တရားခံစစ်ရန်ဖြစ်သော်လည်း ဥပဒေအရာရှိမှ စွဲချက်အမိန့်ပြင်ဆင်မှုတက်ရောက်ရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြသဖြင့် ၇-၆-၂၀၁၉ ရက်နေ့သို့ ပြန်ချိန်းခဲ့ကြောင်း၊ ၇-၆-၂၀၁၉ ရက်နေ့တွင် ဥပဒေအရာရှိ တင်ပြချက်အပေါ် အထက်တရားရုံးမှ အမှုတွဲ တောင်းခေါ်မှု မရှိသဖြင့် တရားခံကို ဆက်လက်စစ်ဆေး

၁။ ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၅

ခဲ့ကြောင်း၊ ထို့နောက် ၂၆-၇-၂၀၁၉ ရက်နေ့တွင် တရားခံအပေါ် ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခဲ့သဖြင့် မူလခရိုင်တရားရုံးသည် တရားလိုဘက်မှ စွဲချက်အပေါ် ပြင်ဆင်မှုတက်ရောက်နိုင်ရန် ရုံးချိန်းများ ရွှေ့ဆိုင်းချိန်းဆိုပေးခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်းအပြင် မူလခရိုင်တရားရုံးက ၆-၅-၂၀၁၉ ရက်နေ့တွင် ချမှတ်ခဲ့သော စွဲချက်အမိန့်ကို တိုင်းဒေသကြီးဥပဒေချုပ်ရုံးက ၂-၈-၂၀၁၉ ရက်နေ့တွင်မှ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတက်ရောက်ခဲ့သဖြင့် ကာလစည်းကမ်းသတ်ရက် ကျော်လွန်သည့်အပြင် ၂၆-၇-၂၀၁၉ ရက်နေ့တွင် မူလခရိုင် တရားရုံးက ပြစ်မှုပြစ်ဒဏ်စီရင်ချက်အမိန့်ချပြီးမှ စွဲချက် အမိန့်ကို ပြင်ဆင်မှုတက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိ ရသည်။

တရားစွဲအဖွဲ့အစည်းမှ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင် ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) အရ တရားစွဲတင်ပို့ ထားခဲ့သော အမှုကို ယခင်ပြည်သူ့တရားသူကြီးအဖွဲ့၏ ၂၈-၁၁- ၁၉၈၅ ရက်စွဲပါ စာအမှတ်၊ ၁၀၆/ ၄၇/ ပတဖ အရ မူလမှု တရားစွဲတင်ပို့သောနေ့မှ ၂ လထိသာ စောင့်ဆိုင်းရန် တရားရုံး

တွင် တာဝန်ရှိပါလျက် ၁၃-၉-၂၀၀၆ ရက်နေ့က တရားစွဲတင်ပို့ခဲ့သော အမှုအတွက် ၉ လကျော်ကြာ ၁၄-၆-၂၀၀၇ ရက်နေ့တွင်မှ မြို့နယ်တရားရုံးက တရားခံများအပေါ် တရားစွဲဆိုထားသော ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ လုပ်ထုံးလုပ်နည်းမကျဟုလည်းကောင်း၊ ဥပဒေနှင့်မညီဟုလည်းကောင်း၊ မှန်ကန်မှုမရှိဟုလည်းကောင်း သုံးသပ်ရန်မရှိသောအမှုဖြစ်သဖြင့် တစ်စုံတစ်ရာတည့်မတ်ပြင်ဆင်ပေးရန် လိုအပ်ကြောင်း မတွေ့ရပါဘဲလျက် အောင်မြေသာစံမြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သော မန္တလေးတိုင်းတရားရုံး၏ အမိန့်သည် လက်ခံနိုင်ဖွယ်ရာမရှိပေ။ **ခိုင်ဇော်ထွန်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု** [၂] ကို ရည်ညွှန်းသည်။

တရားရုံး၏ ပြင်ဆင်မှုအာဏာသည် ကျယ်ပြန့်သည်မှာ မှန်သော်လည်း ပြဋ္ဌာန်းသတ်မှတ်ထားသည့် ဥပဒေဘောင်အတွင်းမှ မျှမျှတတချင့်ချိန်၍ ဥပဒေနှင့်အညီ ကျင့်သုံးရန်ဖြစ်သည်။ မူလရုံးက တရားခံအပေါ် ပြစ်မှုပြစ်ဒဏ်ထင်ရှားစီရင်ပြီးဖြစ်သည့်အမှုတွင် အထက်တရားရုံးအနေဖြင့်

---

၂။ ၂၀၁၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁

မိမိလက်အောက်ခံတရားရုံး၏ တွေ့ရှိချက် (Finding)၊ ပြစ်ဒဏ် (sentence) သို့မဟုတ် အမိန့် (order) တစ်ရပ်ရပ်သည် တရားမျှတမှန်ကန်မှု ရှိ၊ မရှိ၊ ဥပဒေနှင့် ညီ၊ မညီ စသည်တို့ကို စိစစ်၍ ဥပဒေနှင့်အညီ တည့်မတ်ပြင်ဆင်ပေးရန် ဖြစ်သည်။ တရားခံအပေါ် တရားမျှတမှုကို အကြီးအကျယ်ထိခိုက်စေသည်အထိ တရားလို၏ ချို့ယွင်းမှု၊ ပျက်ကွက်မှု၊ လစ်ဟာမှုများကို ဖြည့်စွက်နိုင်ရန်အတွက် ပြင်ဆင်မှုအာဏာကို ကျင့်သုံးရန် မသင့်ပေ။

သို့ဖြစ်၍ တရားလိုဘက်အနေဖြင့် စွဲချက်အဆင့်တွင် ပြင်ဆင်မှုတက်ရောက်ရန် အချိန်လုံလောက်စွာ ရရှိပါလျက် မူလရုံးက ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ပြီးသည့်အခါမှ မူလပြစ်မှုထက် ပိုမိုကြီးလေးသော သေဒဏ်ထိုက်သင့်သည့် ပြစ်မှုဖြင့် စွဲချက်တင် စစ်ဆေးပေးပါရန် ပြင်ဆင်မှုလျှောက်ထားချက်အပေါ် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်အနေဖြင့် ပြင်ဆင်မှုကို ခွင့်ပြု၍ မူလခရိုင်တရားရုံး၏ ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်သောအမိန့်ကို ပယ်ဖျက်ပြီး တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်ပြန်လည်

စစ်ဆေးစီရင်ရန် ညွှန်ကြားအမိန့်ချမှတ်ခဲ့ခြင်းသည်လည်း ကောင်း၊ မင်းဘူးခရိုင်တရားရုံးက တရားခံအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၉ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းသည်လည်း ကောင်း၊ အထက်တွင် သုံးသပ်တွေ့ရှိချက်များအရ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မျှတမှန်ကန်မှုရှိသည်ဟု မဆိုနိုင်၍ ဝင်ရောက်စွက်ဖက် ပြင်ဆင်ရန်ဖြစ်သည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှု ၂ မှုစလုံးကို ခွင့်ပြုသည်။ မင်းဘူးခရိုင်တရားရုံး၏ တရားခံ မအေးသီတာစိုး (ခ) မသီအပေါ် စွဲချက်တင်ပြီး ပြစ်မှုပြစ်ဒဏ် ထင်ရှားစီရင်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ကာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) အရ စွဲချက်တင်၍ အမှုကို ပြန်လည်စစ်ဆေးစီရင်ဆုံးဖြတ်ရန် ညွှန်ကြားအမိန့်ချမှတ်သည့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ မင်းဘူးခရိုင်တရားရုံးက တရားခံ မအေးသီတာစိုး (ခ) မသီ အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် ချမှတ်သည့်အမိန့်ကို အတည်ပြုပြီး ရာဇသတ်ကြီးပုဒ်မ

၂၀၂၀ ပြည့်နှစ်

မအေးသီတာစိုး

မအေးသီတာစိုး
နှင့်
ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စု
သမ္မတမြန်မာနိုင်ငံတော်

၄၄၉ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၅ နှစ် ကျခံစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်လိုက်သည်။

+၂၀၂၀ ပြည့်နှစ်

ဇူလိုင်လ ၂၈ ရက်

# ရာဇဝတ်ပြင်ဆင်မှု

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

# ဦးအောင်ဇော်သိန်းရှေ့တွင်

# မအိမ့်သက်ပိုင်မှုး

# နှင့်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ၃*

(၇)နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကို ကျူးလွန်စဉ် ဝင်ရောက်ကာကွယ်သူကို သေစေခြင်း၊ လူတစ်ယောက်အပေါ် သေစေသည့်ပြစ်မှုကို ကျူးလွန်စဉ် အချင်းဖြစ်နေရာ၌ပင် အခြားတစ်ယောက်ကို တစ်ပြိုင်တည်း မသေမချင်း ထုရိုက်သေစေအောင် ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှုအမျိုးအစားတွင် ငြိစွန်းအကျုံးဝင်ကြောင်း ရှေးဦးအမြင်အရ ပေါ်ပေါက်ခြင်း ရှိ မရှိ။

---

*၂၀၂၀ ပြည့်နှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၁(ခ)

+ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂၃ (ခ) တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စွဲချက်အမိန့်ကို ပြင်ဆင်မှု

၂၀၂၀ ပြည့်နှစ်
မအိမ့်သက်ပိုင်မှူး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ပါ ၃

**ဆုံးဖြတ်ချက်** ။ ။ တရားခံရဲဝင်းသည် ဦးစိုးလင်းသန်းအပေါ် (၇) နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုကျူးလွန်စဉ် ဝင်ရောက်ကာကွယ်သူ ဒေါ်ချောစုစုလင်းကိုလည်း တစ်ဆက်တည်း ထပ်မံထုရိုက်၍ သေစေကြောင်း ပေါ်ပေါက်သည်။ လူတစ်ယောက်အပေါ် သေစေသည့် ပြစ်မှုကျူးလွန်စဉ် အချင်းဖြစ်နေရာ၌ပင် အခြားတစ်ယောက်ကို တစ်ပြိုင်တည်း မသေမချင်း ထုရိုက်သေစေခြင်းဖြစ်သဖြင့် ရဲဝင်း၏ ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှု အမျိုးအစားတွင် ငြိစွန်းအကျုံးဝင်ကြောင်း ရှေးဦးအမြင်အရ ပေါ်ပေါက်သည်။

လျှောက်ထားသူအတွက် - ဒေါ်ဥမ္မာစော၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် -(၁) ဒေါ်ဥမ္မာအောင်၊
ဒုတိယညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး
(၂)(၃) ကိုယ်တိုင် (မလာ)

| ၂၀၂၀ ပြည့်နှစ် |
|---|
| မအိမ့်သက်ပိုင်မှူး နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၃ |

တောင်ငူခရိုင်တရားရုံး၊ ၂၀၁၉ ခုနှစ် ရာဇဝတ်ကြီးမှု အမှတ် ၂၀ တွင် တရားခံ ရဲဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)၊ ၃၀၂ (၂)၊ ၃၂၃ ဖြင့်လည်းကောင်း၊ တရားခံ ဦးတိုးကြည်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/ ၁၁၄၊ ၃၀၂ (၂)/ ၁၁၄၊ ၃၂၃/ ၁၁၄ ဖြင့်လည်းကောင်း စွဲချက်တင်သည့် အမိန့်ချမှတ်ရာ အဆိုပါ စွဲချက်များအပေါ် သေသူများ၏ သမီးဖြစ်သူ မအိမ့်သက်ပိုင်မှူးက မကျေနပ်၍ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၂၃ (ခ) ဖြင့် တင်သွင်းရာ၌ အောင်မြင်မှုမရသဖြင့် ဤရာဇဝတ်ပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာတောင်ငူမြို့၊ မြို့သစ်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်လင်းက ၂၁-၂-၂၀၁၉ ရက်နေ့၊ ၀၇ : ၄၅ နာရီအချိန်ခန့် စခန်းမှူးတာဝန်ဆောင်ရွက်စဉ် ကိုသိန်းထိုက်ဆိုသူမှ မင်းကြီးဆွေရပ်ကွက်၊ ဖွဲ့ဆိုင်ကယ်ပြင်ဆိုင်အနီး ခိုက်ရန်ဖြစ်ပွားပြီး ကွေ့သီးနှင့် ထုနှက်နေကြောင်း သတင်းပေးပို့လာ၍ သက်သေများနှင့်အတူ အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ကြောင်း၊ မင်းကြီးဆွေရပ်ကွက်၊ အိမ်အမှတ် (၃၁၉) နေ

၂၀၂၀ ပြည့်နှစ်

မအိမ့်သက်ပိုင်မှုနှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ပါ ၃

ဦးရဲဝင်းနှင့် ဖခင်ဦးတိုးကြည်တို့နေအိမ်သို့ ရန်ကုန်မြို့နေ ဦးစိုးလင်းသန်း၊ ဇနီးဒေါ်ချောစုစုလင်းနှင့် သမီးမသော်တာထက်စံ တို့ ရောက်ရှိလာပြီး ၎င်းတို့ဝယ်ယူထားသည့် အိမ်ခြံမြေအတွက် ဂရန်သက်တမ်းတိုးမြှင့်ရန် စကားပြောဆိုစဉ် တစ်ဖက်နှင့် တစ်ဖက် အဆင်မပြေ ပဋိပက္ခဖြစ်ပြီး ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့ ပြန်ထွက်အလာ၌ ဦးတိုးကြည်နှင့် ရဲဝင်း တို့ သားအဖက နောက်မှလိုက်လာပြီး စကားများရန်ဖြစ် နပန်း လုံးကြောင်း၊ ထိုစဉ်ရဲဝင်းက လမ်းဘေးမီးတိုင်အောက်၌ အသင့် တွေ့ရှိရသော ခါတ်မီးတိုင်သုံး ကြွေသီးဖြင့် ထုရိုက်လိုက်၍ ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့၏ ဦးခေါင်းနှင့် မျက်နှာ တို့ ကွဲကြေဒဏ်ရာရရှိပြီး မသော်တာထက်စံ၌ ဘယ်ဘက်ဂျို စောင်းဖူးရောင်ဒဏ်ရာ၊ ဘယ်တံတောင်ဆစ်ပွန်းခြစ်ဒဏ်ရာ၊ ညာလက်မထိပ် နာကျင်ဒဏ်ရာတို့ ရရှိခဲ့ကြောင်း၊ ဦးစိုးလင်း သန်းနှင့် ဒေါ်ချောစုစုလင်းတို့အား ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားကြောင်းဖော်ပြ၍ ရဲဝင်းနှင့် ဦးတိုးကြည်တို့ သား အဖအား အရေးယူပေးရန် တိုက်ချက်ရေးဖွင့် တိုင်တန်းမှုဖြစ် သည်။

လျှောက်ထားသူ၏ရှေ့နေက ပြစ်မှုကျူးလွန်သူတို့က စတင်ပြီး သေသူများအား ဟန်ချက်ညီညီထိုးနှက်တိုက်ခိုက်ခြင်းကို သေသူများနှင့်တရားခံတို့ စကားပြောအဆင်မပြေဖြစ်ပြီး လုံးထွေးသတ်ပုတ်ကြောင်း သုံးသပ်ချက်သည် ပြစ်မှုကျူးလွန်သူအပေါ် သက်ညှာရာကျကြောင်း၊ မျက်မြင်သက်သေထွက်ချက်များအရ ရဲဝင်းအနေဖြင့် ညီ့သည် အမျိုးသားနှင့် အမျိုးသမီးကို သေအောင်သတ်မည်ဟု အချိန်ယူစဉ်းစားဆုံးဖြတ်ပြီး ကြွေသီးဖြင့် ဦးခေါင်းပိုင်းကို လိုက်ရိုက်နေခြင်းဖြစ်ကြောင်း၊ ဦးခေါင်းပိုင်းဒဏ်ရာများမှာ ဦးနှောက်များထွက်၍ မုချသေဆုံးရမည့်ဒဏ်ရာများ ဖြစ်ခြင်းကြောင့် သေသူများကို ရက်ရက်စက်စက်ရိုက်နှက်သတ်ဖြတ်ခြင်းဖြစ်ကြောင်း၊ ပထမကြွေသီးကို ဦးမျိုးညွန့် (လိုပြ-၉) မှ လုယူသွားသော်လည်း ကိုရဲဝင်းသည် သေသူတို့ကို သေအောင်သတ်မည်ဟု စဉ်းစားဆုံးဖြတ်ထားသည့်အတိုင်း နောက်ထပ်ကြွေသီးတစ်လုံးကို ယူဆောင်လာပြီး ဦးခေါင်းပိုင်းကို အချက်ပေါင်းများစွာ ထုရိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယကြွေသီးရှိ သံချောင်းပြုတ်သည်အထိ ရိုက်ခဲ့ခြင်းဖြစ်၍ ပတ်ဝန်းကျင်အကြောင်းခြင်းရာပြသနာကို

၂၀၂၀ ပြည့်နှစ်

မအိမ့်သက်ပိုင်မှူး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ပါ ၃

ထည့်သွင်းသုံးသပ်ပါက တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှု ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်ပြီးနောက် သေသူများ အနီးတွင် ထမင်းစားနိုင်သော ကိုရဲဝင်း၏ အပြုအမူမှာ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) ဖြင့် စွဲချက်တင်ထိုက်သည့် ပြစ်မှုမျိုး မဟုတ်ကြောင်း၊ ဦးတိုးကြည်၏ ပြုလုပ်မှုမှာလည်း ကိုရဲဝင်းနှင့် မခြား အကြံတူတစ်ခုကို ပူးပေါင်းကျူးလွန်ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်နေရာမှာ လူစည်ကားရာနေရာဖြစ်ပြီး မြင်မြင် ထင်ထင်ရှိသည့်အချိန်မျိုးတွင် ရက်ရက်စက်စက်ရိုက်နှက် သတ်ဖြတ်ခြင်းဖြစ်ပြီး သေသူများ၏သမီး ၂ ဦးမှာလည်း အတိုင်းအဆမရှိ နစ်နာဆုံးရှုံးနေရကြောင်း၊ သို့ဖြစ်၍ မူလခရိုင် တရားရုံး၏ စွဲချက်အမိန့်ကို အတည်ပြုသည့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကိုပယ်ဖျက်ပြီး (၁) တရားခံရဲဝင်းအား ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)၊ ၃၂၃ ဖြင့်လည်းကောင်း၊ (၂) တရားခံ ဦးတိုးကြည်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)၊ ၃၂၃/၃၄ ဖြင့်လည်းကောင်း ပြောင်းလဲစွဲချက်တင်သည့် အမိန့် တစ်ရပ်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြား

ရေးမှူးက တရားခံ ရဲဝင်းသည် ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့အား သက်သေခံကြွေသီးဖြင့် အချက်ပေါင်းများစွာ ရိုက်၍ မုချသေစေနိုင်သောဒဏ်ရာများ ရရှိသေဆုံးခဲ့ကြောင်း၊ ရဲဝင်းက ယင်းသို့သတ်ဖြတ်ရာတွင် ဦးတိုးကြည်သည် အနီးတွင်ရှိနေပြီး အားပေးကူညီကြောင်း၊ သေသူနှင့် တရားခံတို့ အချေအတင်ဖြစ်ပြီး လုံးထွေးကြပြီး တရားခံရဲဝင်းက အနီးတွင်ရှိနေသော အလေးချိန် ၁ ပိဿ ၉၅ ကျပ်သားရှိ ကြွေသီးဖြင့် ဦးစိုးလင်းသန်းကို အချက်ပေါင်းများစွာရိုက်ခြင်း၊ ဝင်ရောက်ကာကွယ်ပေးသည့် ဒေါ်ချောစုစုလင်းကိုလည်းကြွေသီးဖြင့် အဆက်မပြတ် ရိုက်နှက်မှုကြောင့် ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့သည် အခင်းဖြစ်နေရာတွင်ပင် ဦးခေါင်းခွံရိုးကျိုးကာ ဦးနှောက်စုတ်ပြဲ၍ သေဆုံးခဲ့ရကြောင်း၊ တရားခံများက ၎င်းနေအိမ်သို့ရောက်လာပြီး ပြန်ထွက်သွားသည့် သေသူတို့ကို သတ်ရန်အကြံဖြင့် အနောက်မှ တုတ်ကိုင်၍လိုက်သွားပြီး အသက်သေဆုံးသည် အထိ ကြွေသီးဖြင့် ဦးခေါင်းကိုရိုက်၍ သေဆုံးစေခဲ့သဖြင့် သေစေရန်အကြံဖြင့် သတ်ခဲ့ကြောင်း ညွှန်ပြသည့်သက်သေခံချက်များ ပေါ်ပေါက်သဖြင့် သင့်မြတ်သော အမိန့်ချမှတ်ပေးရန်

လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူတို့သည် အကြောင်းကြားစာ အတည်ဖြစ်သော်လည်း ကိုယ်တိုင်လျှောက်လဲချက်တင်ခြင်း၊ ၎င်းတို့ကိုယ်စား ရှေ့နေမှလာရောက်ခြင်း၊ တင်ပြခြင်းမရှိပေ။

အမှုတွဲကိုစိစစ်ရာ မျက်မြင်သက်သေထွက်ချက်များနှင့် စာမှတ်စာတမ်းသက်သေခံ အထောက်အထားများအရ အခင်းဖြစ်နံနက်က ဦးစိုးလင်းသန်း၊ ဒေါ်ချောစုစုလင်းတို့သည် တရားခံများနေအိမ်သို့ ရောက်ရှိလာပြီး တရားခံတို့ထံမှ ဝယ်ယူခဲ့သည့်ခြံမြေကို ဂရန်သက်တမ်းတိုးရန်အတွက် မှတ်ပုံတင်မိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူကို တောင်းခံရာမှ စကားပြောအဆင်မပြေဖြစ်ပြီး ကားရှိရာသို့ ပြန်ထွက်လာစဉ် ရဲဝင်းနှင့် ဦးတိုးကြည်တို့က နောက်မှလိုက်သွားကာ တရားခံ ရဲဝင်းက ဦးစိုးလင်းသန်းကို လက်သီးဖြင့်ထိုးရာ ပါးကိုထိုးမိပြီး လုံးထွေးစဉ် ဦးတိုးကြည်နှင့် ဒေါ်ချောစုစုလင်းတို့က သူ့ဘက်ကိုယ့်ဘက် ဝင်ရောက်ကူညီပြီး အပြန်အလှန် လုံးထွေးကြသည်။ ဘေးလူများက ဝင်ရောက်ဖျန်ဖြေကြသဖြင့် လူချင်းကွဲသွားချိန်တွင် တရားခံ ရဲဝင်းသည် အခင်းဖြစ်နေရာ အနီး၌ရှိနေသော

လှျပ်စစ်မီးတိုင်သုံး ကြွေသီးဟောင်းကိုယူ၍ ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့ကို ထုရိုက်သည်။ ဦးစိုးလင်းသန်းနှင့် ဒေါ်ချောစုစုလင်းတို့က တိမ်းရှောင်ပြီး ရဲဝင်းကို ပြေးတွန်းရာ ရဲဝင်းသည် ကြွေသီးကိုင်လျက်လဲကျစဉ် သေသူတို့က တက်ဖိထားသဖြင့် ဘေးလူများက ဖျန်ဖြေပြီး ရဲဝင်းထံမှ ကြွေသီးကိုလုယူ၍ လွှင့်ပစ်ခဲ့သည်။ လူချင်းကွဲသွားချိန်တွင် ရဲဝင်းသည် အနီးရှိ အခြားကြွေသီးတစ်လုံးကို ကောက်ယူ၍ ဦးစိုးလင်းသန်းကို ထုရိုက်သည်။ ဒေါ်ချောစုစုလင်းကိုလည်း လိုက်ရိုက်သည်။ ဦးစိုးလင်းသန်းက လက်ဖြင့်ကာကွယ်သော်လည်း အရိုက်ခံရ၍ ထိသွားပြီး ဒူးထောက်လျက်လဲကျစဉ် ထပ်မံရိုက်နှက်နေခဲ့ရာ ဒေါ်ချောစုစုလင်းက ဝင်ရောက်ကာကွယ်ပေးသည်။ သို့သော် ရဲဝင်းက ကြွေသီးဖြင့် ထပ်မံထုရိုက်သည့်အတွက် ဦးစိုးလင်းသန်းမှာ အောက်မှပက်လက်လဲကျပြီး ဒေါ်ချောစုစုလင်းမှာ ဦးစိုးလင်းသန်း၏ ခန္ဓာကိုယ်အပေါ်မှ မှောက်လျက်ထပ်ပြီး လဲကျခဲ့သည်။

ထိုသို့လဲကျစဉ် ရဲဝင်းသည် ပက်လက်ဖြစ်နေသူ ဦးစိုးလင်းသန်း၏ ဦးခေါင်းနေရာကို ကြွေသီးဖြင့် လွှဲကာလွှဲကာ

ဆက်တိုက်ထုရိုက်သကဲ့သို့ ဒေါ်ချောစုစုလင်း၏ ဦးခေါင်းနောက်စေ့နေရာကိုလည်း ကြွေသီးဖြင့် အဆက်မပြတ်အချက်ပေါင်းများစွာ ထုရိုက်ခြင်းကြောင့် လင်မယားနှစ်ဦးစလုံးမှာ ဦးခေါင်းများကြေမွ၊ ဦးနှောက်ရိုးကျိုးပြီး ဦးနှောက်များအပြင်သို့ ထွက်ကျကာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးရကြောင်း ပေါ်လွင်သည်။

သို့ဖြစ်ရာ အမှုတွင် တရားလိုဘက် သက်သေထွက်ဆိုချက်များအရ တရားခံရဲဝင်းသည် ဦးစိုးလင်းသန်းအပေါ် ခုနှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်း ခံထိုက်သောပြစ်မှုကို ကျူးလွန်စဉ် ဝင်ရောက်ကာကွယ်သူ ဒေါ်ချောစုစုလင်းကိုလည်း တစ်ဆက်တည်း ထပ်မံထုရိုက်၍ သေစေခဲ့ကြောင်း ပေါ်ပေါက်သည်။ လူတစ်ယောက်အပေါ် သေစေသည့်ပြစ်မှုကျူးလွန်စဉ် အချင်းဖြစ်နေရာ၌ပင် အခြားတစ်ယောက်ကိုတစ်ပြိုင်တည်း မသေမချင်းထုရိုက်သေစေခြင်းဖြစ်သဖြင့် ရဲဝင်း၏ ပြုလုပ်မှုသည် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ပါ လူသတ်မှုအမျိုးအစားတွင် ငြိစွန်းအကျုံးဝင်ကြောင်း ရှေးဦး

အမြင်အရ ပေါ်ပေါက်သည်။

သို့ဖြစ်၍ တရားခံရဲဝင်းအပေါ် ဦးစိုးလင်းသန်းကို သေစေသည့်ပြစ်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) ဖြင့် စွဲချက်တင်သည့်အမိန့်သည် ဥပဒေနှင့်အညီဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဦးစိုးလင်းသန်းကို သေအောင်ပြုနေစဉ် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် တစ်ဆက်တည်း ဦးစိုးလင်းသန်း၏ ဇနီးဖြစ်သူ ဒေါ်ချောစုစုလင်းကို သေစေသည့် ပြစ်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) ဖြင့်ပင် စွဲချက်တင်ခြင်းသည် အမှုတွဲပေါ်ပေါက်ချက်အရ သက်ဆိုင်သည့် ပြစ်မှုအင်္ဂါရပ်နှင့် ညီညွတ်မှန်ကန်သည်ဟုမဆိုသာ၍ ယင်းအမိန့်ကို ပယ်ဖျက်ပြင်ဆင်ရပေမည်။

(၂) တရားခံဦးတိုးကြည်နှင့် ပတ်သက်၍ ပေါ်ပေါက်ချက်မှာ ဦးတိုးကြည်သည် အချင်းဖြစ်ပွားစဉ်တစ်လျှောက်လုံး အချင်းဖြစ်နေရာ၌ရှိနေသော်လည်း တရားခံရဲဝင်းက ဦးစိုးလင်းသန်းအား လက်သီးဖြင့် ထိုးစဉ်က ဦးစိုးလင်းသန်း ခြေထောက်ကို ဝင်ဆွဲခြင်း၊ ဦးစိုးလင်းသန်းလင်မယားက ရဲဝင်းကို တက်ဖိထား

စဉ် ရဲဝင်းဖက်မှ ဝင်ရောက်ကူညီခြင်း၊ နောက်ပိုင်းရဲဝင်းက ကြွေသီးဖြင့် ထုရိုက်ချိန်တွင် ရပ်ကြည့်နေခဲ့ခြင်းတို့ကို တွေ့ရှိရ၍ ၎င်း၏ပြုမှုချက်များသည် ရဲဝင်း၏ လုပ်ဆောင်ချက်အပေါ် အားပေးကူညီခဲ့ကြောင်း ရှေးဦးအမြင်အရ သုံးသပ်တွေ့ရှိရသည်။ သို့ဖြစ်၍ ဦးတိုးကြည်အား ဦးစိုးလင်းသန်းကို သေစေမှုတွင် အားပေးကူညီခြင်းအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/ ၁၁၄ ဖြင့် စွဲချက်တင်ခြင်းအပေါ် ပြင်ဆင်ရန် အကြောင်းမရှိသော်လည်း ဒေါ်ချောစုစုလင်းကို သေစေမှုတွင် အားပေးကူညီသည့် ပြစ်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ)/၁၁၄ ဖြင့် ပြောင်းလဲစွဲချက်တင်ရန်ဖြစ်သည်။

မသော်တာထက်စံကို သာမန်နာကျင်စေမှုအတွက် တရားခံ ၂ ဦးအပေါ် ချမှတ်သော စွဲချက်အမိန့်နှင့်စပ်လျဉ်းပြီး ပြင်ဆင်ရန် မရှိပေ။

တရားခံ ၁ ဦးအပေါ် စွဲချက်တင်ထိုက် မတင်ထိုက်နှင့် ပတ်သက်၍ စဉ်းစားရန်ရှိသော အချက်အလက်မျိုးသည် တရားခံအား အပြစ်ပေးထိုက် မပေးထိုက်စသည့် စဉ်းစားရန်ရှိ

၂၀၂၀ ပြည့်နှစ်

မအိမ့်သက်ပိုင်မှူး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ပါ ၃

သော အချက်အလက်မျိုးနှင့် ဥပဒေအရ မတူညီပေ။ **ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အွန်ချင်ရင် (ခ) ဦးဘိုးရင် အမှု** [၁] ကို ကြည့်ပါ။

တရားခံတစ်ဦးအား ရာဇဝတ်မှုဖြင့် ရုံးတင် တရားစွဲဆိုသဖြင့် ရုံးမှစွဲချက်တင်သည့် အချိန်တွင် တရားခံအား အပြစ်ရှိသည်ဟု အဆုံးအဖြတ်ပြုခြင်းမဟုတ်သေးဘဲ စွဲချက်တင်ရန် အကြောင်းလုံလောက်သည်ဟု ယူဆထားခြင်းသာဖြစ်သည်။ စွဲချက်တင်ပြီးနောက် တရားခံအနေဖြင့် ကျေနပ်အောင် ဖြေရှင်းနိုင်လျှင် စွဲချက်တင်ခဲ့စေကာမူ တရားသေလွှတ်နိုင်ပေသည်။ ဤမူသဘောကို **မောင်ကိုလေးပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု** [၂] တွင် တွေ့မြင်နိုင်သည်။

ဤပြင်ဆင်မှုတွင် လျှောက်ထားသူ၏ ရှေ့နေက တရားခံတို့၏ ပြုလုပ်မှုသည် တင်ကူးကြံရွယ်ချက်ဖြင့် လူသတ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်၍ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ) ဖြင့် ပြောင်းလဲစွဲချက်တင်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၉၂၁

၂။ ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁၄၈ (၁၄၉)

၂၀၂၀ ပြည့်နှစ်

မအိမ့်သက်ပိုင်မှူး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
ပါ ၃

သို့ရာတွင် အမှုတွင်ပေါ်ပေါက်သော စစ်ဆေးပြီးတရားလိုဘက် သက်သေထွက်ဆိုချက်များနှင့် ပတ်ဝန်းကျင်သက်သေခံချက်များအရ ဒေါ်ချောစုစုလင်းကို သေစေမှုအတွက် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ဂ) ပြစ်မှုအင်္ဂါရပ်များနှင့် ငြိစွန်းကြောင်း သုံးသပ်တွေ့ရှိရသဖြင့် တရားမျှတမှုအလို့ငှာ ပြင်ဆင်မှုအာဏာကို သုံးစွဲ၍ ဝင်ရောက်စွက်ဖက်ရပေမည်။

ထို့ကြောင့် ဤရာဇဝတ်ပြင်ဆင်မှုကို ခွင့်ပြုသည်။ ဦးစိုးလင်းသန်းကို သေစေမှုနှင့် မသော်တာထက်စံကို နာကျင်စေမှုများအတွက် တရားခံရဲဝင်းအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၂)၊ ၃၂၃၊ တရားခံဦးတိုးကြည်အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)/၁၁၄၊ ၃၂၃/၁၁၄ တို့ဖြင့် စွဲချက်တင်သည့် အမိန့်များကို အတည်ပြုသည်။ ဒေါ်ချောစုစုလင်းကို သေစေမှုအတွက် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၃၀၂(၂)/၁၁၄ တို့အရ စွဲချက်တင်သော အမိန့်အသီးသီးကို ပယ်ဖျက်ပြီး ယင်းအမိန့်အစား တရားခံရဲဝင်းအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ဂ) ဖြင့်လည်းကောင်း၊ တရားခံ ဦးတိုးကြည်အပေါ် ရာဇသတ်ကြီး

ပုဒ်မ ၃၀၂ (၁) (ဂ) /၁၁၄ ဖြင့်လည်းကောင်း ပြောင်းလဲ စွဲချက်တင်၍ အမှုကိုဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်သည်။

# ၂၀၂၀ ပြည့်နှစ်

# တရားမဆိုင်ရာအမှုများ

ဥပဒေ - စာမျက်နှာ

- မဟာမေဒင်တရားဥပဒေ
- တရားမကျင့်ထုံးဥပဒေ

**မဟာမေဒင်ဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ် ပစ္စည်းနှင့်အမွေခံဘက် မတူညီခြင်း၊ ဖခင်သေဆုံးစဉ် ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းနှင့် အမွေခံဘက်၊ မိခင် သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံ ဘက်တို့ မတူညီ၍ အမွေခံဘက်များအပေါ် တရားစွဲ ဆိုရန်အကြောင်းလည်း မတူညီခြင်း၊ တရားစွဲဆိုရန် အကြောင်းမတူသော အမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆိုခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။ ။** အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် အမှုသည် များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လည်းကောင်း၊ အမှုသည်များသည် မဟာမေဒင်ဘာသာဝင်များ ဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရ မည်ဖြစ်သည်။ မဟာမေဒင်တရားဥပဒေတွင် လင့်ပစ္စည်း

(ကခ)                ညွှန်းချက်

မယားမပိုင်သလို မယားပစ္စည်းလင်မပိုင်ချေ။ ယင်းဥပဒေ၏ စာမျက်နှာ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ်ပစ္စည်းနှင့် အမွေခံဘက် မတူညီကြချေ။ ဖခင်သေဆုံးစဉ် ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းနှင့် အမွေခံဘက်၊ မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်း နှင့် အမွေခံဘက်တို့ မတူညီ၍ အမွေခံဘက်များအပေါ် တရားစွဲ ဆိုရန်အကြောင်းလည်း မတူပေ။ တရားစွဲဆိုရန်အကြောင်း မတူသည့် အမွေခံဘက်များကို တပေါင်းတည်းစွဲဆိုပါက ထိရောက်သော ဒီကရီ ချမှတ်နိုင်မည်မဟုတ်ပေ။ တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ အမှုတွင် ပါဝင်ပြီး အမှုသည်နှင့် ထပ်ထည့်လိုသည့်အမှုသည်အကြား ပြဿနာအားလုံးကို ပြည့်စုံထိရောက်စွာ စီရင်ဆုံးဖြတ်ရန် လိုအပ်သည့် အကြောင်းပေါ်ပေါက်မှသာ အမှုသည် ထပ်ထည့် နိုင်သည်။ ယခုအမှုတွင် ဖခင်သေဆုံးစဉ်က ဖခင်ပစ္စည်းကို အမွေမှုစွဲဆိုခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန်အကြောင်းမတူသော အမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆိုခွင့် မရှိချေ။

ဦးစိုးမြင့်     နှင့်     ဒေါ်ခင်နှင်းသက် ပါ ၆                ၁

+၂၀၂၀ ပြည့်နှစ်

ဇွန်လ ၅ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး**

**ဦးအောင်ဇော်သိန်း ရှေ့တွင်**

**ဦးစိုးမြင့်**

**နှင့်**

**ဒေါ်ခင်နှင်းသက် ပါ ၆ ***

**မဟာမေဒင်ဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ်ပစ္စည်းနှင့်အမွေခံဘက် မတူညီခြင်း၊ ဖခင် သေဆုံးစဉ်ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းနှင့် အမွေခံဘက်၊ မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံဘက်တို့ မတူညီ၍ အမွေခံဘက်များအပေါ် တရားစွဲဆိုရန်အကြောင်းလည်းမတူညီခြင်း၊ တရားစွဲဆိုရန်အကြောင်းမတူသော အမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆို**

* ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၄၁၅

\+ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၃၂ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီအပေါ်အယူခံမှု

၂၀၁၉ ခုနှစ်

ဦးစိုးမြင့်

နှင့်

ဒေါ်ခင်နှင်းသက် ပါ ၆

**ခွင့် မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ အမှုသည်များသည် မဟာမေဒင်ဘာသာဝင်များဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ မဟာမေဒင်တရားဥပဒေတွင် လင့်ပစ္စည်းမယားမပိုင်သလို မယားပစ္စည်းလင်မပိုင်ချေ။ ယင်းဥပဒေ၏အမွေခန်းတွင် သေဆုံးသူ၏အမွေရပ်ပစ္စည်းနှင့် အမွေခံဘက်မတူညီကြချေ။ ဖခင်သေဆုံးစဉ် ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းနှင့် အမွေခံဘက်၊ မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံဘက်တို့ မတူညီ၍ အမွေခံဘက်များအပေါ် တရားစွဲဆိုရန်အကြောင်းလည်းမတူပေ။ တရားစွဲဆိုရန်အကြောင်းမတူသည့် အမွေခံဘက်များကို တစ်ပေါင်းတည်းစွဲဆိုပါက ထိရောက်သော ဒီကရီ ချမှတ်နိုင်မည်မဟုတ်ပေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ အမှုတွင်ပါဝင်ပြီး အမှုသည်နှင့် ထပ်ထည့်လိုသည့်အမှုသည်

အကြား ပြဿနာအားလုံးကို ပြည့်စုံထိရောက်စွာ စီရင်ဆုံးဖြတ်ရန် လိုအပ်သည့် အကြောင်းပေါ်ပေါက်မှသာ အမှုသည် ထပ်ထည့်နိုင်သည်။ ယခုအမှုတွင် ဖခင်သေဆုံးစဉ်က ဖခင်ပစ္စည်းကို အမွေမှုစွဲဆိုခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန်အကြောင်း မတူသောအမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆိုခွင့် မရှိချေ။

အယူခံတရားလိုအတွက် - ဦးစံထွန်း၊
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - (၁)(၄)(၅)(၆) ကိုယ်တိုင် (မလာ)
- (၂)(၃)ဦးကျော်မင်းသူ၊
တရားလွှတ်တော်ရှေ့နေ

ရမည်းသင်းခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၀ တွင် ဦးစိုးမြင့်က ဒေါ်ခင်နှင်းသက်ပါ ၆ ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တရားလိုသည် မိခင်ဒေါ်ဒါမဘီ ကွယ်လွန်စဉ် ကျန်ရှိသော အမွေပုံပစ္စည်းတွင် ၁၁ ပုံ ၂ ပုံ ခံစားခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို အမှတ် (၂) (၃) တရားပြိုင်တို့က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်

၂၀၁၉ ခုနှစ်

ဦးစိုးမြင့်

နှင့်

ဒေါ်ခင်နှင်းသက် ပါ ၆

၂၃၂ ဖြင့် အယူခံရာ ခရိုင်တရားရုံးစီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး တရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်းဥပဒေ ၁၇ အရ တရားပြိုင်ထပ်မံထည့်သွင်း၍ အဆိုလွှာပြင်ဆင်ရန်နှင့် အမှုအား မူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ စစ်ဆေးရန် တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ ညွှန်ကြားသည့်အမိန့်ချမှတ်သဖြင့် မူလရုံးတရားလိုက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှု တင်သွင်းသည်။

အဆိုလွှာတွင် ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ အ.ထ.က (၁) ကျောင်းလမ်းနေ အစ္စလာမ်ဘာသာဝင် ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့တွင် သားသမီးများဖြစ်သည့် ဒေါ်ရီရီမြင့်၊ ဒေါ်ကြည်ကြည်တင့်၊ ဦးစိုးတင့်၊ ဦးစိုးမြင့်၊ ဒေါ်ခင်နှင်းသက်၊ ဒေါ်ခင်ကြည်၊ ဦးဝင်းကိုနှင့် ဦးဝင်းမိုလ်တို့ ၈ ဦး ထွန်းကားကြောင်း၊ သမီးဒေါ်ရီရီမြင့်သည် အပျိုကြီးဘဝဖြင့် ၂၀၀၂ ခုနှစ်တွင် ကွယ်လွန်ပြီး ဖခင် ဦးစမန်အင်သည် ၇-၃-၁၉၉၅ တွင်လည်းကောင်း၊ မိခင်ဒေါ်ဒါမဘီသည် ၁၈-၁-၂၀၁၁ ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ကြောင်း၊ မိဘများ

ကွယ်လွန်ပြီးနောက် တရားလို၊ တရားပြိုင် သားသမီး ၇ ဦး ကျန်ခဲ့ပြီး၊ တရားလိုက ပျော်ဘွယ်မြို့ရှိ အမွေဆိုင်ဝိုင်းမြေနှင့် နေအိမ်များတွင် လက်ရှိနေထိုင်လျက်ရှိသော ဒေါ်ခင်နှင်းသက်၊ ဒေါ်ခင်ကြည်၊ ဦးဝင်းကိုတို့ထံ အမွေခွဲဝေပေးရန် အကြိမ်ကြိမ် တောင်းဆိုသော်လည်း အမွေခွဲဝေပေးခြင်းမရှိ၍ အမွေပုံပစ္စည်း ၁၁ ပုံ ၂ ပုံ ကို တရားလိုမှ ရထိုက်ခွင့်ရှိကြောင်း အဆိုပြုသည်။

တရားပြိုင် (၁) (၄) (၅) (၆) တို့က ဖြောင့်လွှာ အသီးသီး တင်သွင်းကြသည်။

တရားပြိုင်အမှတ် (၂) (၃) တို့က ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့တွင် သားသမီး ၉ ဦး ရှိကြောင်း၊ အဆိုပါ ၉ ဦး အနက် သမီး ဒေါ်ခင်ဝင်းမှာ ဦးစမန်အင်၏ တူဖြစ်သူ ဦးဘို မိသားစုနှင့် ငယ်စဉ်ကပင် နေထိုင်ခဲ့သော်လည်း ဦးစမန်အင် မိသားစုဝင်အဖြစ် ပါဝင်ခဲ့ကြောင်း၊ ဒေါ်ခင်ဝင်းသည် ၁၉၈၉ ခုနှစ်တွင် အိမ်ထောင်ကျပြီး သားသမီး ၂ ဦး ထွန်းကားခဲ့ ကြောင်း၊ ဒေါ်ခင်ဝင်းသည် ၂၀၀၅ ခုနှစ်တွင် ကွယ်လွန်သွား သောကြောင့် မိဘများကွယ်လွန်ပြီးသည့်အခါ သားသမီး ၇ ဦး အပြင် မြေး ၂ ဦး ကျန်ခဲ့ကြောင်း၊ အဆိုလွှာအပိုဒ် ၃ ပါ ဝိုင်းမြေကို

မိခင်ဒေါ်ဒါမဘီမှ (၂)တရားပြိုင် ဒေါ်ခင်ကြည်သို့ ၂၀၁၀ ခုနှစ် ၁၀ လပိုင်းတွင် မောင်နှမများရှေ့တွင် နှုတ်ဖြင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုလွှာအပိုဒ် ၃ (ခ) ပါ ဝိုင်းမြေမှာလည်း အမွေဆိုင်ခြံမြေ မဟုတ်ဘဲ ဦးဝင်းကိုပိုင်မြေသာဖြစ်ကြောင်း၊ အမွေခွဲဝေပေးရန် ပစ္စည်းမကျန်ကြောင်း ချေပသည်။

ရမည်းသင်းခရိုင်တရားရုံးက ဦးစမန်အင်နှင့် ဒေါ်ဒါမဘီကွယ်လွန်ချိန်တွင် သားသမီး ၇ ဦးသည် အမွေဆိုင်ဖြစ်ကြောင်း၊ တရားလိုအပါအဝင် သားသမီး ၇ ဦးသည် အမွေကျန် ဆက်ခံသူများဖြစ်ကြောင်း၊ ဒေါ်ခင်ဝင်း၏ သားနှင့် သမီးသည် ဆွေမျိုးနီးစပ်ဖြစ်၍ ဦးစမန်အင် နှင့် ဒေါ်ဒါမဘီတို့၏ အမွေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့ ကွယ်လွန်စဉ် အမွေဆိုင်ပစ္စည်းကျန်ရစ်ကြောင်း သုံးသပ်ပြီး တရားလိုသည် မိခင် ဒေါ်ဒါမဘီ၏ အမွေပုံတွင် ၁၁ ပုံ ၂ ပုံ ရခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ အမွေရှင် ဦးစမန်အင် ကွယ်လွန်စဉ် ကျန်ရစ်သော အမွေပုံပစ္စည်း၌

သမီးဒေါ်ခင်ဝင်းသည်အမွေစုဆက်ခံခွင့်ရရှိပြီးဖြစ်၍ ဒေါ်ခင်ဝင်း ကွယ်လွန်ပြီးနောက် ဒေါ်ခင်ဝင်း၏ အမွေစားများက ယင်း အမွေဝေစုကို ဆက်ခံခွင့်ရှိပြီဖြစ်ကြောင်း၊ သို့ပါ၍ ဦးစမန်အင် နှင့် ဒေါ်ဒါမဘီ ကွယ်လွန်စဉ် အမွေဆိုင်သားသမီး ၇ ဦး ကျန်ရစ် ခဲ့ခြင်းမှာ မှန်ကန်မှုမရှိ၍ အမွေခံသားသမီးများ အမွေဆက်ခံခွင့် ရှိသူများကို အဆိုလွှာ၌ ပြည့်စုံစွာဖော်ပြရန် လိုအပ်ကြောင်း သုံးသပ်ပြီး အဆိုလွှာပြင်ဆင်၍ အမှုအား မူလနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ ဥပဒေနှင့်အညီဆောင်ရွက်ရန် အမိန့်ချ မှတ်ခဲ့သည်။

အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက မွတ်စလင်တစ်ဦး သေဆုံးလျှင် ၎င်း၏အသက်ရှင်လျက်ရှိသော အမွေစားအမွေခံတို့သာလျှင် ၎င်းတို့၏ အမွေဝေစုကို တောင်းဆို နိုင်ကြောင်း၊ ကိုယ်စားပြုအမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ စွန်နီ ဓလေ့ထုံးတမ်း၌ မရှိကြောင်း၊ ဦးစမန်အင်သည် ၁၉၉၅ ခုနှစ် တွင် ကွယ်လွန်၍ ၎င်း၏အမွေကို ဇနီး ဒေါ်ဒါမဘီက ၈ ပုံ ၁ ပုံ၊ ကျန်သားသမီးများက ၈ ပုံ ၇ ပုံ ရရှိခံစား၍ ဒေါ်ခင်ဝင်းသည်

၁၀၄ ပုံ ၇ ပုံခံစားခွင့်ရှိကြောင်း၊ ဒေါ်ခင်ဝင်းသည် ဖခင်အမွေကို မတောင်းဆိုမီ ကွယ်လွန်သွား၍ ဒေါ်ခင်ဝင်း၏ သားသမီး ၂ ဦးသည် ကိုယ်စားပြုအမွေဆက်ခံခွင့်မရှိကြောင်း၊ ဒေါ်ခင်ဝင်း ရပိုင်ခွင့်ရှိသော အမွေကို ဒေါ်ခင်ဝင်း ၂၀၀၅ ခုနှစ်တွင် ကွယ်လွန်၍ အမွေမတောင်းဆိုခဲ့သဖြင့် ကာလစည်းကမ်းသတ် ပထမဇယား အပိုဒ် ၁၄၁ အရ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း၊ ဒေါ်ခင်ဝင်း၏ သားနှင့်သမီးတို့သည် အမှုတွင် တရားပြိုင်ပြသက်သေအဖြစ် လာရောက်အစစ်ခံစဉ်က အမွေစားအမွေခံ ခံစားခွင့်ရှိကြောင်း တင်ပြခဲ့ခြင်းမရှိ၍ ရမည်းသင်းခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည်။

(၂) (၃) အယူခံတရားပြိုင်များ၏ တရားလွှတ်တော်ရှေ့နေက အစ္စလာမ်တရားဥပဒေ၏ အခြေခံဥပဒေမှာ လူတစ်ဦးကွယ်လွန်သည်နှင့် ထိုသူ၏ အမွေပစ္စည်းအရပ်ရပ်တို့သည် သူ၏ အမွေခံများထံသို့ ချက်ခြင်းသက်ရောက်သဖြင့် ဒေါ်ခင်ဝင်းသည် ၂၀၀၅ ခုနှစ်တွင် ကွယ်လွန်သောကြောင့် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်သည့် ဖခင် ဦးစမန်အင်ထံမှ အမွေဝေစုကိုလည်းကောင်း၊

၂၀၀၂ ခုနှစ်တွင် ကွယ်လွန်သည့် အစ်မဖြစ်သူ ဒေါ်ရီရီမြင့်၏ အမွေဝေစုကိုလည်းကောင်း ရရှိရမည်ဖြစ်ကြောင်း၊ ထိုအမွေဝေစု များသည် ဒေါ်ခင်ဝင်းမှ အပြီးအပိုင်ရရှိသည့် အကျိုးခံစားခွင့် ဖြစ်၍ ဒေါ်ခင်ဝင်း ကွယ်လွန်သည့်အခါ ၎င်း၏ သားသမီးဖြစ်သူ မဇင်မာဦးနှင့် ကိုထွန်းထွန်းတို့သည် အပြီးအပိုင်ရရှိသည့် အခွင့် အရေးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယခုအမှုတွင် ကွယ်လွန်သူ၏ အမွေစားအမွေခံအားလုံးကို ထည့်သွင်းရန် လိုအပ်ပါသဖြင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို ဆက်လက်အတည်ပြုပေးရန် လျှောက်လဲသည်။

အယူခံတရားပြိုင် (၁) (၄) (၅) (၆) မှ လာရောက် လျှောက်လဲခဲ့ခြင်းမရှိပေ။

ယခုအမှုတွင် ဦးစမန်အင် နှင့် ဒေါ်ဒါမဘီတို့၏ မြေးဖြစ်သူ မဇင်မာဦးနှင့် ကိုထွန်းထွန်းတို့အား အမွေဆိုင်အဖြစ် ထည့်သွင်းတရားစွဲဆိုခွင့် ရှိ မရှိ စိစစ်ရန် ဖြစ်သည်။

တရားမမှုများ ဆုံးဖြတ်ရာတွင် အဆိုအချေပါ အချက်များကို အခြေခံလျက် ဆုံးဖြတ်ပေးရမည်ဟု **ဦးထွန်း ပါ**

၂၀၁၉ ခုနှစ်

ဦးစိုးမြင့်
နှင့်
ဒေါ်ခင်နှင်းသက် ပါ ၆

**၇ နှင့် ဦးသန်းအောင် ပါ ၄ အမှု**[၁] တွင် လမ်းညွှန်ထားသည်။ မွတ်စလင်ဓလေ့ထုံးတမ်းဥပဒေ၌ သေသူ၏ကျန်ရစ်ခဲ့သော အမွေပစ္စည်းအဖြစ် သတ်မှတ်ရာတွင် မိသားစုပိုင် သို့မဟုတ် တစ်ဦးတည်းပိုင်ဟူ၍ ခွဲခြားကာ အမွေပုံပစ္စည်းကို ခွဲခြား သတ်မှတ်ခြင်းမရှိပေ။ အဆိုလွှာတွင် တရားလို၏ မိဘများဖြစ် သော ဦးစမန်အင် နှင့် ဒေါ်ဒါမဘီ တို့တွင် သားသမီး ၈ ဦး မွေးဖွားကြောင်း၊ ဖခင်သည် ၁၉၉၅ တွင်လည်းကောင်း၊ မိခင် သည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားပြီး သမီး ရီရီမြင့်မှာလည်း ၂၀၀၂ ခုနှစ်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန် ခဲ့ကြောင်း၊ မိခင်၊ ဖခင် ကွယ်လွန်ပြီးနောက် သားသမီး ၇ ဦး ကျန်ရှိပြီး မိဘပိုင်အမွေဆိုင်ပစ္စည်းများအဖြစ် ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်အောင်ရပ်ကွက်၊ နယ်မြေ (၁၁)၊ အကွက်အမှတ် (၃၈)၊ ဦးပိုင်အမှတ် (၉၈)၊ ဦးစမန်အင် အမည်ပေါက် ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ ၄ x ၃ ပင် နေအိမ်တစ်လုံး၊ အောင်မင်္ဂလာ ရပ်ကွက် အိမ်ဝိုင်းမြေကွက် ၁ ကွက်နှင့် ၎င်းဝိုင်းမြေကွက် ပေါ်တွင် ၄ x ၃ ပင်၊ နံကပ် ၂ ထပ်တိုက် ၁ လုံး ကျန်ရှိခဲ့

---

၁။ ၁၉၇၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၃၁

၂၀၁၉ ခုနှစ်

ဦးစိုးမြင့်

နှင့်

ဒေါ်ခင်နှင်းသက် ပါ ၆

ကြောင်းနှင့် အဆိုပါ အမွေပစ္စည်းမှ တရားလိုသည် ၁၁ ပုံ ၂ ပုံ ရထိုက်ခွင့်ရှိကြောင်း အဆိုပြုထားသည်။ အချေလွှာ၌ ဦးစမန်အင် နှင့် ဒေါ်ဒါမဘီတို့တွင် ဒေါ်ခင်ဝင်းဆိုသူ သမီး တစ်ဦးလည်းရှိပြီး ၎င်းတွင် သားသမီး ၂ ဦးရှိခဲ့ကြောင်း၊ ဒေါ်ခင်ဝင်းသည် ၂၀၀၅ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါကြောင်း၊ ဒေါ်ဒါမဘီသည် အဆိုလွှာအပိုဒ် ၃ (က) ပါ ဝိုင်းမြေနှင့် အိမ်ကို (၂) တရားပြိုင် ဒေါ်ခင်ကြည်သို့ အမွေဆိုင်များရှေ့တွင် နှုတ်ဖြင့် ပေးထားကြောင်း၊ အဆိုလွှာအပိုဒ် ၃ (ခ) ပါ ဝိုင်းမြေနှင့်အိမ်မှာ ဦးဝင်းကိုအပိုင် ဖြစ်ပါကြောင်း ချေပထား၍ အဆိုလွှာ၊ အချေလွှာတို့အရ ဦးစမန်အင်နှင့် ဒေါ်ဒါမဘီတို့တွင် သားသမီး ၉ ဦး ရှိခဲ့ပြီး ဦးစမန်အင်သည် ၁၉၉၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည့် အခါက အမွေတောင်းခံခြင်း မရှိခဲ့ကြပေ။ မိခင်ဒေါ်ဒါမဘီ ကွယ်လွန်သည့်အခါမှသာ အမွေစုတောင်းကြောင်း ပေါ်ပေါက်သည်။ အချေလွှာ၌လည်း ဒေါ်ဒါမဘီမှ အမွေဆိုင်ပစ္စည်းဟု ဆိုအပ်သောဝိုင်းမြေနှင့်အိမ်ကို သမီးဒေါ်ခင်ကြည်သို့ ပေးထားကြောင်းလည်းပါရှိသဖြင့် အဆို၊ အချေတို့အရ ယခုတရားလို

အမွေတောင်းခံခြင်းသည် မိခင်သေဆုံးခြင်းကို အကြောင်းပြုပြီး အမွေတောင်းခံခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် ပဏာမ ဒီကရီချမှတ်သည့်အဆင့်၌ တရားလိုသည် အမွေစားအမွေခံ ဟုတ် မဟုတ်၊ ကွယ်လွန်သူတွင် အမွေပစ္စည်းကျန်ရစ်ခြင်း ရှိ မရှိ၊ အမွေခံမှန်လျှင် အမွေပုံပစ္စည်း၏ ဘယ်နှစ်ပုံရထိုက်သည် စသည်တို့ကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပေးရမည်ဟု **ဦးအရောင် ပါ ၈ နှင့် မကာကြူမွေး ပါ ၃ အမှု** [၂] တွင် လမ်းညွှန်ထားသည်။ ယခုအမှုတွင် ဦးစမန်အင်သည် ၁၉၉၅ ခုနှစ်တွင် လည်းကောင်း၊ သမီး ဒေါ်ရီရီမြင့်သည် ၂၀၀၂ ခုနှစ်တွင် လည်းကောင်း၊ မိခင် ဒေါ်ဒါမဘီသည် ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ကြသည်။ ဒေါ်ခင်ဝင်းကွယ်လွန်စဉ် သား တစ်ဦး၊ သမီးတစ်ဦး ကျန်ခဲ့သဖြင့် အဆိုပါ မြေး ၂ ဦးသည် ယခုအမှုတွင် အမွေဆိုင်အဖြစ် ပါဝင်ခွင့် ရှိ မရှိ စိစစ်ရမည် ဖြစ်သည်။ ဗွန်နီဓလေ့ထုံးတမ်းတွင် အမွေခံတစ်ဦးသည် အမွေဆက်ခံရရှိပြီးနောက် အမွေခံအချင်းချင်း အမွေမခွဲမီ သေဆုံး

---

၂။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၁၄

သွားပါက ယင်း၏အမွေကို ဆက်ခံမည့်သူများက ထိုသို့ မခွဲဝေရသေးသောအမွေမှ ရရန်ဖြစ်သော အမွေစုကိုပါ ဆက်ခံသည်။ သို့သော် စွန့်နီဓလေ့ထုံးတမ်း၌ ကိုယ်စားပြု အမွေဆက်ခံခြင်းမျိုးကို လက်ခံခြင်းမရှိပေ။ ဥပမာ မွတ်စလင်တစ်ဦးဖြစ်သူ (အေ) ၌ (ဘီ) နှင့် (စီ) ဟူ၍ သား ၂ ယောက်ရှိသည်။ ဖခင် (အေ) အရင် သား (ဘီ) ကွယ်လွန်သွားခဲ့သည်။ ယင်းနောက် (အေ) ကွယ်လွန်သည်။ (အေ) ၏ ကျန်ရစ်ခဲ့သော အမွေပစ္စည်းအားလုံးသည် ကျန်သားဖြစ်သူ (စီ) သို့ သက်ဆင်းမည်။ ကွယ်လွန်သွားခဲ့သော (ဘီ) ၌ သား (ဒီ) ကျန်ရစ်စေခဲ့ကာမူ (ဒီ) သည် (ဘီ) ကို ကိုယ်စားပြု၍ (အေ) ၏ အမွေကိုဆက်ခံပိုင်ခွင့်မရှိပေဟု မဟာမေဒင်ဥပဒေ၊ မွတ်စလင်ဓလေ့ထုံးတမ်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ယခုအမှုတွင် မိခင်ဒေါ်ဒါမဘီ မကွယ်လွန်မီ ဒေါ်ခင်ဝင်းကွယ်လွန်ခဲ့သည်ဖြစ်၍ ဒေါ်ခင်ဝင်း၏ သားသမီးများသည် ဒေါ်ဒါမဘီအမွေကို ကိုယ်စားပြု အမွေဆက်ခံခွင့်မရနိုင်ချေ။ သို့ပါ၍ ဒေါ်ခင်ဝင်း၏ သားသမီးများသည် ယခုအမှုတွင် အမွေကျန်ဆက်ခံသူ သားသမီးများနှင့် ပူးတွဲ၍ အမွေဆိုင်

အဖြစ် ပါဝင်ခွင့်မရှိပေ။

အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုတွင် အမွေစား အမွေခံအားလုံးကိုအမှုသည်အဖြစ် ထည့်သွင်းစွဲဆိုရန် လိုသည်။ အမွေစားအမွေခံအားလုံး ပါဝင်ခြင်းမရှိလျှင် အမွေစီမံခန့်ခွဲသည့် ဒီကရီ ချမှတ်ပေးနိုင်မည် မဟုတ်ပေ။ **ဂျီအိပ်ချ်နာရူးဒါး နှင့် ဒေါ်အိုင်ရှာဘီဘီ ပါ ၃ အမှု** [၃] တွင် ကြည့်ပါ။

အမွေပုံစီမံခန့်ခွဲပေးစေလိုမှုတွင် အမှုသည်များသည် ဗုဒ္ဓဘာသာဖြစ်လျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရလည်းကောင်း၊ အမှုသည်များသည် မဟာမေဒင်ဘာသာဝင်များဖြစ်လျှင် မဟာမေဒင်တရားဥပဒေအရလည်းကောင်း ဆုံးဖြတ်ရမည်ဖြစ်သည်။ မဟာမေဒင်တရားဥပဒေတွင် လင့်ပစ္စည်း မယားမပိုင်သလို မယားပစ္စည်း လင်မပိုင်ချေ။ ယင်းဥပဒေ၏ အမွေခန်းတွင် သေဆုံးသူ၏ အမွေရပ်ပစ္စည်းနှင့် အမွေခံဘက် မတူညီကြချေ။ ဖခင်သေဆုံးစဉ် ဖခင်ကျန်ရစ်ခဲ့သောပစ္စည်းနှင့် အမွေခံဘက်၊ မိခင်သေဆုံးစဉ် အမွေမှုစွဲဆိုရသည့် အမွေပစ္စည်းနှင့် အမွေခံဘက်တို့ မတူညီ၍ အမွေခံဘက်များအပေါ် တရားစွဲဆိုရန်

၃။ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၅၄

အကြောင်းလည်း မတူပေ။ တရားစွဲဆိုရန်အကြောင်းမတူသည့် အမွေခံဘက်များကို တစ်ပေါင်းတည်း စွဲဆိုပါက ထိရောက်သော ဒီကရီချမှတ်နိုင်မည် မဟုတ်ပေ။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ အမှုတွင် ပါဝင်ပြီးအမှုသည်နှင့် ထပ်ထည့်လိုသည့်အမှုသည်အကြား ပြဿနာအားလုံးကို ပြည့်စုံထိရောက်စွာ စီရင်ဆုံးဖြတ်ရန် လိုအပ်သည့်အကြောင်း ပေါ်ပေါက်မှသာ အမှုသည် ထပ်ထည့်နိုင်သည်။ ယခုအမှုတွင် ဖခင်သေဆုံးစဉ်က ဖခင်ပစ္စည်းကို အမွေမှုစွဲဆိုခဲ့ခြင်းမရှိ၍ တရားစွဲဆိုရန်အကြောင်းမတူသော အမွေခံကို အမွေဆိုင်အဖြစ် ထည့်သွင်းစွဲဆိုခွင့်မရှိချေ။

သို့ပါ၍ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ မွတ်စလင်တစ်ဦးသေဆုံးသည်နှင့်တစ်ပြိုင်နက် အမွေပစ္စည်းများသည် အမွေခံများသို့ ချက်ခြင်းသက်ဆင်းပြီး အမွေခံတစ်ဦးသည် အမွေဆက်ခံပြီးနောက် အမွေခံအချင်းချင်းမခွဲဝေမီ သေဆုံးသွားပါက ယင်း၏အမွေကို ဆက်ခံမည့်သူများသို့ သက်ဆင်းသည်ဖြစ်၍ ဒေါ်ခင်ဝင်း၏ သားသမီး ၂ ဦးကို

ထည့်သွင်းစေပြီး အဆိုလွှာပြင်ဆင်စေရန် အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ချေ။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး မူလခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

# ၂၀၂၀ ပြည့်နှစ်

# စာချွန်တော်ဆိုင်ရာအမှုများ

ဥပဒေများ - စာမျက်နှာ

- ရာဇသတ်ကြီးဥပဒေ
- လယ်ယာမြေဥပဒေ
- လျှပ်စစ်ဥပဒေ

**ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်း၊ လျှပ်စစ် ဥပဒေပုဒ်မ ၆၃ အရ ထပ်မံတရားစွဲချုပ်နှောင်ခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ၊ ရှေ့တော်သွင်းစာချွန်တော် အမိန့် ထုတ်ဆင့်ရန်အကြောင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ကော့မှူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ တရားစွဲဆိုအပြစ်ပေးခံရပြီးနောက် လျှပ်စစ် ဥပဒေပုဒ်မ ၆၃ ဖြင့် ထပ်မံတရားစွဲမှုအပေါ် ကော့မှူးမြို့နယ် တရားရုံးက လက်ခံစစ်ဆေးနေခြင်းသည် ပြုလုပ်မှုတစ်ရပ် တည်းအတွက် နှစ်ကြိမ်စွဲဆိုခြင်းဖြစ်၍ ဥပဒေနှင့်မညီဟု တင်ပြလိုပါက လျှောက်ထားသူအနေဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထား

နိုင်သည့် အခွင့်အရေးလည်းရှိသည်။ လျှောက်ထားသူ၏ စာမျက်နှာ ပြုလုပ်မှုမှာ လျှပ်စစ်ဥပဒေပုဒ်မ ၆၃၊ ၆၅ တို့နှင့် ညီညွတ်မှု ရှိ၊ မရှိ ဟူသောအချက်သည် သက်ဆိုင်ရာတရားရုံးအနေဖြင့် အမှု စစ်ဆေးပေါ်ပေါက်ချက်အရ အမိန့်ချမှတ်ရာတွင် သုံးသပ် ဆုံးဖြတ်ရမည့်အချက်ဖြစ်ပြီး စာချွန်တော်ရုံးအနေဖြင့် သုံးသပ် ရမည့်ကိစ္စမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရသည့် တရားရုံး၏လုပ်ငန်းမှာ ထိုအာဏာပိုင်တွင် ထိုသို့ချုပ်နှောင်ခွင့် ရှိ မရှိနှင့် ထိုအာဏာကို ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ကျင့်သုံးခြင်း ဟုတ် မဟုတ် အမြင် အားဖြင့် ကြည့်ရှုရန်ဖြစ်သည်။ **မောင်လှကျော်နှင့် ကော်မရှင်နာ မင်းကြီး(ရန်ကုန်) အမှု** [၁] ကို ရည်ညွှန်းသည်။

လျှောက်ထားသူအပေါ် လျှပ်စစ်ဓာတ်အား ပြတ်တောက် စေမှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ (လျှောက်ထားခံရသူအမှတ် -၂) က တရားလိုပြုလုပ်ပြီး အမှုဖွင့်လှစ်တိုင်တန်းခဲ့ခြင်း၊ ကော့မှူး မြို့မရဲစခန်းက မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်အရ

လျှပ်စစ်ဥပဒေ ပုဒ်မ ၆၃ အရ တရားစွဲတင်ပို့ခဲ့သဖြင့် ကော့မှူး စာမျက်နှာ မြို့နယ်တရားသူကြီး (လျှောက်ထားခံရသူ အမှတ်-၁) က အမှု ဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အဆိုပါပြစ်မှုသည် ဥပဒေအရ အာမခံမပေးနိုင်သောပြစ်မှုဖြစ်၍ အာမခံလျှောက်ထားချက်ကို ငြင်းပယ်ခြင်းတို့သည် ဥပဒေအရ လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူအား ချုပ်နှောင်ထားခြင်းသည် တရား ဥပဒေနှင့်အညီမဟုတ်ဘဲ ထိန်းသိမ်းထားသည်ဟု ကျေနပ်ဖွယ် ရာ သက်သေအထောက်အထားမရှိ၍ ရှေ့တော်သွင်းစာချွန်တော် အမိန့် ထုတ်ဆင့်ရန် အကြောင်းမရှိပေ။

မောင်ကျော်မင်း နှင့် မြို့နယ်တရားသူကြီး ၁
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီးပါ- ၂

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်ခြင်းသည်**

(ခဃ) ညွှန်းချက်

**လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်** စာမျက်နှာ **များနှင့်ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်သည့်အမိန့်ကြော်ငြာစာဖြစ်ပြီး၊ ယင်းအမိန့်ကြော်ငြာစာအပိုဒ် ၂ (က) ၌ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ (၂၂ ရပ်) ဖော်ပြထားရာ အမှတ်စဉ် ၁၈ တွင် "လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ) ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်သည့်အခါ လိုက်နာရန်ပျက်ကွက်၍ သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန်အတွက်ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြခြင်း" ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လယ်ယာမြေဥပဒေအခန်း ၆ တွင် ဗဟိုလယ်ယာ စာမျက်နှာ မြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားရာ လယ်ယာမြေဥပဒေပုဒ်မ ၁၉ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေ လုပ်ပိုင်ခွင့် ကို ပြန်လည်ရုပ်သိမ်းခြင်းသည် ပုဒ်မ ၁၇ (ဃ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင်သာ လုပ်ပိုင်ခွင့်ရှိသည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆.၆.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းစာတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးသည့်အပြင် အပိုဒ် ၂ ၌ ယင်းအဖွဲ့၏လုပ်ငန်းတာဝန်များကို ဖော်ပြထားရာ အပိုဒ်ခွဲ (ဆ) တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

လျှောက်ထားသူသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉ (ဂ) သို့မဟုတ် ပုဒ်မ ၁၉ (ဃ) ပါ

စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ထားကြောင်း၊ ယင်း စာမျက်နှာ ပြစ်ဒဏ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း လျှောက်ထားခံရသူ တို့၏ တင်ပြချက်များတွင် မတွေ့ရှိရသည့်အပြင် လျှောက်ထား သူသည် ပုဒ်မ ၁၉ (ဂ) (ဃ) ပါပြစ်ဒဏ်တစ်ရပ်ရပ်ကို လိုက်နာ ရန် ပျက်ကွက်မှုပေါ်ပေါက်ခဲ့၍ ၎င်း၏လယ်ယာမြေလုပ်ပိုင်ခွင့် ကို ပြန်လည်သိမ်းယူရန်အတွက်ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ အရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှတစ်ဆင့် ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ပိုင်ခွင့်မရှိသော အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ် ဦးပိုင်အမှတ် ၁၀/၃ လယ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်လိုက်ကြောင်း အကြောင်း ကြားခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြား ချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် စာချွန်တော်

အမိန့်ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရသည်။ စာမျက်နှာ

ဒေါ်ချစ်ပုံ့ပုံ့ထွေး နှင့် ဝန်ကြီးချုပ် ၁၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ပါ-၄

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မြေစာရင်းမြေပုံ (မြေစာရင်းပုံစံ-၁၀၅) ရေးကူးခြင်းအား ဆိုင်းငံ့ထားခြင်းသည် ၎င်းဌာန၏ ညွှန်ကြားချက်နှင့် အညီဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာန၏ မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေစာရင်း (ပုံစံ-၁၀၆) မြေရာဇဝင်ရေးကူးခြင်းဆောင်ရွက်ရာ တွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းညွှန်ကြားချက် ထုတ်ပြန်ထားရာ ယင်းညွှန်ကြားချက်အပိုဒ် ၅၊ အပိုဒ်ခွဲ (စ) တွင် "အငြင်းပွားမှုဖြစ်နေသော မြေများအပေါ် လျှောက်ထားမှုများ အတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ရေးကူးခွင့်ဆောင်ရွက်

ပေးနိုင်မည်ဖြစ်သဖြင့်၊ ဖြေရှင်းပြီးစီးကြောင်းအမိန့်၊ ဒီကရီ စာမျက်နှာ မိတ္တူများ ပူးတွဲတင်ပြစေရမည်ဖြစ်ကြောင်း'' ညွှန်ကြားထားသည်။

လျှောက်ထားသူ မြေစာရင်းပုံစံ-၁၀၅ မြေပုံရေးကူးလိုသော မြေနှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် ကန့်ကွက်သူ ၁၆ ဦးတို့အကြား အငြင်းပွားမှုပေါ်ပေါက်နေသည်ဖြစ်ရာ မင်းလှမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၁-၂-၂၀၁၉ ရက်စွဲပါစာဖြင့် "သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုကိစ္စ ဖြေရှင်းစဉ်အတွင်း ၁၀၅ မြေပုံရေးကူးခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း" လျှောက်ထားသူထံ အကြောင်းပြန်ကြားခဲ့ခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၆-၃-၂၀၁၇ ရက်စွဲပါ မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေစာရင်း (ပုံစံ-၁၀၆) မြေရာဇဝင် ရေးကူး

ခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်း စာမျက်နှာ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

| | | | |
|---|---|---|---|
| ဦးစံရွှေ ၊ ဥက္ကဋ္ဌ၊ | နှင့် | မြို့နယ်ဦးစီးဌာနမှူး | ၄၃ |
| ဗလီအကျိုးဆောင်အဖွဲ့ | | မြို့နယ်လယ်ယာမြေ | |
| (ဂျာမေဗလီဂေါပကအဖွဲ့၏ | | စီမံခန့်ခွဲရေးနှင့် စာရင်းအင်း | |
| တာဝန်ပေးအပ်ခြင်းခံရသူ ) | | ဦးစီးဌာန၊ မင်းလှမြို့ | |

+၂၀၂၀ပြည့်နှစ်

ဇွန်လ ၁၂ ရက်

**ရာဇဝတ်အထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမြင့်အောင် နှင့် ဦးခင်မောင်ကြည် တို့ရှေ့တွင်**

**မောင်ကျော်မင်း**

**နှင့်**

**မြို့နယ်တရားသူကြီး**

**ကော့မှူးမြို့နယ်တရားရုံး**

**ရန်ကုန်တိုင်းဒေသကြီး ပါ-၂***

**ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ ပြစ်မှုထင်ရှားစီရင်ခြင်း၊ လျှပ်စစ် ဥပဒေပုဒ်မ ၆၃ အရ ထပ်မံတရားစွဲချပ်နှောင်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ၊ ရှေ့တော်သွင်းစာချွန်တော် အမိန့် ထုတ်ဆင့်ရန်အကြောင်း ရှိ မရှိ။**

---

*၂၀၁၉ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်ထားမှုအမှတ် ၈၅

၂၀၁၉ ခုနှစ်

မောင်ကျော်မင်း

နှင့်

မြို့နယ်တရားသူကြီး

ကော့မှူးမြို့နယ်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး

ပါ-၂

**ဆုံးဖြတ်ချက်။** ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ကော့မှူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ တရားစွဲဆိုအပြစ်ပေးခံရပြီးနောက် လျှပ်စစ် ဥပဒေပုဒ်မ ၆၃ ဖြင့် ထပ်မံတရားစွဲမှုအပေါ် ကော့မှူးမြို့နယ် တရားရုံးက လက်ခံစစ်ဆေးနေခြင်းသည် ပြုလုပ်မှုတစ်ရပ် တည်းအတွက် နှစ်ကြိမ်စွဲဆိုခြင်းဖြစ်၍ ဥပဒေနှင့်မညီဟု တင်ပြလိုပါက လျှောက်ထားသူအနေဖြင့် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထား နိုင်သည့် အခွင့်အရေးလည်းရှိသည်။ လျှောက်ထားသူ၏ ပြုလုပ်မှုမှာ လျှပ်စစ်ဥပဒေပုဒ်မ ၆၃၊ ၆၅ တို့နှင့် ညီညွတ်မှု ရှိ မရှိ ဟူသောအချက်သည် သက်ဆိုင်ရာတရားရုံးအနေဖြင့် အမှု စစ်ဆေးပေါ်ပေါက်ချက်အရ အမိန့်ချမှတ်ရာတွင် သုံးသပ် ဆုံးဖြတ်ရမည့်အချက်ဖြစ်ပြီး စာချွန်တော်ရုံးအနေဖြင့် သုံးသပ် ရမည့်ကိစ္စမဟုတ်ပေ ။

**ထပ်မံဆုံးဖြတ်ချက်။** ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရသည့် တရားရုံး၏လုပ်ငန်းမှာ ထိုအာဏာပိုင်တွင်

၂၀၁၉ ခုနှစ်
မောင်ကျော်မင်း
နှင့်
မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ-၂

ထိုသို့ချုပ်နှောင်ခွင့် ရှိ မရှိနှင့် ထိုအာဏာကို ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ကျင့်သုံးခြင်း ဟုတ် မဟုတ် အမြင်အားဖြင့် ကြည့်ရှုရန်ဖြစ်သည်။ **မောင်လှကျော်နှင့် ကော်မရှင်နာမင်းကြီး(ရန်ကုန်) အမှု** [၁] ကို ရည်ညွှန်းသည်။

လျှောက်ထားသူအပေါ် လျှပ်စစ်ခါတ်အား ပြတ်တောက်စေမှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ (လျှောက်ထားခံရသူအမှတ် -၂) က တရားလိုပြုလုပ်ပြီး အမှုဖွင့်လှစ်တိုင်တန်းခဲ့ခြင်း၊ ကော့မှူးမြို့မရဲစခန်းက မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်အရ လျှပ်စစ်ဥပဒေ ပုဒ်မ ၆၃ အရ တရားစွဲတင်ပို့ခဲ့သဖြင့် ကော့မှူးမြို့နယ်တရားသူကြီး (လျှောက်ထားခံရသူ အမှတ်-၁) က အမှုဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အဆိုပါပြစ်မှုသည် ဥပဒေအရ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်၍ အာမခံလျှောက်ထားချက်ကို ငြင်းပယ်ခြင်းတို့သည် ဥပဒေအရ လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည် ။

လျှောက်ထားသူအား ချုပ်နှောင်ထားခြင်းသည် တရားဥပဒေနှင့်အညီမဟုတ်ဘဲ ထိန်းသိမ်းထားသည်ဟု ကျေနပ်ဖွယ်ရာ

၂၀၁၉ ခုနှစ်

မောင်ကျော်မင်း

နှင့်

မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ- ၂

သက်သေအထောက်အထားမရှိ၍ ရှေ့တော်သွင်းစာချွန်တော် အမိန့် ထုတ်ဆင့်ရန် အကြောင်းမရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်ယဉ်နွယ်ဝင်း၊<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်ယဉ်ယဉ်မွန်၊<br>ညွှန်ကြားရေးမှူး၊<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

လျှောက်ထားသူမောင်ကျော်မင်းက ၎င်းအား ကော့မှူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် တရားစွဲဆိုအပြစ်ပေးပြီးဖြစ်သော်လည်း လျှပ်စစ်ဥပဒေပုဒ်မ ၆၃ ဖြင့် ကော့မှူးမြို့နယ်တရားရုံးတွင် ထပ်မံအမှုဖွင့်အရေးယူကာ အင်းစိန်အကျဉ်းထောင်တွင် အချုပ်ကျခံနေရသဖြင့် မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်းအား ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆ (က) (၁) အရ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် မြို့နယ်တရားသူကြီး၊ ကော့မှူးမြို့နယ် တရားရုံးပါ-၂ ဦးအပေါ် လျှောက်ထားခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်

မောင်ကျော်မင်း

နှင့်

မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ-၂

လျှောက်ထားသူ၏ လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတို့တွင် ၅-၁၂-၂၀၁၇ ရက်နေ့ ၂၁:၃၀ နာရီအချိန်တွင် လျှောက်ထားသူမောင်ကျော်မင်း မောင်းနှင်လာသော 2B/9064 (၆) ဘီး HINO Ranger အဖြူရောင်ကားသည် ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာဘောလုံးကွင်းအနီး၌ ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ (10 M) ၊ (12 M) ဓါတ်တိုင်တို့ကို တိုက်မိခဲ့၍ ကော့မှူးမြို့နယ်လျှပ်စစ်ဦးစီးဌာနသို့ ဆုံးရှုံးမှုအတွက် လျော်ကြေးငွေ ၁၁၆၄၅၀၀/-ကျပ်ကို ပေးလျော်ခဲ့ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းအောင်၊ ကော့မှူးမြို့မရဲစခန်းတို့၏ အမှုဖွင့်တိုင်တန်းချက်အရ ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် အရေးယူခဲ့ပြီး ကော့မှူးမြို့နယ်တရားရုံးက ၅-၇-၂၀၁၈ ရက်နေ့တွင် စီရင်ချက်ချမှတ်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသောဓါတ်တိုင်နှင့် ဆက်စပ်ပစ္စည်းများအတွက် လျှပ်စစ်ဌာန၏သတ်မှတ်လျော်ကြေးငွေ ၁၁၆၄၅၀၀/- ကျပ်ကို ပေးလျော်ပြီးဖြစ်သည့်အပြင် ကော့မှူးမြို့နယ်လျှပ်စစ်ဌာနမှ မီးပြတ်တောက်သွားသည့်အချိန်နှင့် ရောင်းရသည့်ယူနစ်အပေါ် တွက်ချက်ထားသည့် လျော်ကြေးငွေ ၁၅၂၈၁၉၄၀/- ကျပ်ကို အမြန်ဆုံး

ပေးသွင်းရန် တောင်းခံခြင်းအပေါ် မပေးလျော်နိုင်သဖြင့် ကော့မှူးမြို့နယ်လျှပ်စစ်မန်နေဂျာက ယခင်အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည့် ကော့မှူးမြို့နယ်တရားရုံးတွင်ပင် လျှပ်စစ်ဥပဒေပုဒ်မ ၆၃ အရ ရာဇဝတ်ကြီးမှုအမှတ် ၂၆၆/၂၀၁၉ ဖြင့် ထပ်မံအမှုဖွင့်ခဲ့ခြင်းကို ကော့မှူးမြို့နယ်တရားသူကြီးမှ လက်ခံခဲ့၍ လျှောက်ထားသူမှာ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အချုပ်ကျခံနေရသည့်အတွက် ဥပဒေနှင့်ညီညွတ်မျှတမှန်ကန်မှု မရှိသောကြောင့် ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် ဖော်ပြလျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူမောင်းနှင်လာသော ယာဉ်သည် ဘရိတ်ပေါက်၍ လမ်းဘေးဓါတ်မီးတိုင်ကို တိုက်မိသည့်အတွက် ကော့မှူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် တရားစွဲဆိုစီရင်ချက်ချမှတ်ခံရပြီး လျှပ်စစ်ဌာနမှ တောင်းခံသည့် လျော်ကြေးငွေ ၁၁၆၄၅၀၀/- ကျပ်ကို ပေးလျော်ပြီးဖြစ်သည့်အပြင် ဓါတ်အားပြတ်တောက်ကြာချိန်နှင့် တွက်ချက်ထားသည့် လျော်ကြေးငွေ ၁၅၂၈၁၉၄၀/- ကျပ်ကို မပေးဆောင်နိုင်သဖြင့် လျှပ်စစ်ဥပဒေပုဒ်မ ၆၃ အရ ထပ်မံ၍ အရေးယူ

ခံနေရခြင်းသည် စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေ ပုဒ်မ ၂၂ အရ ဥပဒေနှင့်ညီညွတ်မျှတမှုမရှိကြောင်း၊ ထပ်မံစွဲဆိုသည့်အမှုအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ရန် လုံးဝပတ်သက်မှုမရှိသကဲ့သို့ ဖြစ်စဉ်တစ်ခုတည်းတွင် နှစ်ကြိမ်တိုင်ချုပ်နှောင်ခံထားရခြင်းအပေါ် အာမခံလျှောက်ထားရန် မလိုအပ်ကြောင်း၊ သို့ပါ၍ လျှောက်ထားသူ၏ မတရားဖမ်းဆီးခံရခြင်းအား ရှေ့တော်သွင်းစာချွန်တော်ဖြင့် လွှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူများအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်ထားသူအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် ၎င်း၏ပြုလုပ်မှုမှာ အရမ်း သို့မဟုတ် ပေါ့လျော့စွာ ယာဉ်မောင်းနှင်မှုကြောင့် အချင်းဖြစ်ဓါတ်တိုင်များ ကျိုးပဲ့ပျက်စီး၍ လျှပ်စစ်ဓါတ်အားလိုင်း ပြတ်တောက်ရခြင်းဖြစ်ကြောင်း၊ ၎င်း၏ပြုလုပ်မှုမှာ လျှပ်စီးကြောင်းလွှဲပေးခြင်း၊ လျှပ်စစ်ဓါတ်အားပေးသည့် လိုင်းကိုဖြတ်တောက်ခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းတစ်ခုခုတွင် အသုံးပြုသည့် လျှပ်စစ်ပစ္စည်းကိရိယာများကို

၂၀၁၉ ခုနှစ်

မောင်ကျော်မင်း

နှင့်

မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ-၂

ဖျက်ဆီးခြင်း ပြုလုပ်သည်ဟု မှတ်ယူခြင်းမပြုနိုင်သဖြင့် လျှပ်စစ်ဥပဒေပုဒ်မ ၆၃၊ ၆၅ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိသည့်အတွက် လျှောက်ထားသူအား လျှပ်စစ်ဥပဒေပုဒ်မ ၆၃ ဖြင့် ဖမ်းဆီးချုပ်နှောင်ထားခြင်းအပေါ် ပြန်လည်သုံးသပ်သင့် ပါကြောင်း လျှောက်လဲတင်ပြသည်။

၅-၁၂-၂၀၁၇ ရက်နေ့ ၂၂:၃၀ နာရီအချိန်တွင် လျှောက်ထားသူမောင်ကျော်မင်း မောင်းနှင်သော မော်တော် ယာဉ်(2B/9064) သည် ကော့မှူးမြို့နယ် အဖျောက်ကျေးရွာ ဘောလုံးကွင်းအနီး၌ ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ရှိ ၁၀ မီတာဓါတ်မီးတိုင်နှင့် ၁၂ မီတာဓါတ်မီးတိုင် တို့ကို တိုက်မိကာ အောက်ခြေမှကျိုးပဲ့ပျက်စီးခဲ့သဖြင့် ယာဉ် မဆင်မခြင်မောင်းနှင်သူ မောင်ကျော်မင်းအား ဥပဒေအရ အရေး ယူပေးရန် အမှတ် ၅၃ ယာဉ်ထိန်းတပ်ဖွဲ့စု၊ ကော့မှူးမြို့နယ်မှ ရဲတပ်ကြပ်ထက်ကိုကိုက တရားလိုပြုလုပ်၍ ကော့မှူးမြို့မ ရဲစခန်း (ပ) အမှတ် ၄၅/ ၂၀၁၇ ဖြင့် ၅-၁၂-၂၀၁၇ ရက်နေ့တွင် တိုင်ချက်ရေးဖွင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုင်ချက်အရ ကော့မှူးမြို့မရဲစခန်းက ၂၃- ၁-၂၀၁၈

| |
|---|
| ၂၀၁၉ ခုနှစ် |
| မောင်ကျော်မင်း နှင့် မြို့နယ်တရားသူကြီး ကော့မှူးမြို့နယ်တရားရုံး ရန်ကုန်တိုင်းဒေသကြီး ပါ-၂ |

ရက်နေ့တွင် လျှောက်ထားသူအား ရာဇသတ်ကြီးပုဒ်မ ၂၇၉ အရ တရားစွဲတင်ပို့ခဲ့ရာ ကော့မှူးမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၄၇/၂၀၁၈ ဖြင့် အမှုလက်ခံစစ်ဆေးခဲ့ပြီး စစ်ဆေး ပေါ်ပေါက်ချက်များအရ လျှောက်ထားသူအပေါ် ရာဇသတ်ကြီး ပုဒ်မ ၂၇၉ ဖြင့် ၅-၇-၂၀၁၈ ရက်နေ့တွင် ပြစ်မှုထင်ရှားစီရင်ခဲ့ ပြီးဖြစ်သည်။

အချင်းဖြစ်ယာဉ်တိုက်မှုဖြစ်စဉ်တွင် လျှပ်စစ်ဓါတ်အား ပေးဝေသည့် ကွန်ကရစ်တိုင် ၂ တိုင်နှင့် မီတာပုံးတစ်လုံး ပျက်စီးကာ လျှပ်စစ်ဓါတ်အားပြတ်တောက်စေခဲ့သဖြင့် လျှပ်စစ် ဌာနမှ လျော်ကြေးငွေတွက်ချက်မှုအရ လျော်ကြေး၊ ဒဏ်ကြေး နှင့် ဓါတ်အားခနစ်နာခြင်းတို့ကြောင့် စုစုပေါင်း ၁၅၂၈၁၀၉၄၀/- ကျပ် ဆုံးရှုံးရသည့်အတွက် မြို့နယ်အတွင်း ပေးဝေသည့် လျှပ်စစ်ဓါတ်အားလိုင်းကို ပြတ်တောက်စေသူ ဦးကျော်မင်းအား ဥပဒေအရအရေးယူပေးရန် ကော့မှူးမြို့နယ် လျှပ်စစ်မန်နေဂျာ ရုံး၊ မြို့နယ်လျှပ်စစ်မန်နေဂျာဦးမင်းအောင် (လျှောက်ထားခံရ သူအမှတ်-၂) က ကော့မှူးမြို့မရဲစခန်းသို့တိုင်တန်းခဲ့ရာ (ပ) အမှတ် ၁၃၁/၂၀၁၉ ဖြင့် ၁-၄-၂၀၁၉ ရက်နေ့တွင် တိုင်ချက်

မောင်ကျော်မင်း
နှင့်
မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ-၂

ရေးဖွင့်ခဲ့ခြင်းဖြစ်သည် ။

အဆိုပါတိုင်ချက်ကို လျှောက်ထားခံရသူအမှတ်(၂) ဦးမင်းအောင်သည် ၎င်း၏ ဌာနဆိုင်ရာအထက်အဆင့်ဆင့်၏ ညွှန်ကြားမှုအရ ရေးဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်ပြီး၊ တရားစွဲအဖွဲ့ အစည်းဖြစ်သော ကော့မှူးမြို့နယ်ဥပဒေရုံး၏ အကြံပြုချက်အရ ကော့မှူးမြို့မရဲစခန်းက ၁၇-၅-၂၀၁၉ ရက်နေ့တွင် လျှောက်ထားသူအား လျှပ်စစ်ဥပဒေပုဒ်မ ၆၃ ဖြင့် တရားစွဲတင်ပို့ခဲ့ရာ ကော့မှူးမြို့နယ်တရားရုံး၊ ရာဇဝတ်ကြီးမှုအမှတ်၂၆၆/ ၂၀၁၉ ဖြင့် အမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူသည် လျှပ်စစ်ဓါတ်တိုင် ၂ တိုင်နှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအတွက် ပစ္စည်းများ၏ ကုန်ကျစရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များအတွက် ငွေ ၁၁၆၄၅၀၀/-ကျပ် ပေးလျော်ပြီးဖြစ်သော်လည်း၊ ၎င်းအပေါ် ကော့မှူးမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လျှပ်စစ်ဥပဒေပုဒ်မ ၆၃ ဖြင့် အမှုဖွင့်လှစ်တိုင်တန်းတရားစွဲဆိုခြင်းမှာ အချင်းဖြစ် ယာဉ်တိုက်မှုကြောင့် မြို့နယ်အတွင်းပေးဝေသည့် လျှပ်စစ်ဓါတ်အားလိုင်းကို ပြတ်တောက်စေမှုအတွက် စွဲဆိုခြင်းဖြစ်

ကြောင်းတွေ့ရှိရသည်။

လျှောက်ထားသူအား သက်ဆိုင်ရာလျှပ်စစ်ဌာန၏ အမှုဖွင့်တိုင်တန်းချက်အရ မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်ဖြင့် လျှပ်စစ်ဥပဒေပုဒ်မ ၆၃ အရ အရေးယူတရားစွဲဆိုတင်ပို့လာခြင်းအပေါ် ကော့မှူးမြို့နယ်တရားရုံးက ရာဇဝတ်မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းမှတ်ပုံတင်၍ အမှုဖွင့်နေ့စဉ်မှတ်တမ်းရေးသားကာ အမှုဖွင့်လုစ်ဆောင်ရွက်ခြင်းသည် တရားရုံးသို့ ပြစ်မှုကြောင်းအရ စွဲဆိုသည့်စွဲချက် သို့မဟုတ် လျှောက်လွှာများလက်ခံဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားထားသောတရားရုံးချုပ်၏ ၂၇-၈-၁၉၈၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၃၂ နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

လျှောက်ထားသူအပေါ် ကော့မှူးမြို့နယ်တရားရုံး၊ ၂၀၁၉ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၆၆ ဖြင့် တရားစွဲဆိုတင်ပို့သည့်နေ့တွင် လျှောက်ထားသူက အာမခံလျှောက်ထားရာတွင် တရားခံ၏ အာမခံလျှောက်ထားမှုအပေါ် မြို့နယ်ဥပဒေအရာရှိက ကန့်ကွက်ခဲ့ခြင်း၊ အာမခံပေးနိုင်သောပြစ်မှုမဟုတ်ခြင်း၊ ကိုယ်ပိုင်ခံဝန်ဖြင့် အာမခံလျှောက်ထားခြင်း၊ တရားခံ

အနေဖြင့် ကျန်းမာရေးကောင်းမွန်ပြီး မိဘအားပြုစုလို၍ အာမခံလျှောက်ထားခြင်းတို့ကြောင့် တရားခံ၏ အာမခံ လျှောက်ထားချက်အား ပယ်သည်ဟု အမိန့်ချမှတ်ခဲ့ကြောင်း အဆိုပါအမှုတွဲ၏ ၁၇-၅-၂၀၁၉ နေ့စွဲပါ အမှုတွဲနေ့စဉ်မှတ်တမ်းအရ တွေ့ရှိရသည်။

သို့ဖြစ်ရာ လျှောက်ထားသူအပေါ် စွဲဆိုထားသော လျှပ်စစ်ဥပဒေပုဒ်မ ၆၃ သည် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်သော အာမခံမပေးနိုင်သည့် ပြစ်မှုဖြစ်သည့်အတွက် မြို့နယ်တရားသူကြီးက အာမခံလျှောက်ထားချက်ကို ငြင်းပယ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းအမိန့်ကို ကျေနပ်မှုမရှိပါက ခရိုင်တရားရုံးသို့ ဥပဒေကခွင့်ပြုသည့်အတိုင်း သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလအတွင်း ပြင်ဆင်မှုလျှောက်ထားရန်သာ ဖြစ်သည်။

အချင်းဖြစ်ယာဉ်တိုက်မှုနှင့်စပ်လျဉ်း၍ ယာဉ်မဆင်မခြင် မောင်းနှင်မှုဖြင့် ကော့မှူးမြို့နယ်တရားရုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၂၇၉ အရ တရားစွဲဆိုအပြစ်ပေးခံရပြီးနောက် လျှပ်စစ်

ဥပဒေပုဒ်မ ၆၃ ဖြင့် ထပ်မံတရားစွဲဆိုမှုအပေါ် ကော့မှူးမြို့နယ်တရားရုံးက လက်ခံစစ်ဆေးနေခြင်းသည် ပြုလုပ်မှုတစ်ရပ်တည်းအတွက် နှစ်ကြိမ်စွဲဆိုခြင်းဖြစ်၍ ဥပဒေနှင့်မညီဟု တင်ပြလိုပါက လျှောက်ထားသူအနေဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားနိုင်သည့် အခွင့်အရေးလည်းရှိသည်။

လျှောက်ထားသူ၏ပြုလုပ်မှုမှာ ပေါ့လျော့စွာ ယာဉ်ကိုမောင်းနှင်မှုကြောင့် လျှပ်စစ်ဓါတ်အားလိုင်းပြတ်တောက်ရခြင်းဖြစ်ပြီး အဆိုပါပြုလုပ်မှုကို လျှပ်စစ်ဥပဒေအရ ထပ်မံအရေးယူဆောင်ရွက်ခြင်းမှာ လျှပ်စစ်ဥပဒေပုဒ်မ ၆၃၊ ၆၅ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း လျှောက်ထားသူက လျှောက်ထားတင်ပြသည်။

လျှောက်ထားသူ၏ပြုလုပ်မှုမှာ လျှပ်စစ်ဥပဒေပုဒ်မ ၆၃၊ ၆၅ တို့နှင့်ညီညွတ်မှု ရှိ မရှိ ဟူသော အချက်သည် သက်ဆိုင်ရာတရားရုံးအနေဖြင့် အမှုစစ်ဆေးပေါ်ပေါက်ချက်အရ အမိန့်ချမှတ်ရာတွင် သုံးသပ်ဆုံးဖြတ်ရမည့်အချက်ဖြစ်ပြီး စာချွန်တော်ရုံးအနေဖြင့် သုံးသပ်ရမည့် ကိစ္စမဟုတ်ပေ။

၂၀၁၉ ခုနှစ်
မောင်ကျော်မင်း
နှင့်
မြို့နယ်တရားသူကြီး
ကော့မှူးမြို့နယ်တရားရုံး
ရန်ကုန်တိုင်းဒေသကြီး
ပါ-၂

ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရသည့် တရားရုံး၏လုပ်ငန်းမှာ ထိုအာဏာပိုင်တွင် ထိုသို့ချုပ်နှောင်ခွင့်ရှိ မရှိ နှင့် ထိုအာဏာကို ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ကျင့်သုံးခြင်း ဟုတ် မဟုတ် အမြင်အားဖြင့် ကြည့်ရှုရန်ဖြစ်သည်။ **မောင်လှကျော် နှင့် ကော်မရှင်နာမင်းကြီး (ရန်ကုန်) အမှု** [၁] ကို ရည်ညွှန်းသည်။

ဤအမှုတွင် လျှောက်ထားသူအပေါ် လျှပ်စစ်ဓါတ်အား ပြတ်တောက်စေမှုဖြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ(လျှောက်ထားခံရသူအမှတ်-၂) က တရားလိုပြုလုပ်ပြီး အမှုဖွင့်လှစ်တိုင်တန်းခဲ့ခြင်း၊ ကော့မှူးမြို့မရဲစခန်းက မြို့နယ်ဥပဒေရုံး၏ အကြံပြုချက်အရ လျှပ်စစ်ဥပဒေ ပုဒ်မ ၆၃ အရ တရားစွဲတင်ပို့ခဲ့သဖြင့် ကော့မှူးမြို့နယ်တရားသူကြီး (လျှောက်ထားခံရသူအမှတ်- ၁) က အမှုဖွင့်လှစ်ဆောင်ရွက်ခြင်းနှင့် အဆိုပါပြစ်မှုသည် ဥပဒေအရ အာမခံမပေးနိုင်သော ပြစ်မှုဖြစ်၍ အာမခံလျှောက်ထားချက်ကို ငြင်းပယ်ခြင်းတို့သည် ဥပဒေအရ လုပ်ပိုင်ခွင့်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

---

၁။ ၁၉၄၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၇၆၄

ရှေ့တော်သွင်းစာချွန်တော်အမိန့်ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့်အမိန့်စာဖြစ်သည်။

အထက်ပါသုံးသပ်တွေ့ရှိချက်များအရ လျှောက်ထားသူအား ချုပ်နှောင်ထားခြင်းသည် တရားဥပဒေနှင့်အညီမဟုတ်ဘဲထိန်းသိမ်းထားသည်ဟု ကျေနပ်ဖွယ်ရာ သက်သေအထောက်အထားမရှိ၍ ရှေ့တော်သွင်းစာချွန်တော်အမိန့် ထုတ်ဆင့်ရန်အကြောင်းမရှိပေ။

ထို့ကြောင့် ဤရာဇဝတ်အထွေထွေလျှောက်ထားမှုကို ပယ်သည်။

၂၀၂၀ ပြည့်နှစ်

ဒီဇင်ဘာလ ၁၁ ရက်

**တရားမအထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးသာဋ္ဌေး နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်**

**ဒေါ်ချစ်ပုံ့ပုံ့ထွေး**

**နှင့်**

**ဝန်ကြီးချုပ်**

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**ပဲခူးတိုင်းဒေသကြီး ၊ ပဲခူးမြို့ပါ-၄***

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

---

* ၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၃၁၄

အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ သတ်မှတ်သည့် အမိန့်ကြော်ငြာစာဖြစ်ပြီး၊ ယင်းအမိန့်ကြော်ငြာစာအပိုဒ် ၂(က) ၌ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ (၂၂ ရပ်) ဖော်ပြထားရာ အမှတ်စဉ် ၁၈ တွင် "လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ) ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ချမှတ်သည့်အခါ လိုက်နာရန်ပျက်ကွက်၍ သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန်အတွက်ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်း" ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လယ်ယာမြေဥပဒေအခန်း ၆ တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားရာ လယ်ယာမြေဥပဒေပုဒ်မ ၁၉ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းသည် ပုဒ်မ ၁၇ (ဃ) အရ ဗဟိုလယ်ယာ

မြေစီမံခန့်ခွဲမှုအဖွဲ့တွင်သာ လုပ်ပိုင်ခွင့်ရှိသည့်အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းစာတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးသည့်အပြင် အပိုဒ် ၂ ၌ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဖော်ပြထားရာ အပိုဒ်ခွဲ (ဆ) တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

လျှောက်ထားသူသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉ (ဂ) သို့မဟုတ် ပုဒ်မ ၁၉ (ဃ) ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ထားကြောင်း၊ ယင်းပြစ်ဒဏ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း လျှောက်ထားခံရသူတို့၏ တင်ပြချက်များတွင် မတွေ့ရှိရသည့်အပြင် လျှောက်ထားသူသည် ပုဒ်မ ၁၉ (ဂ) (ဃ) ပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ပေါ်ပေါက်ခဲ့၍ ၎င်း၏လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန်အတွက်ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံ

ခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ အရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှတစ်ဆင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ပိုင်ခွင့်မရှိသော အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ် ဦးပိုင်အမှတ် ၁၀/၃ လယ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်လိုက်ကြောင်း အကြောင်းကြားခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် စာချွန်တော်အမိန့်ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူအတွက် - ဦးလှိုင်မြင့်၊
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဒေါ်ယဉ်ယဉ်မွန်၊
ညွှန်ကြားရေးမှူး၊
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ မြေစီးကျေးရွာအုပ်စု၊ (ကွင်းအမှတ်၂၉၃-ခ)၊ ကွင်းအမည်-

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

စမ်းချောင်းကွင်း၊ ဦးပိုင်အမှတ် (၁၀/၃) ၊ ဧရိယာ ၇.၂၈ ဧကသည် လျှောက်ထားသူဒေါ်ချစ်ပုံ့ပုံ့ထွေးက ကျွဲပွဲမြို့နေ ဦးဝင်းမြင့်ထံမှ ၂၀၁၁ ခုနှစ်ကတည်းက လွှဲပြောင်းဝယ်ယူခဲ့သော လယ်မြေများ ဖြစ်ပြီး၊ ၂၃-၈-၂၀၁၃ ရက်နေ့တွင် ဒေါ်ချစ်ပုံ့ပုံ့ထွေးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားကြောင်း၊ ယင်းမြေအား ခြံစည်းရိုးကာရံပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ စပါးစိုက်ပျိုးခြင်း၊ အခြားရာသီပေါ်သီးနှံစိုက်ပျိုးခြင်းတို့ကို၂၀၁၇ ခုနှစ်အထိ ပြုလုပ်ခဲ့ကြောင်း၊ ၈-၃-၂၀၁၈ ရက်နေ့တွင် ယင်းမြေ ထဲသို့ကျူးကျော်၍ တဲအိမ်များ ဝင်ရောက်ဆောက်လုပ်ကြ သဖြင့် ၉-၃-၂၀၁၈ ရက်နေ့တွင် မြေစီးကျေးရွာ အုပ်ချုပ်ရေးမှူး ထံ တားမြစ်ပေးရန် အကြောင်းကြားစာပေးပို့ခဲ့ပြီး ကျူးကျော်သူ ဦးရွှေရဲပါ-၂၄ ဦးနှင့် တွေ့ဆုံညှိနှိုင်းပြောဆိုသော်လည်း လက်မခံ ဘဲ ဆက်လက်ကျူးကျော်နေ၍ ကျွဲပွဲနယ်မြေရဲစခန်းတွင် အမှု ဖွင့်လှစ်တိုင်ကြားခဲ့ကြောင်း၊ အမှုရင်ဆိုင်နေစဉ်အတွင်း ၇-၃- ၂၀၁၉ ရက်နေ့တွင် ယင်းမြေပေါ်တွင် တရားဝင်မှတ်ပုံတင်ထား ခြင်းမရှိသည့်အဖွဲ့အစည်းမှ ဆိုင်းဘုတ်တင်ကာ ကျူးကျော် ဆောက်လုပ်ထားသော ရုံးအဆောက်အဦသို့ ပဲခူးတိုင်းဒေသကြီး

ဝန်ကြီးချုပ် ရောက်ရှိလာပြီး ကျူးကျော်သူများအား အရေးယူဆောင်ရွက်ခြင်းမပြုဘဲ လျှောက်ထားသူ အမည်ပေါက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များအား ပယ်ဖျက်၍ ကျူးကျော်နေသူများကို ခြံကွက်များရိုက်၍ ပြန်လည်ချထားပေးမည်ဟု နှုတ်မိန့်ပေးခဲ့ကြောင်း၊ ထိုသို့ လမ်းညွှန်မှုအရဟုဆိုကာ လျှောက်ထားသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်းနှင့် (ပုံစံ-၇) မူရင်းအား လာရောက်အပ်နှံရန် ၄-၁၀-၂၀၁၉ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ကြောင်း၊ လျှောက်ထားသူသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သူ၊ ပုဒ်မ ၁၉ အရ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်ခံရသူမဟုတ်သဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) နှင့် လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်း မပြုနိုင်ပါကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၁၇ (ဃ) ပြဋ္ဌာန်းချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းနိုင်သူမှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သာဖြစ်ပြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု

အဖွဲ့တို့က ရုပ်သိမ်းခွင့်မရှိကြောင်း၊ ဝန်ကြီးချုပ်၏ နှုတ်မိန့်အရ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လျှောက်ထားသူအား (ပုံစံ-၇) ထုတ်ပေးထားမှုနှင့် စပ်လျဉ်း၍ အစည်းအဝေးကျင်းပဆုံးဖြတ်ခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ယင်းကိစ္စကိုစိစစ်၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရာ လျှောက်ထားသူရရှိထားသော (ပုံစံ-၇) ကို ပယ်ဖျက်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြောင်းကြားမှုအရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၄-၁၀-၂၀၁၉ ရက်စွဲပါ အကြောင်းကြားစာဖြင့် (ပုံစံ-၇) ကို ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် လာရောက်အပ်နှံရန် အကြောင်းကြားခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှုမရှိပါသဖြင့် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန် ဒေါ်ချစ်ပို့ပို့ထွေးက လျှောက်ထားသည်။

အုတ်တွင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၏ ၄-၁၀-၂၀၁၉ ရက်စွဲပါ စာနှင့် ယင်းစာတွင် ဖော်ပြပါရှိသည့် အကြောင်းခြင်းရာများသည် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊

နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ရန် ကနဦးအမိန့် ချမှတ်ခဲ့သည်။

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

လျှောက်ထားခံရသူများ၏ ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတို့တွင် ၇-၃-၂၀၁၉ ရက်နေ့ မြေစီးကျေးရွာအုပ်စုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လာရောက်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ခရီးစဉ်တွင် မြေစီးကျေးရွာအုပ်စု၊ သိုးကြီးကရင်ကျေးရွာ၊ ကရင်တိုင်းရင်းသားဒေသခံများမှ အချင်းဖြစ်မြေပေါ်တွင် အိမ်ရာဆောက်လုပ်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ ဦးကျော်ဝေလင်းမှ တရားစွဲဆိုထားသဖြင့် ၎င်းမြေများမှာ ယခင်က ၎င်းတို့အားပေးအပ်ထားသည့် မြေများဖြစ်၍ ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြခဲ့မှုအပေါ် အချင်းဖြစ်လယ်ယာမြေအား (ပုံစံ-၇) ထုတ်ပေးထားခြင်းနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေနှင့်အညီ ပြန်လည်စိစစ်တင်ပြရန် ဝန်ကြီးချုပ်က နှုတ်ဖြင့် ညွှန်ကြားခဲ့သည့်အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၃-၅-၂၀၁၉ ရက်စွဲပါ စာအမှတ် ၆/၃-၂/ဦး ၆ (၄၈၀၀) ဖြင့် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးထံသို့ ၇-၃-၂၀၁၉ ရက်နေ့

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဒေသခံပြည်သူလူထု၊ ဌာနဆိုင်ရာများတွေ့ဆုံပွဲ၌ (ပုံစံ-၇) ပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့မှုအပေါ် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးဆောင်ရွက်ရန် အကြောင်းကြားခဲ့ကြောင်း၊

ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအရ မြေစီးကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၃-၃-၂၀၁၉ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၄ (က) နှင့် (ခ) တို့အရ အချင်းဖြစ် လယ်မြေဦးပိုင်အမှတ် (၁၀/၂) နှင့် ဦးပိုင်အမှတ် (၁၀/၃) တို့အား ၁၄-၃-၂၀၁၉ ရက်နေ့၌ ကွင်းဆင်းစိစစ်ရာ ၁၉၉၆ မှ ၂၀၀၄ ခုနှစ်အထိ စပါး၊ ကြံ စသည့် သီးနှံများစိုက်ပျိုးကြောင်း၊ ၂၀၀၅ မှ ၂၀၁၀ ခုနှစ်ထိ သီးနှံစိုက်ပျိုးခြင်းမရှိဘဲ အမြန်လမ်းမကြီး GE ဆိုဒ်အဖြစ် အသုံးပြုကြောင်း ၊ ၂၀၁၂ မှ ၂၀၁၃ ခုနှစ်ထိ ကျွန်းနှင့် မန်ဂျန်ရှားနှစ်ရှည်ပင်များ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းမှုမရှိကြောင်း ၊ ၂၀၁၄ မှ ၂၀၁၆ ခုနှစ်ထိ ဖရဲစိုက်ပျိုးကြောင်း ၊ ၂၀၁၇ ခုနှစ်မှ ယနေ့ထိ စိုက်ပျိုးခြင်းမရှိသည်ကို စိစစ်တွေ့ရှိရသဖြင့်

ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၃-၉-၂၀၁၉ ရက်နေ့၊ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၄ (က) (ခ) တို့အရ လယ်ယာမြေစည်းကမ်းပျက်သည့်အတွက်၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ (ပုံစံ-၇) ပယ်ဖျက်နိုင်ရေး လုပ်ငန်းစာတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့တင်ပြခဲ့ကြောင်း၊ အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း ၁၉-၃-၂၀၁၉ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၂/၂၀၁၉၊ ဆုံးဖြတ်ချက်အပိုဒ် ၅ (က) ပါ ဆုံးဖြတ်ချက်အရ အချင်းဖြစ်မြေကိစ္စနှင့် စပ်လျဉ်း၍ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့စိစစ်တင်ပြခဲ့ကြောင်း၊ ယင်းသို့ တင်ပြမှုအပေါ် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၈-၃-၂၀၁၉ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၁၉၊ ဆုံးဖြတ်ချက် အပိုဒ် ၁၀ (က) အရ (ပုံစံ-၇) ရရှိထားသူ ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေး တို့သည် လယ်ယာမြေဥပဒေအခန်း ၄၊ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ လိုက်နာရမည့်စည်းကမ်းချက်များ ပုဒ်မ-၁၂ (က) (ဓ) (ဈ) ပါ စည်းကမ်းချက်များကို လိုက်နာခြင်းမရှိ ပျက်ကွက်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူသင့်ကြောင်းနှင့် ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေဥပဒေအခန်း ၁၂ နှင့်အညီ အရေးယူသင့်ကြောင်း သဘောထားမှတ်ချက်ပြုလျက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၄-၄-၂၀၁၉ ရက်စွဲပါ စာအမှတ် ၈/ ၄-၁/ ဦး ၆ ဖြင့် ဆက်လက်တင်ပြခဲ့ကြောင်း၊

ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၈-၂၀၁၉ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၉ ဆုံးဖြတ်ချက်အပိုဒ် ၁၃၁ (စ) အရ ဒေါ်ချစ်ပုံ့ပုံ့ထွေးနှင့် ဦးကျော်ဝေလင်းတို့အမည်ဖြင့် (ပုံစံ-၇) များ ထုတ်ပေးထားမှုနှင့် ပတ်သက်၍ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၅-၉-၂၀၁၉ ရက်စွဲပါစာအမှတ် ၅၄၆/ လယ်-စီ (တိုင်းဒေသကြီး) (ဂ၄) ဖြင့် အကြောင်းကြားလာသဖြင့် ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၁၁-၉-၂၀၁၉ ရက်စွဲပါ စာအမှတ် ၈ / ၄-၁ / ဦး ၆ (၄၆၈၅) ဖြင့် လိုက်နာဆောင်ရွက်ရန် မြို့နယ်

၂၀၁၉ ခုနှစ်
ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်အကြောင်းကြားခဲ့ကြောင်း၊

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၁၆-၉-၂၀၁၉ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၇/ ၂၀၁၉ ဆုံးဖြတ်ချက်အပိုဒ် ၉ ဖြင့် ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့၏ အမည်ဖြင့် (ပုံစံ- ၇) များအား ပယ်ဖျက်သွားနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ ၁၆-၉-၂၀၁၉ ရက်စွဲပါ စာအမှတ် ၄၂ / လယ်-စီ (၀၅) ဖြင့် (ပုံစံ-၇) ပယ်ဖျက်သွားနိုင်ရေးကို အတည်ပြုပေးရန် လုပ်ငန်းစာတွဲ ၂ တွဲနှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့ကြောင်း၊

ယင်းတင်ပြမှုအပေါ် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂-၁၀-၂၀၁၉ ရက်နေ့ အစည်းအဝေးမှတ်တမ်း ၇/၂၀၁၉ ဆုံးဖြတ်ချက်အပိုဒ် ၈ (က) (ခ) တို့ဖြင့် ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အမည်ဖြင့် (ပုံစံ-၇) များအား ပယ်ဖျက်သွားရန်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၈-၉-၂၀၁၉ ရက်စွဲပါ စာအမှတ် ၆/ ၃- ၂/ ဦး ၆(၉၇၃၇) လမ်းညွှန်ချက်အရ သိုးကြီးကရင်ရွာအား ရွာမြေအဖြစ် အမျိုးအစားပြောင်းလဲပြီး စနစ်

တကျ အကွက်ချဖွဲ့စည်းဆောင်ရွက်ပေးရန်၊ ဖွဲ့စည်းဆောင်ရွက်ပြီးပါက (ပုံစံ-၇) ပယ်ဖျက်ခံရသူ ဦးကျော်ဝေလင်း နှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေး တို့အား ထိုက်သင့်သောမြေကွက် ပေးအပ်ရန် ဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်အား သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၃-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ် ၁၅၆၃/ လယ်စီ-၅ ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားခဲ့ကြောင်း ၊

ယင်းသို့ အကြောင်းကြားမှုအရ ဦးကျော်ဝေလင်း နှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) များကို ပယ်ဖျက်လိုက်ပြီးဖြစ်ကြောင်းနှင့် (ပုံစံ-၇) မူရင်းများကို လာရောက်အပ်နှံရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၄-၁၀-၂၀၁၉ ရက်စွဲပါ စာအမှတ် ၄၄/ လယ်-စီ (မြို့နယ်) ၀၅ နှင့် ၄၅/ လယ်-စီ (မြို့နယ်) ၀၅ တို့ဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း၊

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်အနေဖြင့် အချင်းဖြစ် (ပုံစံ-၇) များကို ပယ်ဖျက်ခဲ့ခြင်းမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၈-၁၀-၂၀၁၆

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် စာချွန်တော် လျှောက်ထားမှုအား ခွင့်မပြုသင့်ကြောင်း ဖော်ပြထားသည်။

လျှောက်ထားခံရသူအမှတ် (၁ မှ ၄) တို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက လျှောက်ထားသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) လယ်မြေ ဧရိယာ ၇.၂၈ ဧကအတွက် လုပ်ပိုင်ခွင့်ပြုထားကြောင်း၊ လျှောက်ထားသူသည် ခွင့်ပြုချက်မရှိဘဲ အခြားသီးနှံအမျိုးအစားကို စိုက်ပျိုးခြင်းပြုသောကြောင့် လယ်ယာမြေဥပဒေပုဒ်မ ၁၂ (က) (ဇ) (ဈ) ပါစည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်သည်ဟုဆိုသော်လည်း ၎င်းအပေါ် ပုဒ်မ ၁၉ အရ အရေးယူသည့် အမိန့်တစ်ရပ်ရပ် ချမှတ်ထားခြင်းမရှိကြောင်း၊ ပုဒ်မ ၁၉ (ဂ) (ဃ) တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို လယ်ယာမြေဥပဒေပုဒ်မ ၁၇ (ဃ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ ပြန်လည်ရုပ်သိမ်းနိုင်သဖြင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လျှောက်ထားသူ၏

၂၀၁၉ ခုနှစ်
ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို ဖျက်သိမ်းခဲ့သော ဆုံးဖြတ်ချက်သည် လယ်ယာမြေဥပဒေ၊ အမိန့်ကြော်ငြာစာတို့နှင့် ညီညွတ်ခြင်းမရှိသောကြောင့် လျှောက်ထားသူ၏ အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားမှုကို လက်ခံစဉ်စားသင့်ကြောင်း သုံးသပ်တွေ့ရှိသဖြင့် သင့်မြတ်သည့်အမိန့်တစ်ရပ်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူသည် ၎င်း၏အမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသော လယ်ယာမြေတွင် ၂၀၁၂-၂၀၁၃ ခုနှစ်မှစ၍ စပါးများစိုက်ပျိုးခဲ့ပြီး၊ စပါးများ ဖြစ်ထွန်းခြင်းမရှိသည့်အတွက် အခြားရာသီပေါ်သီးနှံများကို ၂၀၁၇ ခုနှစ်ထိ စိုက်ပျိုးခဲ့ကြောင်း ၊ အချင်းဖြစ်လယ်ယာမြေများထဲသို့ အခြားသူများက ကျူးကျော်ဝင်ရောက်နေထိုင်သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံ တိုင်တန်းသော်လည်း ဆက်လက်ကျူးကျော်နေ၍ ကွဲပွဲနယ်မြေရဲစခန်းသို့ အမှုဖွင့်လှစ်တိုင်တန်းခဲ့ကြောင်း၊ အမှုရင်ဆိုင်နေစဉ်အတွင်း ၇-၃-၂၀၁၉ ရက်နေ့ ဝန်ကြီးချုပ်ခရီးစဉ်တွင် နှုတ်မိန့်အရ လျှောက်ထားသူ

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

အမည်ပေါက် (ပုံစံ-၇) ကို ဖျက်သိမ်းခဲ့ကြောင်း၊ လျှောက်ထားသူ အနေဖြင့် ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို ပျက်ကွက်သည် ဆိုပါက ပုဒ်မ ၁၉ အရ အရေးယူရန်ဖြစ်ပြီး ယင်းပြဋ္ဌာန်းချက် တွင် လယ်ယာမြေအား ပြန်လည်သိမ်းယူနိုင်သည်ဟု မပါဝင် ကြောင်း၊ ပုဒ်မ ၁၉ (ဂ) နှင့် (ဃ) တို့အရ အရေးယူခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်အား ပြန်လည်ရုပ်သိမ်းခြင်းကို ပုဒ်မ ၁၇ (ဃ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ ဆောင်ရွက် နိုင်ကြောင်း၊ လျှောက်ထားသူ၏ လယ်မြေနှင့်စပ်လျဉ်း၍ လယ်ယာမြေနည်းဥပဒေ ၅၄ (က) အရ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ အဆင့်ဆင့်သို့တင်ပြရမည်ဖြစ်သော်လည်း ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခြင်းမရှိဘဲ လျှောက်ထားသူ၏ (ပုံစံ - ၇) အား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပယ်ဖျက် လိုက်ခြင်းသည် လယ်ယာမြေဥပဒေနှင့်ညီညွတ်မှုမရှိပါသဖြင့် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးရန် လျှောက်လဲ တင်ပြသည်။

အချင်းဖြစ်မြေမှာ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ မြေစီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၉၃-ခ)၊

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံပုံထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ကွင်းအမည်- စမ်းချောင်းကွင်း၊ ဦးပိုင်အမှတ် (၁၀/ ၃) ၊ ဧရိယာ ၇.၂၈ ဧကရှိ လယ်မြေဖြစ်ပြီး ၂၃-၈-၂၀၁၃ ရက်နေ့တွင် ဒေါ်ချစ်ပုံပုံထွေးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးထားပြီးဖြစ်သည်။

ယင်းလယ်ယာမြေပေါ်တွင် မြေစီးကျေးရွာအုပ်စု၊ သိုးကြီး ကရင်ကျေးရွာ၊ ကရင်တိုင်းရင်းသားဒေသခံများမှ ကျူးကျော်၍ နေအိမ်များဆောက်လုပ်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍ (ပုံစံ-၇) ရရှိထားသူ ဦးကျော်ဝေလင်းက တရားစွဲဆိုထားသဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် ၇-၃-၂၀၁၉ ရက်နေ့၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တွေ့ဆုံပွဲ၌ တင်ပြခဲ့မှုအပေါ် အချင်းဖြစ် လယ်မြေအား (ပုံစံ-၇) ထုတ်ပေးထားခြင်းကို ပြန်လည်စိစစ်တင်ပြရန် ဝန်ကြီးချုပ်က နှုတ်ဖြင့် ညွှန်ကြားခဲ့ကြောင်း လျှောက်ထားခံရသူတို့၏ ပြန်ကြားအစီရင်ခံစာနှင့် ကျမ်းကျိန်လွှာတို့တွင် ဖော်ပြထားသည်။

ဝန်ကြီးချုပ်၏ညွှန်ကြားမှုအရ မြေစီးကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၃-၃-၂၀၁၉ ရက်နေ့၊ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၄ (က) နှင့် (ခ) တို့အရ အချင်းဖြစ်

လယ်မြေဦးပိုင်အမှတ် (၁၀/၂) နှင့် ဦးပိုင်အမှတ် (၁၀/၃) တို့အား ၁၄-၃-၂၀၁၉ ရက်နေ့၌ ကွင်းဆင်းစိစစ်ရာ ၁၉၉၆ မှ ၂၀၀၄ ခုနှစ်အထိ စပါး၊ ကြံ စသည့်သီးနှံများ စိုက်ပျိုးကြောင်း၊ ၂၀၀၅ မှ ၂၀၁၀ ခုနှစ်အထိ သီးနှံစိုက်ပျိုးခြင်းမရှိကြောင်း၊ ၂၀၁၂ မှ ၂၀၁၃ ခုနှစ်ထိ ကျွန်းနှင့် မန်ကျည်းရှား နှစ်ရှည်ပင်များ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းမှုမရှိကြောင်း၊ ၂၀၁၄ မှ ၂၀၁၆ ခုနှစ်ထိ ဖရဲ စိုက်ပျိုးကြောင်း၊ ၂၀၁၇ ခုနှစ်မှ ယနေ့ထိ စိုက်ပျိုးခြင်းမရှိသည် ကို စိစစ်တွေ့ရှိရသဖြင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ ၁၃-၉-၂၀၁၉ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် ၄ (က) နှင့် (ခ) တို့အရ လယ်ယာမြေ စည်းကမ်းပျက်သည့် အတွက် လယ်ယာမြေဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ (ပုံစံ-၇) ပယ်ဖျက်နိုင်ရေးလုပ်ငန်းစာတွဲအားအုတ်တွင်းမြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့ ပေးပို့တင်ပြခဲ့သည်။

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ဝန်ကြီးချုပ်၏ ညွှန်ကြားမှုအပေါ် အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း ၁၉-၃-၂၀၁၉ ရက်နေ့ အစည်းအဝေးအမှတ်စဉ် ၂/၂၀၁၉၊ ဆုံးဖြတ်ချက်အပိုဒ် ၅ (က) အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အစီရင်ခံစာရေးသား

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

တင်ပြခဲ့ပြီး ယင်းသို့တင်ပြမှုအပေါ် တောင်ငူခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၈-၃-၂၀၁၉ ရက်နေ့ အစည်းအဝေးမှတ်တမ်း ၃/၂၀၁၉၊ ဆုံးဖြတ်ချက်အပိုဒ် ၁၀(က) အရ (ပုံစံ-၇) ရရှိထားသူ ဦးကျော်ဝေလင်း နှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူများလိုက်နာရမည့် လယ်ယာမြေဥပဒေပုဒ်မ ၁၂ (က) (ဓ) (ဈ) ပါ စည်းကမ်းများကို လိုက်နာရန်ပျက်ကွက်သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ အရေးယူသင့်ကြောင်းနှင့် ပုဒ်မ ၁၉ အရ ချမှတ်သောအမိန့်ကို လိုက်နာရန်ပျက်ကွက်ပါက လယ်ယာမြေဥပဒေအခန်း ၁၂ နှင့်အညီ အရေးယူသင့်ကြောင်း သဘောထားမှတ်ချက်ပြုလျက် ၄-၄-၂၀၁၉ ရက်စွဲပါ စာအမှတ် ၈/၄-၁/ဦး ၆ ဖြင့် ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြခဲ့သည် ။

ပဲခူးတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၁၆-၈-၂၀၁၉ ရက်နေ့၊ အစည်းအဝေးအမှတ်စဉ် ၄/၂၀၁၉ ဆုံးဖြတ်ချက်အပိုဒ် ၁၃၁ (စ) အရ ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အမည်ဖြင့် (ပုံစံ-၇) များထုတ်ပေးထားမှုနှင့်ပတ်သက်၍ ခရိုင်

လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အကြံပြုတင်ပြချက်ပါအတိုင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သဖြင့် ယင်းဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရန် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၅-၉-၂၀၁၉ ရက်စွဲပါ စာအမှတ် ၅၄၆/ လယ်-စီ (တိုင်းဒေသကြီး) (၀၄) ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားခဲ့ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၁၁-၉-၂၀၁၉ ရက်စွဲပါစာအမှတ် ၈ / ၄-၁/ ဦး ၆ (၄၆၈၅) ဖြင့် လိုက်နာဆောင်ရွက်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်အကြောင်းကြားခဲ့သည်။

ထိုသို့အကြောင်းကြားမှုအရ အုတ်တွင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၁၆-၉-၂၀၁၉ ရက်နေ့၊ အစည်းအဝေးအမှတ်စဉ် ၇/၂၀၁၉၊ ဆုံးဖြတ်ချက်အပိုဒ် ၉ ဖြင့် ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အမည်ဖြင့် (ပုံစံ-၇) ပယ်ဖျက်သွားနိုင်ရေး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ ၁၆-၉-၂၀၁၉ ရက်စွဲပါ စာအမှတ် ၄၂/ လယ်-စီ (၀၅) ဖြင့် (ပုံစံ-၇) ပယ်ဖျက်သွားနိုင်

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ရေးကို အတည်ပြုပေးရန် လုပ်ငန်းစာတွဲ ၂ တွဲနှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြခဲ့ပြီး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂-၁၀-၂၀၁၉ ရက်နေ့ အစည်းအဝေးမှတ်တမ်း ၇/၂၀၁၉ ဆုံးဖြတ်ချက် အပိုဒ် ၈ (က) (ခ) တို့ဖြင့် ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အမည်ဖြင့် (ပုံစံ-၇) များအား ပယ်ဖျက်သွားရန်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၈-၉-၂၀၁၉ ရက်စွဲပါစာအမှတ် ၆/၃-၂/ဦး ၆(၉၇၃၇) လမ်းညွှန်ချက်အရ သိုးကြီးကရင်ရွာအား ရွာမြေအဖြစ် မြေအမျိုးအစားပြောင်းလဲပြီး စနစ်တကျ အကွက်ချဖွဲ့စည်းဆောင်ရွက်ပေးရန်၊ ဖွဲ့စည်းဆောင်ရွက်ပြီးပါက (ပုံစံ-၇) ပယ်ဖျက်ခြင်းခံရသူ ဦးကျော်ဝေလင်းနှင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးတို့အား ထိုက်သင့်သောမြေကွက်ပေးအပ်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဆုံးဖြတ်ချက်အား သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၃-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ် ၁၅၆၃/ လယ်စီ-၅ ဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အကြောင်းကြားခဲ့သဖြင့် ဒေါ်ချစ်ပုံ့ပုံ့ထွေးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်

လိုက်ပြီးဖြစ်ကြောင်းနှင့် (ပုံစံ-၇) မူရင်းကို လာရောက်အပ်နှံရန် အုတ်တွင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၄-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ် ၄၅/ လယ်-စီ (မြို့နယ်) ၁၅ ဖြင့် အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ (က)(ဧ) (ဈ) ပါ စည်းကမ်းများကို ဖောက်ဖျက်သည့်အတွက် လယ်ယာမြေဥပဒေပြဋ္ဌာန်းချက်နှင့်အညီ (ပုံစံ-၇) ပယ်ဖျက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ (ပုံစံ-၇) ပယ်ဖျက်ခြင်းမှာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၈-၁၀-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ ပါ တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လျှောက်ထားခံရသူများက တင်ပြထားသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် လယ်ယာမြေဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်ဟု လယ်ယာမြေဥပဒေပုဒ်မ ၁၂ (က) တွင်လည်းကောင်း၊ လယ်ယာမြေကို မူလစိုက်ပျိုးလျက်ရှိသော သီးနှံအမျိုးအစားနှင့် အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုး

ခြင်းမပြုရဟု ပုဒ်မ ၁၂ (ဇ) တွင် လည်းကောင်း၊ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရဟု ပုဒ်မ ၁၂ (ဈ) တွင်လည်းကောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်လျှင် ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် (က) သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ (ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများကို နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖယ်ရှားခြင်းတို့ဖြင့် အရေးယူဆောင်ရွက်နိုင်ကြောင်း ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားသည်။

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာ အမှတ် ၂/၂၀၁၆ မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များသတ်မှတ်သည့် အမိန့်ကြော်ငြာစာ

၂၀၁၉ ခုနှစ်
ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ဖြစ်ပြီး၊ ယင်းအမိန့်ကြော်ငြာစာအပိုဒ် ၂ (က) ၌ တိုင်းဒေသကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ (၂၂ ရပ်) ဖော်ပြထားရာ အမှတ်စဉ် ၁၈ တွင် "လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) သို့မဟုတ် ပုဒ်မခွဲ (ဃ) ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ချမှတ်သည့်အခါ လိုက်နာရန်ပျက်ကွက်၍ သက်ဆိုင်ရာလယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန်အတွက်ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြခြင်း" ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လယ်ယာမြေဥပဒေအခန်း ၆ တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားရာ လယ်ယာမြေဥပဒေပုဒ်မ ၁၉ (ဂ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်းသည် ပုဒ်မ ၁၇ (ဃ) အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင်သာ လုပ်ပိုင်ခွင့်ရှိသည့်အပြင်၊

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၆-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၆၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းစာတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းပေးသည့်အပြင် အပိုဒ် ၂ ၌ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဖော်ပြထားရာ အပိုဒ်ခွဲ (ဆ) တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

ယခုအမှုတွင် လျှောက်ထားသူသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၉ (ဂ) သို့မဟုတ် ပုဒ်မ ၁၉ (ဃ) ပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ထားကြောင်း၊ ယင်းပြစ်ဒဏ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း လျှောက်ထားခံရသူတို့၏ တင်ပြချက်များတွင် မတွေ့ရှိရသည့်အပြင် လျှောက်ထားသူသည် ပုဒ်မ ၁၉ (ဂ) (ဃ) ပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်မှု ပေါ်ပေါက်ခဲ့၍ ၎င်း၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပြန်လည်သိမ်းယူရန်အတွက် ဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

၂/၂၀၁၆ အရ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှတစ်ဆင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းမပြုဘဲ လုပ်ပိုင်ခွင့်မရှိသော အုတ်တွင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ် ဦးပိုင်အမှတ် (၁၀/၃) လယ်မြေ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်လိုက်ကြောင်း အကြောင်းကြား ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက် များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရသဖြင့် စာချွန်တော် အမိန့်ထုတ်ဆင့်ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရသည်။

ယခုလျှောက်ထားမှုသည် အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားခြင်းဖြစ်သည့်အပြင် ကနဦးအမိန့်၌ အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ရန် သင့် မသင့် အကြောင်းပြစေရန် အတွက် ကနဦးဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သော်လည်း အုတ်တွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၄-၁၀ -၂၀၁၉ ရက်စွဲပါ စာအမှတ် ၄၅/လယ်-စီ(မြို့နယ်) ဝ၅ဖြင့် လျှောက်ထားသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကိုပယ်ဖျက်ခြင်း၊ ပယ်ဖျက်ကြောင်း အကြောင်းကြားခြင်းသည် အဆိုပါဌာနအနေ

၂၀၁၉ ခုနှစ်

ဒေါ်ချစ်ပုံ့ပုံ့ထွေး
နှင့်
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီး
အစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး၊
ပဲခူးမြို့ပါ- ၄

ဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းမရှိ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ထုတ်ဆင့်ရမည့် စာချွန်တော်အမိန့်ဖြစ်သောကြောင့် အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့်သာ သက်ဆိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ အုတ်တွင်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၄-၁၀-၂၀၁၉ ရက်စွဲပါစာအမှတ် ၄၅/လယ်-စီ (မြို့နယ်) ၁၅ အကြောင်းကြားစာပါ လျှောက်ထားသူ ဒေါ်ချစ်ပုံ့ပုံ့ထွေးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ကို ပယ်ဖျက်ကြောင်း အကြောင်းကြားချက်အား အာဏာပိုင်မေးစာချွန်တော် အမိန့်ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

စရိတ်မသတ်မှတ်။

၂၀၂၀ ပြည့်နှစ်

သြဂုတ်လ ၁၀ ရက်

**တရားမအထွေထွေလျှောက်ထားမှု**

**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**

**ဦးမြင့်အောင် နှင့် ဦးမျိုးတင့် တို့ရှေ့တွင်**

**ဦးစံရွှေ ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့**

**(ဂျာမေဗလီဂေါပကအဖွဲ့၏တာဝန်ပေးအပ်ခြင်းခံရသူ )**

**နှင့်**

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၊**

**မင်းလှမြို့***

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက မြေစာရင်းမြေပုံ (မြေစာရင်းပုံစံ-၁၀၅) ရေးကူးခြင်းအား ဆိုင်းငံ့ထားခြင်းသည် ၎င်းဌာန၏ ညွှန်ကြားချက်နှင့် အညီဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း

---

*၂၀၁၉ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂၁၆

၂၀၁၉ခုနှစ်

---

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

ဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေစာရင်း (ပုံစံ-၁၀၆) မြေရာဇဝင်ရေးကူးခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းညွှန်ကြားချက် ထုတ်ပြန်ထားရာ ယင်းညွှန်ကြားချက်အပိုဒ် ၅၊ အပိုဒ်ခွဲ (စ) တွင် "အငြင်းပွားမှုဖြစ်နေသော မြေများအပေါ် လျှောက်ထားမှုများအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ရေးကူးခွင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့်၊ ဖြေရှင်းပြီးစီးကြောင်းအမိန့်၊ ဒီကရီမိတ္တူများ ပူးတွဲတင်ပြစေရမည်ဖြစ်ကြောင်း" ညွှန်ကြားထားသည်။

လျှောက်ထားသူ မြေစာရင်း (ပုံစံ-၁၀၅) မြေပုံရေးကူးလိုသောမြေနှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် ကန့်ကွက် သူ ၁၆ ဦးတို့အကြား အငြင်းပွားမှုပေါ်ပေါက်နေသည်ဖြစ်ရာ မင်းလှမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၁-၂-၂၀၁၉ ရက်စွဲပါ စာဖြင့် "သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅)

ရေးကူးပေးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုကိစ္စ ဖြေရှင်းစဉ်အတွင်း ၁၀၅ မြေပုံ ရေးကူးခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း" လျှောက်ထားသူ ထံအကြောင်းပြန်ကြားခဲ့ခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း အင်းဦးစီးဌာန၏ ၆-၃-၂၀၁၇ ရက်စွဲပါ မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေစာရင်း (ပုံစံ-၁၀၆) မြေရာဇဝင် ရေးကူးခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးကျော်ငြိမ်း၊<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်ယဉ်ယဉ်မွန်၊<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှ မြို့နယ်၊ ကွင်း/ အကွက်အမှတ် (B-1)၊ ဆေးရုံရပ်၊ ဦးပိုင်အမှတ်

၂၀၁၉ ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

(၁၃)၊ ဧရိယာ ၄.၈၉၂ ဧကမြေသည် မင်းလှမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ နည်းလမ်းတကျမှတ်ပုံတင်သွင်းချုပ်ဆိုသော လှူဒါန်းပေးအပ်ခြင်းမှတ်ပုံတင်စာချုပ်အမှတ် ၉၂၃ (၃၀-၄-၁၉၂၆) နှင့် မင်းလှမြို့နယ် ပြည်သူ့တရားစီရင်ရေး၊ ရာဇဝတ်တရားသူကြီးရုံးတော် နာယကနှင့်အဖွဲ့ဝင်များရှေ့မှောက်တွင် ပြုလုပ်သော ၃၀-၁၀-၁၉၇၈ နေ့စွဲပါ ကျမ်းကျိန်ကတိသစ္စာပြုလွှာ၊ မင်းလှမြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် ၉၀/၇၈ တို့ကို အထောက်အထားပြုလျက် မြေစာရင်းဌာန၊ မြေယာမှတ်တမ်းတွင်(သာသနာ့မြေ) အဖြစ် မှတ်တမ်းတင်ထားကြောင်း၊ လျှောက်ထားသူဦးစံရွှေ၏ ၂၉-၇-၁၉၉၉ နေ့စွဲဖြင့် လျှောက်ထားချက်အရ မင်းလှမြို့နယ်၊ မြေစာရင်းဦးစီးဌာနမှ ထုတ်ပေးသည့်မြေစာရင်း (ပုံစံ-၁၀၅) မြေပုံလည်းရရှိထားကြောင်း၊ အဆိုပါသာသနာ့မြေပေါ်တွင် အများပြည်သူသောက်သုံးအသုံးပြုနိုင်ရန် ရေကန်ကြီး ၂ ကန် ပြုလုပ်ထားရှိကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနက ၁၃-၈-၂၀၁၂ ရက်စွဲနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ၂၈-၆-၂၀၁၈ ရက်စွဲတို့ဖြင့် သာသနာ့မြေဖြစ်

| ကြောင်း ထောက်ခံချက်များပေးခဲ့ကြောင်း၊ ထိုမြေပေါ်ရှိ ရေကန်ဘောင်ပေါ်တွင် ရာဇဝတ်မှုခင်းများဖြစ်ပေါ်နေ၍ ဗလီဂေါပကအဖွဲ့မှ အုတ်တံတိုင်းကာရံခြင်းပြုလုပ်ရန် ဆုံးဖြတ်ခဲ့ပြီး သက်ဆိုင်ရာသို့ ခွင့်ပြုချက်တောင်းခံရန်အတွက် လိုအပ်သော မြေစာရင်း (ပုံစံ-၁၀၅) ကို သက်ဆိုင်ရာသို့ လျှောက်ထားခဲ့ရာ လများစွာ ကြာမြင့်သည့်တိုင် မရရှိသဖြင့် မင်းလှမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားသူ ဦးစံရွှေက ၁၇-၁၂-၂၀၁၈ ရက်စွဲဖြင့် လျှောက်ထားခဲ့ကြောင်း၊ လျှောက်ထားမှုအပေါ် မင်းလှမြို့နေ ဦးခင်မောင်ဆွေပါ- ၁၆ ဦးမှ ကန့်ကွက်ကြောင်း တင်ပြလာသဖြင့် လျှောက်ထားသူနှင့် ကန့်ကွက်သူတို့အနေဖြင့် သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင်မှု အရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူး ပေးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် ပိုင်ဆိုင်မှုကိစ္စဖြေရှင်းနေစဉ်အတွင်း ၁၀၅ မြေပုံရေးကူးပေး ခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ ၁၁-၂-၂၀၁၉ ရက်စွဲပါ စာဖြင့် အကြောင်းပြန်ကြားခဲ့ကြောင်း၊ လျှောက်ထားသူသည် | ၂၀၁၉ခုနှစ် |
|---|---|
| | ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့ |

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

အဆိုပါမြေနှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းများ၊ မြေစာရင်း (ပုံစံ-၁၀၅) အဟောင်းများ၊ သက်ဆိုင်ရာ သာသနာရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များ ပူးတွဲတင်ပြ လျှောက်ထားသော်လည်း မြေစာရင်း (ပုံစံ -၁၀၅) ရေးကူးပေးခြင်းအား ဆိုင်းငံ့ထားမည်ဟု ငြင်းပယ်ခဲ့ခြင်းသည် လျှောက်ထားခံရသူအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားကို ဆောင်ရွက်ရန် ပျက်ကွက်ရာရောက်သဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် ဦးစံရွှေက လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူဦးစံရွှေ (ဗလီအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ) အား အချင်းဖြစ်မြေကွက် ဦးပိုင်အမှတ် (၁၃)၊ ဧရိယာ ၄.၈၉၂ ဧက၏ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း မင်းလှမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက၊ အကြောင်းပြန်ကြားခြင်းသည် မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေနှင့် ၎င်းဌာန၏ အမိန့်ညွှန်ကြားချက်တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း ရှိ မရှိ စိစစ်ရန် ကနဦး

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားခံရသူ၏ ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတို့တွင် လျှောက်ထားသူဦးစံရွှေသည် ၂၇-၆-၂၀၁၈ ရက်နေ့တွင် အချင်းဖြစ်မြေနှင့်စပ်လျဉ်း၍ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးလိုကြောင်းတင်ပြခဲ့ရာ မြေစာရင်း (ပုံစံ-၁၀၃) ဖြင့် လျှောက်ထားရန်နှင့် ပိုင်ဆိုင်မှုအထောက်အထားများ ပူးတွဲတင်ပြရန် လမ်းညွှန်ခဲ့ကြောင်း၊ ဦးစံရွှေသည် မြေစာရင်း (ပုံစံ-၁၀၃) အား ဖြည့်စွက်ပြီး အထောက်အထားများ တင်ပြခြင်းမရှိသဖြင့် တောင်းခံခဲ့ရာ ၁၅-၁၀-၂၀၁၈ နေ့တွင် မြေစာရင်း (ပုံစံ-၁၀၃) နှင့် အထောက်အထားထောက်ခံချက်များ တင်ပြလာသဖြင့် သက်ဆိုင်ရာလက်ထောက်ဦးစီးမှူးနှင့် မြေတိုင်းစာရေးတို့အား စိစစ်တင်ပြစေခဲ့ရာ ၁၈-၁၁-၂၀၁၈ ရက်နေ့တွင် မြေပြင်၌ ဗလီကျောင်းနှင့် ရေကန် ၂ ခုရှိကြောင်း၊ မြေပုံပေါ်အတိုင်းအတာနှင့် မြေပြင်အတိုင်းအတာ ကွာဟနေသဖြင့် မြေပုံနှင့်မြေပြင်ကွဲလွဲနေကြောင်း၊ ပိုင်ဆိုင်မှုဂရန်၊ အငှားဂရန်၊ အခွန်လွတ်သာသနာမြေ တစ်စုံတစ်ခုရရှိထားသည့် အထောက်အထားများ တင်ပြမှုမရှိကြောင်း၊ မြို့မိမြို့ဖ ၁၆ ဦးမှ ကန့်ကွက်

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

စာတင်သွင်းထားကြောင်း စိစစ်တင်ပြခဲ့ကြောင်း၊ အဆိုပါ စိစစ်တင်ပြချက်အရ ရေးကူးပေးခြင်းမပြုရန် အမိန့်ချမှတ်ခဲ့ပြီး သက်ဆိုင်ရာ ကာယကံရှင်အား ခေါ်ယူရှင်းလင်းရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ဦးစံရွှေမှ ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးရန် ထပ်မံတင်ပြတောင်းခံခဲ့ကြောင်း၊ ကန့်ကွက်သူ ၁၆ ဦးမှလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်သဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်တင်ပြရန် ၃၀-၁-၂၀၁၉ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့သဖြင့် ၁၁-၂-၂၀၁၉ ရက်စွဲပါစာဖြင့် စိစစ်ပြန်ကြားခဲ့ပြီး၊ ထိုနေ့မှာပင် လျှောက်ထားသူဦးစံရွှေထံသို့ မြေစာရင်း (ပုံစံ-၁၀၅ ) ရေးကူးပေးခြင်းအား ဆိုင်းငံ့ထားမည်ဟု ပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ပြန်ကြားခဲ့ခြင်းမှာ ၎င်းဌာန၏ ဦးပိုင်မှတ်ပုံစာရင်း ၊ စာရင်းစာအုပ် ၁-က တွင် ပိုင်ဆိုင်ခွင့်(သာ) ဟု ဖော်ပြထားသော်လည်း အခွန်တော်စည်းကြပ်ခံရသူအမည်တွင် ရေကန်ဟု ဖော်ပြထားသဖြင့် လျှောက်ထားသူဦးစံရွှေအမည် (သို့မဟုတ်) ဗလီကျောင်းအမည်ဖြင့် မှတ်သားထားခြင်းမရှိသဖြင့် လျှောက်ထားသူ ဦးစံရွှေသည် အခွန်တော်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

စည်းကြပ်ခံရသူမဟုတ်ခြင်း၊ ၁-က စာရင်းတွင် အမည်ပေါက်သူ မဟုတ်ခြင်းကြောင့် မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၈၊ ၄၀၀ နှင့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ၃-၃-၁၉၉၄ ရက်စွဲပါ အမြဲအမိန့်အမှတ် ၁/၉၄၊ အပိုဒ် (ခ)၊ အပိုဒ်ခွဲ (၅) တို့နှင့်ညီညွတ်ခြင်းမရှိသဖြင့် ဦးစံရွှေ၏ လျှောက်ထားမှုကို ငြင်းပယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ လျှောက်ထားသူတင်ပြသည့် ၂၉-၄-၁၉၉၇ ရက်စွဲဖြင့် မြေစာရင်း(ပုံစံ-၁၀၅) တွင် လက်ထောက်ဦးစီးမှူး(အမှုတွဲ)၊ လက်ထောက်ဦးစီးမှူး (မြေစာရင်း)၊ မြေတိုင်းစာရေးတို့ လက်မှတ်ရေးထိုးထားသော်လည်း မြို့နယ်ဦးစီးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ အာဏာပေးစာချွန်တော် အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားမှုအား ခွင့်မပြုသင့်ကြောင်း ဖော်ပြထားသည်။

လျှောက်ထားသူက လျှောက်ထားခံရသူ၏ ပြန်ကြား အစီရင်ခံစာတင်သွင်းမှုအပေါ် ဥပဒေနှင့်ညီညွတ်မျှတသော လုံလောက်သော အကြောင်းယုတ္တိမရှိသည့်အချက်အရ လက်ခံ စဉ်းစားပေးခြင်း မပြုထိုက်ပါကြောင်း ချေပကျမ်းကျိန်လွှာ တင်ပြထားသည်။

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

လျှောက်ထားခံရသူအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်ထားသူတင်ပြသည့် ၂၉- ၇-၉၉ ရက်စွဲပါ မြေစာရင်း (ပုံစံ-၁၀၅) ၌ လက်ထောက်ဦးစီးမှူး (အမှုတွဲ)၊ လက်ထောက်ဦးစီးမှူး (မြေစာရင်း) နှင့် မြေတိုင်းစာရေးတို့ လက်မှတ်ရေးထိုးထားသော်လည်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အမြဲအမိန့်အမှတ် ၁/၉၄ အရ မြို့နယ်ဦးစီးမှူးက ထပ်ဆင့်စစ်ဆေးအတည်ပြုလက်မှတ်နှင့် လျှောက်ထားသူသို့ ပေးအပ်သည့်နေ့စွဲမပါရှိကြောင်း၊ ထိုမြေစာရင်း (ပုံစံ-၁၀၅) တွင် အခွန်စည်းကြပ်ခံရသူပိုင်ရှင်အမည်၊ ဂရန်ရှင်၊ အငှားဂရန်ရှင်နေရာတွင် ဗလီကျောင်းဟု ဖော်ပြထားသော်လည်း မြေစာရင်းဌာန၏ ၁၉၅၆-၅၇ မှတ်ပုံတင်စာရင်း ၁-က တွင် "ရေကန်" ဟုဖော်ပြထားပြီး ပိုင်ဆိုင်ခွင့်နေရာတွင် “သာ” ဟု ဖော်ပြထား၍ ကွဲလွဲမှုရှိနေသဖြင့် မြေစာရင်းလက်စွဲ ညွှန်ကြားချက်တို့နှင့်အညီ ထုတ်ပေးထားသော မြေစာရင်း ပုံစံမဟုတ်ဟု သုံးသပ်ရရှိပါကြောင်း၊ လျှောက်ထားသူ (ဗလီအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ) ကို မြေစာရင်းဌာန၊ မှတ်ပုံတင်စာရင်း ၁-က၊ မှတ်ပုံတင်စာရင်း ၂ တို့တွင် ဖော်ပြထားခြင်းမရှိသဖြင့်

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

လျှောက်ထားသူက မြေစာရင်း(ပုံစံ-၁၀၅) လျှောက်ထားခြင်းမှာ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ၊ အပိုဒ် ၃၉၈၊ ၄၀၀ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိကြောင်း၊ လျှောက်ထားသူ၏ မြေစာရင်း (ပုံစံ-၁၀၅ ) ရေးကူးခွင့်လျှောက်ထားမှုအပေါ် ဦးခင်မောင်ဆွေပါ -၁၆ ဦးက ကန့်ကွက်ထားသဖြင့် သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုဖြေရှင်းနေစဉ်အတွင်း မြေပုံရေးကူးပေးခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ပြန်ကြားခြင်းမှာ မြေစာရင်းပုံစံရေးကူးခွင့်မပြုခြင်းမဟုတ်သည့်အပြင် ယင်းသို့အကြောင်းပြန်ကြားခြင်းသည် မြေစာရင်းလက်စွဲ၊ ညွှန်ကြားချက်တို့နှင့်အညီ လိုက်နာရန်ပျက်ကွက်မှုမရှိသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုကိုပယ်သည့် အမိန့်တစ်ရပ်ချမှတ်ပေးပါရန် လျှောက်ထားသည် ။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူ၏ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးခွင့်အပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနက

| ၂၀၁၉ခုနှစ် | |
| --- | --- |
| ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့ | ၁၁-၂-၂၀၁၉ နေ့စွဲပါစာဖြင့် ပြန်ကြားရာတွင် ကန့်ကွက်သည့် ဦးခင်မောင်ဆွေပါ-၁၆ ဦးဆိုသူတို့သည် အဆိုပါ ရေကန်နှင့် မည်သို့စပ်ဆိုင်၊ ပိုင်ဆိုင်ကြောင်း အဆိုပြုခြင်း၊ ဗလီဂေါပက အဖွဲ့မပိုင်ပါဟု အတိအလင်းငြင်းဆိုခြင်း မပါရှိသဖြင့် ပိုင်ရေး ပိုင်ခွင့်အငြင်းပွားမှု မပေါ်ပေါက်သောကြောင့် "တရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ" ဟု ပြန်ကြားခြင်းမှာ မြေစာရင်းလက်စွဲ၊ ဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ဆောင်ရွက်ပေးရမည့်အစား ပိုင်ဆိုင်မှုအငြင်းပွားသည့်သဖွယ် တရားရုံးတွင် တရားရင်ဆိုင်ကြရန် လမ်းညွှန်သည့်သဘော သက်ရောက်ပါကြောင်း၊ လျှောက်ထားခံရသူ၏ ပြန်ကြား အစီရင်ခံစာတွင် လျှောက်ထားသူဦးစံရွှေသည် မြေစာရင်း လက်စွဲဥပဒေအပိုဒ် ၃၉၈၊ ၄၀၀ တို့တွင် ပြဋ္ဌာန်းထားသည့် ၁-က တွင် မှတ်သားသူမဟုတ်သဖြင့် မြေစာရင်း (ပုံစံ-၁၀၅) ရေးကူး ပေးရန် ငြင်းပယ်ခဲ့ကြောင်း ပြန်ကြားတင်ပြထားသော်လည်း လျှောက်ထားသူထံ ပေးပို့သည့်စာတွင် ထိုအကြောင်းပြချက် ဖြင့် ငြင်းပယ်ခဲ့ခြင်း မပါရှိဘဲ တရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ် အရှင်းကို ရှင်းရန်ဟူသော အကြောင်းပြချက်ဖြင့် ငြင်းပယ်ခြင်း |

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

ဖြစ်၍ မြေစာရင်းလက်စွဲဥပဒေအရ အပ်နှင်းထားခြင်း မရှိသော အကြောင်းပြချက်ဖြစ်သောကြောင့် ပယ်ဖျက်ပေး ထိုက်ပါကြောင်း၊ မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၈ ပြဋ္ဌာန်း ချက်သည် အမည်ပေါက်သူအတွက်သာ ကန့်သတ်ထားခြင်း မဟုတ်ပါကြောင်း၊ အချင်းဖြစ်မြေတွင် ဗလီတည်ရှိကြောင်း အငြင်းမပွားဘဲ လျှောက်ထားမြေ၏ ၁-က စာရင်းမှတ်တမ်းတွင် “ရေကံ" ဟု ဖော်ပြထားသဖြင့် ရေကံသည် အများပြည်သူ ပိုင်ဆိုင်ခြင်းဖြစ်၍ဟူသော ပြန်ကြားအစီရင်ခံစာပါ ဖော်ပြချက် မှာ အပ်နှင်းထားသော အခွင့်အာဏာများထက် ကျော်လွန်ခြင်း ဖြစ်ပါကြောင်း၊ ဦးစံရွှေသည် တစ်နည်းနည်းသက်ဆိုင်သူဖြစ် ကြောင်း တရားဝင်အထောက်အထားဖြင့် လျှောက်ထားခြင်း ဖြစ်သည်ကို မြေစာရင်းလက်စွဲဥပဒေ၊ အမိန့်ကြော်ငြာစာများနှင့် အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းဖြစ်သဖြင့် အာဏာပေး စာချွန်တော်အမိန့် ထုတ်ဆင့်ပေးထိုက်ပါကြောင်း **နမ္မတူ အလုပ်သမားသမဂ္ဂအမှု**[၁] ကို ရည်ညွှန်း၍ လျှောက်ထားသည်။

လျှောက်ထားသူက မြေစာရင်း (ပုံစံ-၁၀၅) ရေးကူး

---

၁။ ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၇၆

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

ခွင့်ပြုရန် လျှောက်ထားသောမြေမှာ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ကွင်း/အကွက်အမှတ် (B-1)၊ ဆေးရုံရပ်၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ ၄.၈၉၂ ကေမြေဖြစ်သည်။

လျှောက်ထားသူသည် အဆိုပါမြေ၏ မြေစာရင်း (ပုံစံ-၁၀၅) မြေပုံရေးကူးခွင့်ပြုရန် မင်းလှမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ မြေစာရင်း (ပုံစံ-၁၀၃) လျှောက်လွှာဖြင့် ၂၇-၆-၂၀၁၈ နေ့တွင် လျှောက်ထားခဲ့ရာ ရရှိခြင်းမရှိသဖြင့် ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် ထပ်မံတင်ပြတောင်းခံခဲ့ကြောင်း လျှောက်ထားသူ၏ လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြသည့် ၁၇-၁၂-၂၀၁၈ ရက်စွဲပါ တင်ပြစာအရ တွေ့ရှိရသည်။

မင်းလှမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဦးစီးမှူးက လျှောက်ထားသူသည် ၂၇-၆-၂၀၁၈ ရက်စွဲဖြင့် လျှောက်ထားရာတွင် မြေစာရင်း (ပုံစံ-၁၀၃) ဖြင့် လျှောက်ထားရန်နှင့် ပိုင်ဆိုင်မှုအထောက်အထားများ တင်ပြရန်

| ၂၀၁၉ခုနှစ် | |
|---|---|
| ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့ | လမ်းညွှန်ခဲ့ကြောင်း၊ ပုံစံ-၁၀၃ ဖြည့်စွက်ပြီး အထောက်အထား များတင်ပြခြင်းမရှိသဖြင့် တောင်းခံခဲ့ရာ အထောက်အထားများ ကို ၁၅-၁၀-၂၀၁၈ နေ့တွင်မှတင်ပြလာသဖြင့် သက်ဆိုင်ရာ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်းစာရေးတို့အား စိစစ်တင်ပြ စေခဲ့ရာ မြေပြင်၌ ဗလီကျောင်းနှင့် ရေကန် ၂ ခုရှိပြီး မြေပုံပေါ် အတိုင်းအတာနှင့် မြေပြင်အတိုင်းအတာ ကွဲလွဲနေကြောင်း၊ ပိုင်ဆိုင်မှုဂရန်၊ အငှားဂရန်၊ အခွန်လွတ်သာသနာမြေစသည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြမှုမရှိကြောင်း၊ မြို့မိမြို့ဖ ၁၆ ဦးမှ ကန့်ကွက်ထားကြောင်း စိစစ်တင်ပြခဲ့မှုအရ ရေးကူး ပေးခြင်းမပြုရန် အမိန့်ချမှတ်ခဲ့ပြီး ကာယကံရှင်အား ခေါ်ယူ ရှင်းလင်းရန် အမိန့်ချမှတ်ခဲ့ကြောင်း၊ ဦးစံရွှေမှ ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် ထပ်မံတင်ပြတောင်းခံခဲ့ရာ ကန့်ကွက်သူ ၁၆ ဦးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်သဖြင့် စိစစ်တင်ပြရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၃၀-၁-၂၀၁၉ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့မှုအပေါ် ၁၁-၂-၂၀၁၉ ရက်စွဲပါစာဖြင့် စိစစ်ပြန်ကြားခဲ့ပြီး လျှောက်ထားသူ ဦးစံရွှေထံ သို့လည်း ၁၁-၂-၂၀၁၉ ရက်စွဲဖြင့် အကြောင်းပြန်ကြား |

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

ခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားခံရသူ၏ ပြန်ကြားအစီရင်ခံစာ၊ ကျမ်းကျိန်လွှာနှင့် ပူးတွဲတင်ပြထားသည့် စာရွက်စာတမ်းများအရ တွေ့ရှိရသည် ။

လျှောက်ထားသူထံ အကြောင်းပြန်ကြားသည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၁-၂-၂၀၁၉ ရက်စွဲပါပြန်ကြားစာတွင် လျှောက်ထားမှုအပေါ် မင်းလှမြို့နေ ဦးခင်မောင်ဆွေပါ- ၁၆ ဦးမှ ဂျာမေဗလီအကျိုးဆောင်အဖွဲ့မှ ပိုင်ဆိုင်သည်ဟုဆိုသော်ငြား ရှင်းလင်းပြတ်သားသည့် အထောက်အထားမရှိခြင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်မှ ယနေ့အထိ အနီးပတ်ဝန်းကျင်ရှိ လူပုဂ္ဂိုလ်များမှ သောက်သုံးရေအဖြစ် အသုံးပြုနေကြခြင်း၊ တစ်မြို့လုံး သောက်သုံးရေအဖြစ် အသုံးပြုရန်လိုအပ်သော သဘာဝရေကန်ကြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုအထောက်အထားမရှင်းလင်းသည့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုမှ ပိုင်ဆိုင်သည်ဟုဆိုကာ အုတ်တံတိုင်းကာရံနိုင်ရေးစီစဉ်နေမှုအပေါ် ကန့်ကွက်ကြောင်း တင်ပြလာသဖြင့် သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်းရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးခြင်း

လုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုကိစ္စ ဖြေရှင်းစဉ်အတွင်း ၁၀၅ မြေပုံရေးကူးပေးခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ပြန်ကြားထားသည်။

အဆိုပါပြန်ကြားစာတွင် လျှောက်ထားသူ၏မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးခွင့်တင်ပြလာခြင်းအပေါ် မင်းလှမြို့နေ ဦးခင်မောင်ဆွေပါ- ၁၆ ဦးမှ ကန့်ကွက်ထားသဖြင့် သက်ဆိုင်ရာ တရားရုံးတွင် ပိုင်ဆိုင်မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးပေးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ပိုင်ဆိုင်မှုကိစ္စဖြေရှင်းစဉ်အတွင်း ၁၀၅ မြေပုံရေးကူးပေးခြင်းအား ဆိုင်းငံ့ထားမည်ဟု ပြန်ကြားထားသည်ကို တွေ့ရှိရပြီး မြေစာရင်း (ပုံစံ-၁၀၅) ကူးယူခွင့်မပြုကြောင်း၊ ကူးယူခွင့်ကို ငြင်းပယ်ကြောင်း ဖော်ပြပါရှိခြင်းမရှိပေ။

လျှောက်ထားသူအား ယင်းသို့ပြန်ကြားခဲ့ခြင်းမှာ လျှောက်ထားခံရသူမှ ပြန်ကြားအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြထားသည့် သာယာဝတီစီရင်စုနယ် မင်းလှအုပ်စု၏ ၁၉၅၆ - ၁၉၅၇ ဦးပိုင်မှတ်ပုံစာရင်း၊ စာရင်းစာအုပ် ၁-က တွင်

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊
ဗလီအကျိုးဆောင်အဖွဲ့
(ဂျာမေဗလီဂေါပက
အဖွဲ့၏ တာဝန်
ပေးအပ်ခြင်းခံရသူ)
နှင့်
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာ
မြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန၊
မင်းလှမြို့

ပိုင်ဆိုင်ခွင့်စာတိုင်၌ "သာ" ဟု ဖော်ပြထားသော်လည်း အခွန်တော်စည်းကြပ်ခံရသူအမည်စာတိုင်၌ "ရေကံ" ဟု ဖော်ပြထားသဖြင့် လျှောက်ထားသူဦးစံရွှေသည် အခွန်တော်စည်းကြပ်ခံရသူမဟုတ်ခြင်း၊ ၁-က စာရင်းတွင် အမည်ပေါက်သူမဟုတ်ခြင်းတို့ကြောင့် မြေစာရင်းလက်စွဲဥပဒေအပိုဒ် ၃၉၈၊ ၄၀၀ နှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ အမြဲအမိန့်အမှတ် ၁/၉၄၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ (၅) တို့နှင့် ညီညွတ်ခြင်းမရှိသဖြင့် လျှောက်ထားမှုကို ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားခံရသူ၏ ပြန်ကြားအစီရင်ခံစာတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေအခန်း ၉ တွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၌ ထိန်းသိမ်းထားရှိသည့် မှတ်ပုံတင်စာရင်းနှင့် မြေပုံများမှ မိတ္တူ သို့မဟုတ် ကောက်နုတ်ချက်များ ရေးကူးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားရာ အဆိုပါ အခန်း ၉၊ အပိုဒ် ၃၉၈ တွင် "ဦးပိုင် တစ်ခုခုနှင့်စပ်လျဉ်း၍ ၁-က မှတ်ပုံစာရင်းတွင် အမည်ပါရှိသူကဖြစ်စေ၊ မှတ်ပုံစာရင်း ၂ တွင် အခွန်စည်းကြပ်ခံရသူအဖြစ် ဖော်ပြထားသူကဖြစ်စေ စာရင်း မြေပုံရေးကူးပေးရန်နှင့် စာရင်းကောက်နုတ်ချက်များ ရေးကူး

ပေးရန် မှတ်တမ်းထိန်းအမှုထမ်းထံ တောင်းဆိုသောအခါ အဆိုပါဦးပိုင်အတွက် သတ်မှတ်သည့်ရေးကူးခများ ရယူပြီး စာရင်းမြေပုံများတွင် ရုံးခွန်တံဆိပ်ခေါင်းများ မကပ်ဘဲ မှန်ကန်ကြောင်း သက်သေခံသည့်မြေပုံမိတ္တူနှင့် ကောက်နုတ်ချက်များ ရေးကူးပေးနိုင်သည်ဟု” ပြဋ္ဌာန်းထားသည်။

အဆိုပါဥပဒေအပိုဒ် ၄၀၀ တွင်လည်း "ဦးပိုင်တစ်ခုခုနှင့်စပ်လျဉ်း၍ မှတ်ပုံစာရင်း ၁-က တွင် အမည်ပါရှိသူ သို့မဟုတ် မှတ်ပုံစာရင်း ၂ တွင် အခွန်စည်းကြပ်ခံရသူအဖြစ် ဖော်ပြထားသူသည် အဆိုပါဦးပိုင်နှင့် သက်ဆိုင်သည့် မှန်ကန်ကြောင်း သက်သေမခံသော မြေပုံမိတ္တူကိုသော်လည်းကောင်း၊ မှန်ကန်ကြောင်း သက်သေခံသော အဆိုပါဦးပိုင်နှင့် သက်ဆိုင်သည့် မှတ်ပုံစာရင်းကောက်နုတ်ချက်ကိုသော်လည်းကောင်း ရေးကူးရယူလိုလျှင် အထူးရေးကူးခအနေဖြင့် တစ်ဦးပိုင်ကို ၅၀ ပြားနှုန်းဖြင့်ပေးဆောင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။

အဆိုပါပြဋ္ဌာန်းချက်များအရ ၁-က မှတ်ပုံစာရင်းတွင် အမည်ပါရှိသူ၊ မှတ်ပုံစာရင်း ၂ တွင် အခွန်စည်းကြပ်ခံရသူအဖြစ် ဖော်ပြထားသူတို့သာလျှင် မြေစာရင်း(ပုံစံ-၁၀၅) မြေပုံမိတ္တူ

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

ရေးကူးပေးရန် လျှောက်ထားခွင့်ရှိကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ မြေစာရင်းမြေပုံမိတ္တူ ရေးကူးရယူလိုသော မြေကွက်သည် မင်းလှမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရှိ ဦးပိုင်မှတ်ပုံစာရင်း၊ စာရင်းစာအုပ် ၁-က တွင် လျှောက်ထားသူအမည်ပါရှိကြောင်း၊ မှတ်ပုံစာရင်း-၂ တွင် လျှောက်ထားသူအမည်ဖြင့် အခွန်စည်းကြပ်ခံရသူအဖြစ် ဖော်ပြထားကြောင်း မပေါ်ပေါက်ပေ။

လျှောက်ထားသူက မြေစာရင်း (ပုံစံ-၁၀၅) မြေပုံမိတ္တူ ရေးကူးခွင့်ပြုရန် လျှောက်ထားရာတွင် အဆိုပါမြေ၏ ၂၉-၇-၁၉၉၉ နေ့စွဲပါ မြေစာရင်း (ပုံစံ-၁၀၅) ခါတ်ပုံမိတ္တူကို ပူးတွဲတင်ပြလျှောက်ထားခဲ့ကြောင်း လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတွင် ဖော်ပြထားပြီး ထိုမြေစာရင်း (ပုံစံ -၁၀၅ ) မိတ္တူကို ပူးတွဲတင်ပြထားသည်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၃-၃-၁၉၉၄ ရက်စွဲပါအမြဲအမိန့်အမှတ်၁/ ၉၄၊ မြေစာရင်းမြေပုံနှင့်မှတ်တမ်းများ မိတ္တူရေးကူးခြင်းနည်းလမ်းညွှန်ကြားချက်အပိုဒ်(၈)၊ အပိုဒ်ခွဲ(၅) နှင့် (၆) တို့တွင် လမ်းညွှန်

ထားချက်အရ မြေစာရင်း (ပုံစံ-၁၀၅) မြေပုံရေးကူးပေးရာတွင် မှန်ကန်စွာ ရေးကူးပေးကြောင်း မြေတိုင်းစာရေးကလည်းကောင်း၊ မြေတိုင်းစာရေး၏ ရေးကူးချက်များကို စာရင်းမြေပုံများဖြင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ကြောင်း လက်ထောက်ဦးစီးမှူး ကလည်းကောင်း၊ လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး မြို့နယ် မြေစာရင်းဦးစီးဌာနမှူးက ထပ်ဆင့်စစ်ဆေး အတည်ပြုရမည် ဖြစ်သည်။

လျှောက်ထားသူပူးတွဲတင်ပြသည့် မြေစာရင်း(ပုံစံ-၁၀၅) တွင် မင်းလှမြို့နယ်မြေစာရင်းဦးစီးဌာန၊ လက်ထောက်ဦးစီးမှူး ၂ ဦးနှင့် မြေတိုင်းစာရေးတို့ လက်မှတ်ရေးထိုးထားသော်လည်း မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဦးစီးမှူး (မြေစာရင်း)ဟု တံဆိပ် တုံး နှိပ်ထားကာ ဦးစီးမှူး (မြေစာရင်း) က အတည်ပြုလက်မှတ် ရေးထိုးထားခြင်းမရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၆-၃ -၂၀၁၇ ရက်စွဲပါ စာအမှတ် ၁၈၆၃/ မပ (စီမံ) ၁၆(၁၇) ဖြင့် မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေ

၂၀၁၉ခုနှစ်

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

စာရင်း (ပုံစံ -၁၀၆) မြေရာဇဝင်ရေးကူးခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းညွှန်ကြားချက် ထုတ်ပြန်ထားရာ ယင်းညွှန်ကြားချက်အပိုဒ် ၅၊ အပိုဒ်ခွဲ (စ) တွင် "အငြင်းပွားမှုဖြစ်နေသော မြေများအပေါ် လျှောက်ထားမှုများအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပြီးမှသာ ရေးကူးခွင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သဖြင့် ဖြေရှင်းပြီးစီးကြောင်း အမိန့်၊ ဒီကရီမိတ္တူများ ပူးတွဲတင်ပြစေရမည်" ဖြစ်ကြောင်း ညွှန်ကြားထားသည်။

လျှောက်ထားသူ၏ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မင်းလှမြို့မှ မြို့မိမြို့ဖများဟု ဖော်ပြကာ ဦးခင်မောင်ဆွေပါ ၁၆ ဦးက ၁၄-၁၁-၂၀၁၈ ရက်စွဲပါ စာဖြင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးထံသို့လည်းကောင်း၊ ၁၆-၁-၂၀၁၉ ရက်စွဲပါ စာဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း ကန့်ကွက်စာများ ပေးပို့ထားကြောင်း လျှောက်ထားခံရသူ၏ ပြန်ကြားအစီရင်ခံစာနှင့် ပူးတွဲတင်ပြ

ဦးစံရွှေ၊ ဥက္ကဋ္ဌ၊ ဗလီအကျိုးဆောင်အဖွဲ့ (ဂျာမေဗလီဂေါပက အဖွဲ့၏ တာဝန် ပေးအပ်ခြင်းခံရသူ) နှင့် မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မင်းလှမြို့

သည့် စာရွက်စာတမ်းများအရ တွေ့ရှိရသည်။

လျှောက်ထားသူ မြေစာရင်းပုံစံ ၁၀၅ မြေပုံရေးကူးလို သော မြေနှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် ကန့်ကွက်သူ ၁၆ ဦး တို့အကြား အငြင်းပွားမှုပေါ်ပေါက်နေသည်ဖြစ်ရာ မင်းလှ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ၁၁-၂-၂၀၁၉ ရက်စွဲပါစာဖြင့် "သက်ဆိုင်ရာတရားရုံးတွင် ပိုင်ဆိုင် မှုအရှုပ်အရှင်း ရှင်းလင်းပြီးမှသာ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူး ပေးခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နှင့် ပိုင်ဆိုင်မှုကိစ္စ ဖြေရှင်းစဉ်အတွင်း ၁၀၅ မြေပုံရေးကူးခြင်း အား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း" လျှောက်ထားသူထံ အကြောင်းပြန်ကြားခဲ့ခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၏ ၆-၃-၂၀၁၇ ရက်စွဲပါ မြေစာရင်း (ပုံစံ-၁၀၅) သက်သေခံမြေပုံရေးကူးခြင်းနှင့် မြေစာရင်း (ပုံစံ-၁၀၆) မြေ ရာဇဝင်ရေးကူးခြင်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရ မည့် နည်းလမ်းညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူ၏ မြေစာရင်း (ပုံစံ-၁၀၅) ရေးကူး

လိုကြောင်း လျှောက်လွှာကို ရေးကူးမပေးနိုင်ဟု ငြင်းပယ်ခြင်း မဟုတ်ဘဲ ပိုင်ဆိုင်မှုကိစ္စ အရှုပ်အရှင်းကို သက်ဆိုင်ရာ တရားရုံးတွင် ဖြေရှင်းဆောင်ရွက်ပြီးမှသာ ရေးကူးပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ထိုသို့ဖြေရှင်းနေစဉ်အတွင်း မြေပုံရေးကူးခြင်းအား ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခြင်းသည် လျှောက်ထားခံရသူ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်၍ အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ရန် အကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ပယ်သည်။

စရိတ်မသတ်မှတ်။